www.burmeseclassic.com

ဦးအောင်ဟိန်းကျော်

ဆရာလွှတ်

# အင်္ဂလိပ်စာရေးနည်း



# English Writing

## DESIGNED FOR SELF-STUDY

**Intermediate**

VOLUME-2

www.burmeseclassic.com

www.burmeseclassic.com

*U Aung Hein Kyaw*

---

**ကျေးဇူးတင်လွှာ...** 

အင်္ဂလိပ်စာလေ့လာလိုက်စားနေကြသူများအတွက်. . . Four skills မှာ ခက်ခဲပြီး ကွက်လပ်တစ်ခုဖြစ်နေတဲ့ writting skill ကွက်လပ်ကို ဖြည့်ပေးချင်တဲ့ ဆန္ဒနဲ့. . . မအားလပ်တဲ့ကြားက . . . ဆရာလွတ်အင်္ဂလိပ်စာရေးနည်း အမှတ်(၁)ကိုရေးသား ထုတ်ဝေပေးလိုက်ဝေပေးလိုက်တဲ့အခါ. . . ထက်ထက်ကယ်သိရောက်ပြီး အတတ်မြန်ကြောင်း. . . တချို့ ဆရာများလည်းလက်ကိုင်စာအုပ်အဖြစ် အသုံးပြုကြောင်း ကြားသိရတဲ့အပြင်. . နောက်ထပ် စာရေးနည်းအမှတ်(၂) ကိုလည်း အမြန်ဆုံးရေးသားထုတ်ဝေ ပေးစေလိုကြောင်း. . . စာဖြင့်ရေးသားပေးပို့ကြတဲ့အတွက် အဲဒီ ပီတိက. . အနှိုင်း မရှိ. . .၊

လေ့လာရာမှာ မျက်ခြေမပြတ်စေရန်အတွက်. . အမှတ်(၁)ရဲ့ နောက်ဆုံးအခန်းမှာ အစပျိုးပေးလိုက်တဲ့ modifiers အကြောင်းကို ခု. . အမှတ်(၂) ရဲ့ အစပိုင်းမှာ. . . analysis လုပ်ပေးထားပါတယ်။ အမှတ်(၁) ကို ကြေညက်ပြီးမှ အမှတ်(၂)ကို လေ့လာမယ်ဆိုရင် အလွယ်တကူတတ်မြောက်သွားမှာပါ။

Intermediate level ဖြစ်တဲ့အတွက်. . . သင်ယူသူသာမက သင်ကြားပေးနေသူများအတွက်အတွက်ပါ အရှိန် မြင်းပြင်းနှင့်အိရောက်မှာဖြစ်ကြောင်း သတင်းကောင်းပါးရင်း. . .

အောင်ဟိန်းကျော် (Learners)
(၃၁.၈.၂၀၀၃)






www.burmeseclassic.com

www.burmeseclassic.com



## U Aung Hein Kyaw
*English Classes*

- Speaking
- Phonetics
- Grammar
- Translation





www.burmeseclassic.com

www.burmeseclassic.com

CONTENTS

*Section One*
**Analysis of Modifiers**

| | | | |
|---|---|---|---|
| Introduction | | | page 1 |
| **Unit** | **-1** | **Pharase** | 3 |
| | -1 | Prepositional Phrase | 4 |
| | -2 | Participle Phrase | 7 |
| | -3 | Gerundial Phrase | 10 |
| **Unit** | **-2** | **Clause** | 11 |
| | A. | Adjective Clause | 11 |
| | B. | Adverb Clause | 14 |
| | C. | Noun Clause | 15 |
| **Unit** | **-3** | **Modifiers** | 16 |
| | A. | **Pre-Noun Modifers** | 18 |
| | 1. | Determiners | 18 |
| | 2. | Adjectives | 21 |
| | 3. | Nouns | 24 |
| | B. | **Post-Noun Modifers** | 28 |
| | (a) | Phrase | 28 |
| | | *( adjective phrase / infinitive phrase / participle phrase)* | |
| | (b) | Clause | |
| | (c) | Nouns-in-apposition | 36 |
| **Unit** | **-4** | **Double-position** | 36 |
| | | *(pre-modifiers / post-modifers)* | |
| **Unit** | **-5** | **Adjective Modifiers** | 40 |
| | 1. | Adjective | 40 |
| | 2. | Adverb | 41 |
| | 3. | Qualifier or Intensifier | 41 |



www.burmeseclassic.com

www.burmeseclassic.com




| | | | |
|---|---|---|---|
| **Unit** | **-6** | **Verb Modifiers (Adverb)** | 42 |
| | 1. | Adverb of Frequency | 42 |
| | | (a. Single b. Phrase) | |
| | 2. | Ly- ended Adverb | 46 |
| | 3. | Adverb of Degree | 48 |
| | 4. | Adverb of D,M,P,T,R | 50 |
| **Unit** | **-7** | **Muiti-Modifer** | 53 |

*Section Two*

| | | | |
|---|---|---|---|
| **Unit** | **-1** | **Sentences with a verb followed by to (not to )infinitive** | |
| | A. | SV + to (not to) infinitive | 67 |
| | B. | SV + Object (to / not to) inifinitive | |
| **Unit** | **-2** | **Sentences with an object followed by ving or bare infinitive** | |
| | A. | SV + Obj + ving | 74 |
| | B. | SV + Obj + inifinitive | 75 |
| | C. | SV + that + Sv + ......... | 76 |
| **Unit** | **-3** | **Sentence with an object followed by an adjective** | 79 |
| | A. | SV + Obj + adj | 79 |
| | B. | SV + Obj + adj | 81 |
| | C. | SV + Obj + (to be) adj | 84 |
| | D. | Sv + Obj + past participle (adj) | 86 |
| **Unit** | **-4** | **Sentences with Advervial particles** | 89 |
| | A. | SV + adj + adverbial particle | 90 |
| | B. | SV + adverbial particle + noun | 91 |
| **Unit** | **-5** | **Sentences with a verb follwed by a Gerund** | 94 |
| **Unit** | **-6** | **To and for in the sentences with double-objects** | 98 |
| **Unit** | **-7** | **Sentences with a verb followed by an Adjective** | 103 |


www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | *Inchoative Verbs* | 107 |
| Unit -8 | **The use of which with some prepositions** | 110 |
| Unit -9 | **Sentences with front-position participles** | 113 |
| Unit -10 | **The use of something, anything , nothing + Adjective** | 115 |
| | none, a few, few, some, many, lot, all | 118 |
| | happen to , by achance, by accident | 121 |
| | use of the way as a manner | 122 |

***Section Three***

| | | |
|---|---|---|
| | Key to the use of preposition | |
| A. | Preposition after an Adjcctive | 124 |
| B. | Prepositions before and after a Noun | 127 |
| C. | Prepositions after a Verb | 130 |
| D. | Preposition after a Preposition | 131 |

***Section Four***

| | | |
|---|---|---|
| | **Tenses** | 133 |
| 1. | The Present | 134 |
| | (Present simple; ..... continuous ; ...... prefect; ....... perfect continuous) | |
| 2. | The Past | 143 |
| | (Past simple ; ........continuous ; ........ perfect ; ..... perfcet continous) | |
| 3. | The future | 146 |
| | (Future simple ; ...... continuous ; ...... perfect ; ..... perfect continous) | |

***Section Five***

| | | |
|---|---|---|
| | **Practice** | |
| 1. | ဝိုး | 149 |
| 2. | ဝိတ်ချင်းမြောင် | 156 |
| 3. | ရန်ကုန်သို့ ပထမဦးဆုံးခရီး | 161 |
| 4. | မလာပါတယ် | 168 |

***Section Six***

| | | |
|---|---|---|
| | **Translation** | |
| - | နေမှာနွမ်းတဲ့အကြွေပန်း ကောင်နှုတ်ချက် (၁) | 173 |
| - | နေမှာနွမ်းတဲ့အကြွေပန်း ကောက်နှုတ်ချက် (၂) | 178 |
| | နတ်သျှင်နောင်နှင့်ရာဇာဓိရာဇ်ကလျာ ကောက်နှုတ်ချက် | 182 |



www.burmeseclassic.com

www.burmeseclassic.com



စေတနာဖြင့်စိတ်ရှည်လက်ရှည် proof ဖတ်ပေးသည့် ဆရာဦးသိန်းဆွေ (သာကေတ) နှင့် ဆရာဦးမောင်မောင် တို့အားအထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



Modifiers တွေကို analysis မလုပ်ခင် . . . ဒါလေးကိုအရင်ကြည့်လိုက်. . . . .

1. Letter / Alphabet → *a, b, c* ..............
(အက္ခစာလုံး)
↓
2. Word → see
(စကားလုံး)
↓
3. Phrase → to see
(စကားစု)
↓



4. Clause → whom I want to see
(ဝါကျပိုင်း)
↓
5. Sentence → He is the man (whom) I want to see
(ဝါကျ)

***Alphabet*** - a, b, c .... ဆိုတာတွေကို letter / Alphabet (အက္ခရာစာလုံး)လို့ခေါ်တယ်။

***Word*** - အဲဒီ အက္ခရာစာလုံးတွေကို ပေါင်းလိုက်ရင် Word (စကားလုံး) ဖြစ်လာတယ်။

***Phrase*** - အဲဒီစကားလုံးတွေ. . . တစ်လုံးထက်ပိုလာရင် Phrase (စကားစု) လို့ခေါ်တယ်။ (verb တော့မပါဘူး)

***Clause*** - အဲဒီ phrase မှာ Subject နဲ့ Verb ပါလာရင် Clause (ဝါကျပိုင်း / ဝါကျရဲ့ အစိတ်အပိုင်း) လို့ခေါ်တယ်၊ Sub . Verb ပါနေပေမဲ့ အဓိပ္ပါယ်ပြည့်စုံမှုရှိချင်မှရှိမယ်။

ဥပမာ—

whom I want to see. (ငါတွေ့ချင်တဲ့လူ) ဆိုတာ. . . Subနဲ့ Verb ပါပေမဲ့ အဓိပ္ပါယ်ပြည့်စုံ တဲ့ sentence (ဝါကျ)မဖြစ်သေးဘူး Clause လို့ခေါ်ရမယ်။

***Sentence***

အဓိပ္ပါယ်ပြည့်စုံတဲ့စာကြောင်းကို Sentence (ဝါကျ) လို့ခေါ်တယ်။
He is the man whom I want to see.
သူဟာ. . . ငါတွေ့ချင်နေတဲ့ လူပဲ။

ဒါကမြင်သာအောင် အကြမ်းဖျင်းရှင်းပြတာ။ အဲဒီအထဲမှာ. . . Word, Phrase နဲ့ Clause တွေဟာ အထူးပြုစကားလုံး (modifers) တွေပါပဲ။ modifier သုံးတတ်အောင် ဒါတွေကို အသေးစိတ်သိထားမှ ဖြစ်မယ်။ အရင်ဆုံး Phrase နဲ့ Clause အကြောင်းကို ကျေညက်အောင် သိထားဖို့လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



## Section One
## ANALYSIS OF MODIFIERS



### Introduction

ဆရာလွတ်အင်္ဂလိပ်စာရေးနည်းအမှတ် (၁) (Volume I) ရဲ့နောက်ဆုံးအပိုင်း (အခန်း၁၂)မှာ modifers တွေအကြောင်းကို အစပျိုးပေးလိုက်တယ်။ အဲဒါက မသိသေးသူတွေအတွက် အကျဉ်းလောက်ပေးထားတာ။ ဒါကြောင့်. . . အဆက်အစပ်ရှိအောင် Volume (II) ရဲ့ အစပိုင်းမှာ အဲဒီ modifiers တွေအကြောင်းကို အသေးစိတ်ရှင်းပြမယ်။

စာရေးတဲ့နေရာမှာ modifiers တွေဟာ သိပ်ပြီးအရေးကြီးတယ်ဆိုတာ သိထားဖို့လိုတယ်။ အလယ်တန်းအဆင့်လောက်ရှိတဲ့ sentence တစ်ကြောင်းကိုပဲ. . . modifiers တွေနဲ့ အထူးပြုပြီး ဆွဲဆန့်လိုက်ရင် အဆင့်အတန်းရှိတဲ့ ဝေဝေဆာဆာ sentence တစ်ကြောင်းဖြစ်လာတယ်။

ဥပမာ- A man was looking at a girl.

s v o

ဒါ. . . ရ တန်း။ ၈ တန်းကျောင်းသားတစ်ယောက်ရေးလို့ရတဲ့စာကြောင်းပဲမဟုတ်လား။ subject, verb, object သုံးမျိုးပဲပါတယ်။ အဲဒီသုံးမျိုးကို modifiers တွေနဲ့တစ်ခုချင်းဆွဲဆန့်လိုက်ရင်. . . .

At the station an obviously weak ***man*** of sixty near the counter

ph d adv adj s ph ph

***was looking*** at a young beautiful ***girl*** with a book in her hand.

v pre d adj adj o ph

ဘူတာရုံမှာ. . . အသက် (၆၀)ရှိပြီး သိသိသာသာအားနည်းနေတဲ့ ကောင်တာနားက အဖိုးကြီးတစ်ယောက် . . . ငယ်ရွယ်ချောမော လှပပြီး လက်ထဲမှာ စာအုပ်တစ်အုပ်ကိုင်ထားတဲ့ မိန်းကလေးတစ်ယောက်ကိုကြည့်နေတယ်။

ကဲ. . . တွေ့ပြီလား။ သိပ်ပြီးတိုရှင်းနေတဲ့ Simple sentence တစ်ကြောင်းကိုသိပ်ပြီး လွယ်တဲ့(ခက်တဲ့စကားလုံး မပါဘူးနော်) စကားလုံးတွေနဲ့ အထူးပြုပြီး ဆွဲဆန့်လိုက်တာ အဲဒီလိုဖြစ်လာတယ်။ ဒါအကင်းလောက်ပဲရှိသေးတယ်။

ဒီလိုအထူးပြုစကားလုံး modifers တွေကို ဘယ်နေရာမှာ ဘယ်လိုထားရတယ်ဆိုတာ ခုနေတော့ သိချင်မှသိမယ်။ မပူနဲ့. . ဒီအခန်းကို ကြေညက်အောင်လေ့လာပြီးရင် သဘောပေါက်သွားဖို့ တာဝန်ယူတယ်။

www.burmeseclassic.com

www.burmeseclassic.com



Unit (1)

## PHRASE

(စကားစု)

စကားလုံးတစ်လုံးထက်ပိုပြီး . . . verb မပါတဲ့ စကားစုကို phrase လို့ခေါ်တယ်။ ဒီ phrase တွေဟာစာရေးတဲ့နေရာမှာ သိပ်ပြီးအသုံးဝင်တယ်။ သူတို့ဟာ nouns နဲ့ verbs တွေသာမကဘဲစာကြောင်းတစ်ကြောင်းလုံးကိုပါ အထူးပြုနိုင်တယ်။ သူတို့ကို(classify)အမျိုးအစားခွဲလိုက်ရင် . . .

1. ***Prepositional Phrase***

Preposition ပါတဲ့ phrase ကို prepositional phrase လို့ခေါ်တယ်။ ထပ်ပြီးအသေးစိတ်လိုက်ရင် . . . .

| | | |
|---|---|---|
| a. | Adjective phrase | (adjective အလုပ်ကိုလုပ်တဲ့ phrase) |
| b. | Adverb phrase | (adverb အလုပ်ကိုလုပ်တဲ့ phrase) |
| c. | Infinitive phrase | ( to + verb infinitve နဲ့စတဲ့ phrase) |
| d. | Noun phrase | (noun အလုပ်ကိုလုပ်တဲ့ phrase) |

2. ***Participle Phrase***

Verb ပုံစံမှာ Ving ကို present participle လို့ ခေါ်ပြီး V-ed/en ပုံစံကိုတော့ past participle လို့ ခေါ်တယ်။ ဒါကြောင့် participle phrase နှစ်မျိုးဖြစ်လာတယ်။

a. ***Present participle phrase***

V-ing နဲ့စတဲ့ phrase ကို present participle phrase လို့ခေါ်တယ်။

b. ***Past participle phrase***

Past participle လို့ခေါ်တဲ့ V-ed/ en ပုံစံနဲ့စတဲ့ phrase ကို past participle phrase လို့ခေါ်တယ်။

3. ***Gerundial Phrase***

V-ing ကို noun အနေနဲ့လည်းသုံးလို့ရတယ်။ အဲဒါကို gerund (verbal noun) လို့ခေါ်တယ်။ ဒါကြောင့် . . . ဒီလိုပုံစံနဲ့ phrase ဖြစ်လာရင် gerundial phrase လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီပုံစံကိုကြည့်လိုက်. . . . .



Phrase

1. Prepositional phrase — 2. Participle phrase — 3. Gerundial phrase

a. Adj (ph) — b. Adv (ph) — c. Infinitive (ph) — d. Noun (ph) — a. Present participle (ph) — b. Past partiple (ph)

<u>မှတ်ချက်</u> - ဒီပုံစံတွေ၊ ဇယားတွေကို အလွတ်ကျက်ဖို့မဟုတ်ဘူးနော်။ သဘောပေါက်ရင်တော်ပြီ။ ဒီလိုသဘောပေါက်မှ. . . တကယ်လက်တွေ့ရေးတဲ့အခါ. . . ဘယ်လိုသုံးတယ်၊ ဘာကြောင့်သုံးတယ်၊ ဘယ်နေရာမှာသုံးတယ် ဆိုတာတွေ (စမ်းတဝါးဝါးမဟုတ်ဘဲ) တိတိကျကျသိမယ်။

ခုပြောခဲ့တာ phrase တွေရဲ့အခေါ် (terms) တွေလောက်ပဲရှိသေးတယ်။ တစ်ခုရှင်းပြမယ်၊ သိပ်ပြီးမလိုက်နိုင်သေးရင်လည်း စိတ်မညစ်နဲ့. . . ဖြစ်လာလိမ့်မယ်။ ထပ်တလဲလဲဖတ်ပေး။

1. ***<u>Prepositional phrase</u>***

ဒီ phrase တွေကိုသူတို့ရဲ့လုပ်ဆောင်ချက် (work or function) အပေါ်တည်ပြီး အမျိုးမျိုးကို ခေါ်နိုင်တယ်။

(a) ***Adjcective phrase*** (adj အလုပ်ကိုလုပ်)

ဥပမာ –

i. <u>the pagoda</u> <u>in Yangon</u> (ရန်ကုန်မှာရှိတဲ့ဘုရား)
   n adj (ph)

(the pagoda ဆိုတဲ့ noun ကို in Yagon ဆိုတဲ့ phrase က အထူးပြုတယ်။ in Yangon ဟာ adj အလုပ်ကိုလုပ်လို့. . . adj phrase လို့ခေါ်တယ်)

ii. -<u>the book</u> <u>on the table.</u> (စားပွဲပေါ်မှာရှိတဲ့စာအုပ်)
   n adj

(the book ဆိုတဲ့ noun ကို on the table ဆိုတဲ့ phrase က အထူးပြုတယ်။ ဒီ phrase ဟာ adj အလုပ်ကိုလုပ်လို့. . . . adj phrase လို့ခေါ်တယ်)

iii. -<u>the pagoda</u> <u>near the park.</u> (ပန်းခြံအနားမှာရှိတဲ့ဘုရား)
   n adj

www.burmeseclassic.com

www.burmeseclassic.com



(the pagoda ဆိုတဲ့ noun ကို near the park ဆိုတဲ့ phrase ကအထူးပြုတယ်)
ဒီ phrase ဟာ adj အလုပ်ကိုလုပ်လို့. . . adj phrase လို့ခေါ်တယ်၊

- Adj phrase ဟာ noun ကို ရှေ့ဘက်က အထူးပြုလို့မရဘူး နောက်ဘက်မှာထားရတယ်။ တစ်လုံးတည်းရှိတဲ့ single adj ဆိုရင် noun ရှေ့မှာထားပါ။ adverb မှာလည်းဒီသဘောပဲ။

(b) ***Adverb phrase*** (adv အလုပ်ကိုလုပ်)

- phrase တစ်ခုကို အနေအထားအမျိုးမျိုးမှာသုံးလို့ရတယ်။ အပေါ်မှာပြောခဲ့တဲ့ adj phrase တွေကို adv phrase တွေနေရာမှာသုံးပြမယ်။

i. They live in Yangon. (သူတို့ ရန်ကုန်မှာနေကြတယ်)
v adv (ph)

(live ဆိုတဲ့ verb ကို in Yangon ဆိုတဲ့ phrase က အထူးပြုတယ်။ ဒီနေရာမှာ in Yangon ဟာ verb ကိုအထူးပြုလို့. . . adverb ဖြစ်သွားပြီ။ ဒါကြောင့် adv phrase လို့ခေါ်တယ်။

ii. He put the book on the table. (သူ. . . စာအုပ်ကိုစားပွဲပေါ်မှာထားခဲ့တယ်)
v adv (ph)

(put ဆိုတဲ့ verb ကို on the table ဆိုတဲ့ phrase က အထူးပြုတယ်။ သူဟာ adverb အလုပ်ကို လုပ်တယ်။ ဒါကြောင့် adv phrase ပဲပေါ့. . .

**ရှင်းလင်းချက် –**

- on the table ဟာ the book နဲ့ကပ်နေလို့ the book ကို အထူးပြုတယ်လို့ထင်ရတယ်။ အမှန်မှာ on the table ဆိုတဲ့ phrase ဟာ verb (put) နဲ့ object (the book) ကြားမှာထားလို့မရဘူး။ ဒါကြောင့် နောက်ဆုံးကိုပို့လိုက်တာ။ put ကိုအထူးပြုတယ်။

ဒါပေမဲ့. . . . verb နဲ့ object ကြားမှာ phrase ထားပြီးရေးရတာတွေလည်းရှိတယ်။ နောက်ပိုင်း မှာ ရှင်းပြထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



iii. We built the pagoda near the park. (ငါတို့. . . ဘုရားကိုပန်းခြံနားမှာတည်ခဲ့တယ်)

(built ဆိုတဲ့ verb ကို near the park ဆိုတဲ့ phrase က အထူးပြုတယ်) သူဟာ. . . adv အလုပ်ကိုလုပ်လို့. . . adv phrase ဖြစ်သွားတယ်။ near the park ဟာ the pagoda ကို အထူးပြုတာမဟုတ်တော့ဘူးနော်။ pagoda ကိုအထူးပြုလိုက်ရင် adj phrase ဖြစ်သွားမယ်။ ပန်းခြံနားက ဘုရားလို့ အဓိပ္ပါယ်ပေါက်သွားမယ်။

*Position* (နေရာအနေအထား)

နောက်မှာ object မပါရင် adv phrase ကို verb နောက်မှာထားတယ်။ (သာမန်အားဖြင့်ပေါ့)၊ object ပါလာရင် adv phrase ကိုစာကြောင်းရဲ့နောက်ဆုံး. . . ဒါမှမဟုတ် ရှေ့ဆုံးမှာထားနိုင်တယ်၊ အထူးပြုပုံကတော့ မဆိုသလောက်ကွာတယ်၊ မကြာခင်တွေ့ရမှာပါ။

(c) ***Infinitive phrase*** (to + infinitive)

- "to" ဟာ preposition ထဲမှာ ပါတယ်၊ ဒါကြောင့် to ပါတဲ့ phrase ဟာလည်း prepositional phrase ထဲမှာ ပါတာပေါ့။ infinitive နဲ့ဆိုတော့ infinitive phrase လို့ခေါ်တယ်။

i. the book to read (ဖတ်ဖို့စာအုပ်)
n i (ph)

(the book ဆိုတဲ့ noun ကို to read ဆိုတဲ့ phrase ကအထူးပြုတယ်။ Noun ကို အထူးပြုတော့ adjective ဖြစ်သွားတယ်။ ဒါကြောင့် adj phrase လို့ခေါ်တယ်။

ii. the key to open the door (with) (တံခါးဖွင့်ဖို့သော့)
n i (ph)

(infinitive phrase ဖြစ်တဲ့ to open the door, ဆိုတဲ့ phrase ဟာ the key ဆိုတဲ့ noun ကိုအထူးပြုတယ်)

iii. the letter to post (ပို့ရန်စာ)

(the letter ဆိုတဲ့ noun ကို to post ဆိုတဲ့ inifinitive phrase ကအထူးပြုတယ်၊ adj အလုပ်ကိုလုပ်လို့ . . adj phrase လို့ခေါ်တယ်)

www.burmeseclassic.com

www.burmeseclassic.com



**Position** (နေရာအနေအထား)

Infinitive phrase ဟာ noun ကို အထူးပြုတယ်၊ သူ့ကို noun ရဲ့နောက်မှာထားရတယ်၊

(d) ***Noun phrase*** (noun ရဲ့အလုပ်ကိုလုပ်)

Phrase အနေနဲ့ ပြောမယ်ဆိုရင် noun အလုပ် (the work of a noun)ကိုလုပ်တဲ့ phrase နှစ်ခုရှိတယ်၊ အဲဒါတွေက. . . အပေါ်မှာပြောခဲ့တဲ့ infinitive phrase နဲ့. . . နောက်ပြီးရင်ဆက်ပြောမယ့် gerundial phrase တွေပါပဲ၊ ဒါပေမဲ့ gerundial phrase မှာ preposition မပါလို့ prepositional phrase ထဲမှာ မပါဘူး၊ ဒါကြောင့် proposition ပါတဲ့ infinitive phrase အကြောင်းကိုပဲပြောမယ်၊

Noun တစ်ခုကိုနောက်ကနေပြီး အထူးပြုတဲ့အခါမှာ infinitive phrase ဟာ noun modifier (adj phrase) ဖြစ်သွားပေမဲ့. . . သူ့ကို subject အဖြစ်သုံးတဲ့အခါမှာ noun ဖြစ်လာတယ်၊

ဥပမာ -

i. <u>To cry</u> is easy, but not to sob. (အငိုလွယ်ပေမယ့်. . အရှိုက်ခက်တယ်)
(ဒီမှာ to cry ကို subject (noun) အနေနဲ့သုံးထားတာ၊ ဒါကြောင့် noun phrase ပဲပေါ့)

ii. <u>To be born</u> is to die. (မွေးတာသေဖို့ပါပဲ)
(to be born ဆိုတဲ့ phrase ကို subject (noun) အနေနဲ့ သုံးတယ်၊ ဒါကြောင့် noun phrase လို့ခေါ်တယ်)

iii. <u>To talk</u> to you is nice. (မင်းနဲ့စကားပြောရတာကောင်းပါတယ်)
(to talk ဆိုတဲ့ phrase ကို subject (noun) အနေနဲ့ သုံးလို့ noun phrase ခေါ်တာပါပဲ)

**Position** (နေရာအနေအထား)

သူ့ကို subject နေရာမှာသုံးတာဖြစ်လို့ sub နေရာမှာပဲ ထားရမယ်၊

2. ***Participle phrase***

(participle နဲ့ စတဲ့ phrase)

Participles တွေနဲ့စတဲ့ phrase တွေကို participle phrase လို့ ခေါ်တယ်၊ နှစ်မျိုးရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



## (a) *Present participle phrase*

Verb တစ်ခုကို -Ving ပေါင်းလိုက်ရင် "... နေသော" လို့အဓိပ္ပါယ်ရတယ်၊ အဲဒါကို participle လို့ခေါ်တယ်၊ (be ပေါင်းမှနေသည်... ဖြစ်တာနော်)

ဥပမာ -

dancing, shaking, jumping ဆိုတာမျိုးတွေ..၊ ဒီစာလုံးတွေဟာ adjective ဖြစ်နေလို့ nouns တွေကို အထူးပြုတယ်၊ ဒီလုပ်ဆောင်ချက်တွေကို အဲဒီ nouns တွေကိုယ်တိုင်လုပ်နေတာ၊

ကြွတုန်း present participle တစ်လုံးတည်းသုံးတာကို နည်းနည်းပြောမယ်၊

- dancing girl. (ကနေတဲ့ကောင်မလေး)
  p. adj n
- shaking actress. (လှုပ်ခါနေတဲ့ မင်းသမီး)
  p. adj n
- jumping actor (ခုန်ပေါက်နေတဲ့မင်းသား)
  p. adj n

ဒါတွေအားလုံးဟာ participle တစ်လုံးတည်းပဲရှိသေးတယ်၊ single ပဲ... phrase မဖြစ်သေးဘူး၊ သူတို့ပါတဲ့ phrase တွေကို present participle phrase လို့ခေါ်တယ်၊

ဥပမာ -

- sitting at the back (နောက်မှာထိုင်နေသော)
- reading a book (စာအုပ်ဖတ်နေသော)

Single participles တွေဟာ noun တွေကိုရှေ့ (front position) က အထူးပြုတာတွေ့ရမယ်၊ ဒါ့အပြင် noun ရဲ့နောက် (end position) ကလည်းအသုံးပြုလို့ရတယ်၊ phrase ဖြစ်လာရင် noun ရဲ့နောက် (end position) ကပဲသုံးလို့ရတယ်၊

ဥပမာ -

- Who is the girl dancing on the stage?
  n ph
  စင်မြင့်ပေါ်မှာကနေတဲ့ ကောင်မလေးကဘယ်သူလဲ၊
- I don't want to see the actress hopping like a perch in the hot ash.
  n ph
  ပြာပူထဲက ငါးပြေမလို... ခုန်ဆွ.. ခုန်ဆွ.. လုပ်နေတဲ့ မင်းသမီးကို ငါမကြည့်ချင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



- I know the boy sitting at the back.

n ph

နောက်ဘက်မှာ ထိုင်နေတဲ့ကောင်လေးကို ငါသိတယ်။

(ဒီ phrase တွေကို noun ရဲ့နောက်မှာပဲထားပါ)

(b) *Past participle phrase*

Verb တစ်ခုရဲ့ -ed / en ပုံစံကို past participle လို့ခေါ်တယ်။

ဥပမာ -

made , opened - ဆိုတာတွေပေါ့။

ဒီစကားလုံးတွေဟာ တစ်လုံးတည်း (single) ဖြစ်နေရင် noun တစ်ခုကို attributively (ရှေ့က) အထူးပြုလို့ရတယ်။

ဥပမာ - broken door. (ပျက်နေတဲ့တံခါး)

adj n

opened door. (ဖွင့်ထားတဲ့တံခါး)

adj n

ဒီစကားလုံးတွေပါတဲ့ phrase ကို past participle phrase လို့ခေါ်တယ်။

ဥပမာ

- *made* of wood. (သစ်သားနှင့်ပြုလုပ်ထားသော)
- *built* in 1999. (၁၉၉၉မှာ ဆောက်လုပ်ထားသော)
- *written* in English. (အင်္ဂလိပ်လိုရေးထားသော)

ဒီ phrase တွေဟာ nouns တွေကိုပဲအထူးပြုလို့ရတယ်။ သူ့ကို noun ရဲ့နောက်ဘက်မှာထားရတယ်။

- the table made of wood (သစ်သားနဲ့လုပ်ထားတဲ့စားပွဲ)
- n adj
- the house built in 1999. (၁၉၉၉ မှာဆောက်ခဲ့တဲ့အိမ်)

n adj

- the book written in English. (အင်္ဂလိပ်လို့ရေးသားထားတဲ့ စာအုပ်)

n adj

မှတ်ချက် - ဒီပုံစံတွေမှာ noun ဟာ ပြုလုပ်ခြင်းကိုခံရသူ ဖြစ်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



3. ***Gerundial phrase***

(gerund နဲ့ စတဲ့ phrase)

Verb တစ်ခုကို noun အနေနဲ့သုံးချင်ရင် -ing ပေါင်းလိုက်ပါ။ အဲဒီအခါ verbal noun (gerund) ဖြစ်လာတယ်။ အဓိပ္ပါယ်ကတော့ "ခြင်း / မှု" ဆိုတဲ့အဓိပ္ပါယ်ပါပဲ။

playing = ကစားခြင်း

going = သွားခြင်း

ဒီလို. . . gerund နဲ့စတဲ့ phrases ကို gerundial phrase လို့ခေါ်တယ်။

ဒီလိုလေ. . . .

***playing*** with fire. (မီးနဲ့ကစားခြင်း)

***going*** out late at night. (မိုးချုပ်အောင်အပြင်ထွက်ခြင်း)

***thinking*** about love. (ချစ်ရေးချစ်ရာကိစ္စစဉ်းစားခြင်း)

စာရေးတဲ့အခါ ဒီphrase တွေကို noun အနေနဲ့သုံးတယ်။ subject အနေနဲ့ရော object အနေနဲ့ပါသုံးနိုင်တယ်။

ဥပမာ -

- Playing with fire is dangerous. (မီးနဲ့ဆော့တာ အန္တရာယ်များတယ်)
  sub
- I don't like playing with fire. (မီးနဲ့ဆော့တာကို ငါမကြိုက်ဘူး)
  obj
- Going out at late night is not good for girls.
  sub
  မိုးချုပ်အောင်အပြင်ထွက်တာ. . မိန်းခလေးတွေအတွက် မကောင်းဘူး။
- My parents hate(me)going out at late night.
  obj
  ငါ့မိဘတွေက မိုးချုပ်အောင် အပြင်ထွက်တာမကြိုက်ဘူး။
- Thinking about love early is unnecessary.
  sub
  အချစ်ရေးချစ်ရာကိစ္စကို စောစောစဉ်းစားဖို့မလိုဘူး။
- No father or mother likes(his / her children)thinking about love early.
  obj
  ဘယ်မိခင်ဖခင်မှ (ကလေးတွေ) ချစ်ရေးချစ်ရာကိစ္စစောစောစဉ်းစားတာကို မကြိုက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



Unit (2)



## CLAUSE

(ဝါကျပိုင်း)

စာရေးတဲ့နေရာမှာ clause မပါရင်မပြီးဘူး။ ဒါကြောင့် cluase ရဲ့သဘောသဘာဝကို သိဖို့လိုတယ်။ စာရေး ဖို့အတွက်အဓိက clause နှစ်မျိုးခွဲပေးလိုက်မယ်။

A. Relative pronoun လို့ခေါ်တဲ့ who, whom, whose, what, which နဲ့ that ဆိုတဲ့စကားလုံးတွေပါတဲ့ clause

ဥပမာ- ***whom*** they want.(သူတို့လိုချင်နေတဲ့လူ)

B. Subordinate conjunction လို့ခေါ်တဲ့ as တို့ because တို့ (ရှိသေးတယ်) ဆိုတာတွေနဲ့စတဲ့ clasue

ဥပမာ - ***as*** you are late . (မင်းနောက်ကျသွားလို့ပေါ့)

ဒီနှစ်မျိုးထဲက. . . ဒုတိယအမျိုးကို နောက်တစ်ဘုဝ်မှာ complex sentence အကြောင်းပြောတဲ့အခါ ရှင်းပြ မယ်။ (ခုလောလောဆယ်ရောသွားမှာစိုးလို့) ပထမအမျိုးအစားကိုကြည့်ရအောင်. . . .။

## A. Relative Clause

Relative pronouns တွေနဲ့စတဲ့ clause တွေကို Relative clause လို့ခေါ်တယ်။ ဒီ clause တွေဟာ adjအလုပ်ကိုလုပ်ပြီး noun ကိုအထူးပြုတယ်။ verb နဲ့လုံးဝမဆိုင်ဘူး။

ဒီပုံစံတွေကိုကြည့်လိုက်. . . .

1. ***who*** I want to see (ငါတွေ့ချင်တဲ့လူ)
   စာကြောင်းမဟုတ်သေးဘူး။
2. ***that*** you gave (မင်းပေးခဲ့တဲ့ဟာ)
3. ***which*** I found (ငါတွေ့ခဲ့တဲ့ဟာ)
4. ***when*** you arrived (မင်းရောက်တဲ့အခါ)
5. ***whose*** father is a doctor.(သူ့အဖေက ဆရာဝန်) (ဆရာဝန်ရဲ့သား/သမီး)

ဒါတွေဟာ sentence တွေမဟုတ်ကြဘူး။ sentence တစ်ခုရဲ့အစိတ်အပိုင်းလောက်ပဲရှိသေးတယ်။ clauses တွေပါပဲ။ မှတ်ထားဖို့က. . . ဒီလိုclause ဖြစ်ဖို့အတွက် relative pronoun တစ်လုံးရှေ့မှာရှိနေရမယ်ဆိုတာပဲ။

ဒီ clause တွေဟာ အဓိပ္ပါယ်မပြည့်စုံသေးဘူး..၊သူဟာနဲ့သူရပ်တည်လို့မရသေးဘူး။ ဒီလိုရေးလိုက်ရင် အဓိပ္ပါယ်ရှိလာမယ်။ ကြည့်လိုက်. . . . . ၊

www.burmeseclassic.com

www.burmeseclassic.com



1. I lost the book that you gave.
   n clause
   မင်းပေးခဲ့တဲ့စာအုပ်. . . ငါ့မှာပျောက်သွားပြီ။
   (*that you gave* ဆိုတဲ့ clause က the book ဆိုတဲ့ noun ကိုအထူးပြုလိုက်တာ)

2. We found the man who broke the lock.
   n clause
   သော့ဖျက်တဲ့လူကို ငါတို့တွေ့ခဲ့တယ်။
   (ဒီမှာတော့ who broke the lock ဆိုတဲ့ clause က the man ဆိုတဲ့ noun ကို အထူးပြုတယ်။

   ဒါလောက်ဆို. . . clasue ရဲ့သဘောကိုမြင်လောက်ပြီ။ ခု. . . clause တွေရဲ့ modification(အထူးပြုခြင်း) ကို ဦးတည်ပြီး ခွဲကြည့်ရအောင်. . .

**Clause** (modification)

| A. Adjcetive Clause | B. Adverb Clause | C. Noun Clause |
|---|---|---|
| (adj အလုပ်ကိုလုပ်) | (adv အလုပ်ကိုလုပ်) | (noun အလုပ်ကိုလုပ်) |

## A. Adjective Clause

Adjective အလုပ်ကိုလုပ်တဲ့clauseကို adj clause လို့ခေါ်တယ်။ adj အလုပ်ကိုလုပ်တယ်ဆိုကတည်းကရှင်းနေပြီ။ Noun ကိုအထူးပြုတယ်ဆိုတာပြောနေစရာတောင်မလိုတော့ဘူး။

1. I appreciate the present *that you offered yesterday.*
   မနေ့က မင်းပေးခဲ့တဲ့ လက်ဆောင်ကို ငါသဘောကျတယ်။
   (that) ကိုဖြုတ်ထားလို့ရတယ်။
2. I don't like that man *who is talking to you.*
   (who ဖြုတ်လို့မရဘူး ဖြုတ်ချင်ရင် is ပါဖြုတ်)
   မင်းနဲ့ စကားပြောနေတဲ့လူကြီးကိုငါသဘောမကျဘူး။
3. Don't believe the boy *whom you lent the money.*
   မင်းပိုက်ဆံချေးလိုက်တဲ့ ကောင်လေးကိုမယုံနဲ့။
   (whom ကိုဖြုတ်လို့ရတယ်)

www.burmeseclassic.com

www.burmeseclassic.com



4 He came with <u>a girl</u> ***whose father is a writer.***

သူဟာ. . . စာရေးဆရာရဲ့သမီး (ကောင်မလေးရဲ့အဖေက စာရေးဆရာ)နဲ့ အတူလာခဲ့တယ်။

5. I didn't take <u>the book</u> ***which you*** had forgotten

မင်းမေ့ကျန်ခဲ့တဲ့ စာအုပ်ကို ငါမယူဘူး။ (which ဖြုတ်လို့ရတယ်)

ဒီပုံစံတွေမှာသုံးတဲ့ that, who, whom, whose, which ဆိုတာတွေကို relative pronoun လို့ခေါ်တယ်။ ဒီစကားလုံးတွေနဲ့စတဲ့ clauses တွေကို relative clauses တွေလို့ခေါ်တယ်။

ခုပေးထားတဲ့ နမူနာတွေမှာ relative clauses တွေဟာ ရှေ့မှာရှိတဲ့ nouns တွေကို အထူး ပြုတယ်။ တစ်နည်းပြောရရင် adjective အလုပ်ကိုလုပ်တယ်။ ဒါကြောင့် သူတို့ကို adjective clauses တွေလို့ခေါ်တယ်။

မှတ်ချက်–

- when, where, why ဆိုတဲ့ စကားလုံးတွေကို relative pronoun လို့ မခေါ်ဘူး။ သူတို့ကို relative adverb လို့ ခေါ်တယ်။ ဒီစကားလုံးတွေပါတဲ့ clauses တွေကို adverb clauses တွေ အနေနဲ့ သုံးတယ်။

## Clause to Phrase

စာရေးတဲ့အခါမှာ clause တွေသိပ်များနေရင် မကောင်းဘူး။ မကျစ်လစ်ဘူးပေါ့။ ဒါကြောင့်လိုအပ်မယ်ဆိုရင် clause ကို phrase ပြောင်းလိုက်ရတယ်။ ခါကလည်းမခက်ပါဘူး။

1. Do yoy know ***the girl (who is) crying?*** (clause)

ငိုနေတဲ့ကောင်မလေးကို မင်းသိသလား။

ဒါကို phrase လုပ်လိုက်ရင်. . .

Do you know ***the girl crying?*** (phrase)

အဓိပ္ပါယ်အတူတူပဲ။

*(who နဲ့ is (be) ကိုဖြုတ်လိုက်ရုံပဲ)*

www.burmeseclassic.com

www.burmeseclassic.com



2. I like the book ***( that is) written by U Aung Hein Kyaw.*** (clause)
ဦးအောင်ဟိန်းကျော်ရေးတဲ့စာအုပ်ကို ငါသဘောကျတယ်။
I like the book ***written by U Aung Hein Kyaw.*** (phrase)
that နဲ့ is (be) ကိုဖြုတ်လိုက်ရုံပဲ။

3. Don't take the book ***which is kept in the bag.*** (clause)
အိတ်ထဲမှာ သိမ်းထားတဲ့စာအုပ်ကို မယူနဲ့။
Don't take the book ***kept in the book.*** (phrase)
(which နဲ့ is ကိုဖြုတ်လိုက်ရုံပဲ)

4. Get me the newspaper ***that (which ) is on the table.*** (clause)
စားပွဲပေါ်က သတင်းစာကိုယူပေးပါ။
Get me the newspaper ***on the table.*** (phrase)

- relative pronoun နဲ့ be ပါရင် ဖြုတ်လို့ရတယ်ဆိုတာမှတ်လိုက်ပေါ့။ ဒီထက် အသေးစိတ်ကို (Advanced level) ရေးတဲ့အခါထပ်ပြီးရှင်းမယ်။

## (B) Adverb Clause

Adverb အလုပ် (the work of an adverb) ကိုလုပ်တဲ့ clause ကိုခေါ်တာပါ။ Verb ကို အထူးပြုတယ်။ ဒီအဆင့်မှာတော့ နားရှုပ်သွားမှာစိုးလို့ သိပ်ပြီးကျယ်ကျယ်ပြန့်ပြန့်မပြောသေးဘူး။ Volume III ရေးတဲ့အခါကျမှ clause analysis လုပ်ပေးမယ်။ခုလောလောဆယ် wh- စကားလုံးတွေနဲ့ဆက်စပ်နေတဲ့ when သုံးတဲ့ clause တွေအကြောင်းပြောမယ်။

when ဟာ အချိန်ပြစကားလုံး (time expression)....when နဲ့ဆက်စပ်နေတဲ့စကားလုံးတွေကိုပါ အကျဉ်းထည့်ရှင်းပေးလိုက်ချင်တယ်။ အဲဒါကတော့. . . after, before, by the time အစရှိတဲ့ စကားလုံးတွေပါပဲ။

ဥပမာ -

1. I will be ready ***when you come.*** (clause)
မင်းလာတဲ့အခါ အဆင်သင့်ဖြစ်နေလိမ့်မယ်။

When you come ဆိုတဲ့ caluse ဟာ noun ဖြစ်တဲ့ *I* ကို အထူးပြုတာမဟုတ်ဘူး။ be ready ကို အထူးပြုတာ (တစ်ကြောင်းလုံးကိုအထူးပြုတာလည်းဖြစ်နိုင်တယ်)

www.burmeseclassic.com

www.burmeseclassic.com



2. He had left ***before you arrived.*** (clause)

မင်းမရောက်ခင်ကပဲ. . . သူထွက်သွားပြီ။

3. What would you like ***after you have had breakfast?*** (clause)

မနက်စာစားပြီးရင်. . . ဘာစားဦးမှာလဲ။

မှတ်ချက် - ဒီလိုအစားအသောက်ကိစ္စတွေမှာ တိုတိုပဲသုံးတယ်။

ဥပမာ -

What would you like ***after breakfast?*** (phrase)

အဲဒီလိုသုံးလိုက်တော့. . . တိုတိုရှင်းရှင်းနဲ့ထိရောက်သွားတယ်။ အဓိပ္ပါယ်ကတော့ပြောင်းလဲမှုလုံးဝမရှိဘူး။ clause ကနေပြီး phrase ဖြစ်သွားတာပဲရှိတယ်။

## C. Noun Clause

ဒါလည်းရှင်းပါတယ်။ Noun အလုပ် (the work of a noun) ကို လုပ်တဲ့ clause ပါပဲ။ noun ဆိုတော့ subject နေရာမှာရော object နေရာမှာပါရှိနိုင်တယ်။

ဒီဥပမာ တွေကိုကြည့်လိုက် -

1. ***What you know*** is wrong.

မင်းသိတာမှားနေတယ်။

ဒီ sentence မှာ ***what you know*** ဆိုတဲ့ clause ဟာ noun (sub) အလုပ်ကိုလုပ်တယ်။ ဘယ်သူ့ကိုမှ အထူးပြု (modify) တာ မဟုတ်ဘူး။ noun အလုပ်ကိုလုပ်လို့. . . noun clause လို့ခေါ်တယ်။

2. Let me see ***what you have bought from the market.***

မင်းဈေးကဝယ်ခဲ့တဲ့ဟာ (ပစ္စည်း)ကိုကြည့်ပါရစေ။

***What you have bought from the market*** ဆိုတဲ့ clause ဟာ noun အလုပ်ကိုလုပ်တယ်။ see ဆိုတဲ့ verb ရဲ့ object ပါပဲ။

ဒါလောက်ဆိုရင်သဘောပေါက်လောက်ပြီ၊ သိပ်ပြီးမရှင်းပြတော့ဘူး။

ခုပြောခဲ့တဲ့ phrase နဲ့ clause ရဲ့သဘောသဘာဝကို သဘောပေါက်အောင်လေ့လာပါ။ နားလည်ပြီရင် . . . ခုဆက်ပြောမယ့် modification တွေအကြောင်း သဘောပေါက်ဖို့လွယ်မယ်။

အထူးပြုတာ (modification) မှာ phrase နဲ့ clause လောက်ပဲလို့မထင်နဲ့၊ တစ်လုံးချင်းရှိနေတဲ့ noun, single adjective, single adverb တွေရှိသေးတယ်။ ဒါတွေက သဘောပေါက်လွယ်လို့ သီးခြားမရှင်းပြတာ။

www.burmeseclassic.com

www.burmeseclassic.com



## Unit (3)

### Noun Modifiers

Volume (I) မှာ ပြောခဲ့ပြီးပြီနော်။ မရှင်းသေးရင်ပြန်ကြည့်ပြီးမှဒါကိုဖတ်၊ ဒီမှာ analysis လုပ်မယ်။ ရှေ့ပိုင်းမှာပြောခဲ့တာတွေက phrase နဲ့ clause တွေရဲ့သဘောသဘာဝ၊ ခုပြောမှာက sentence ထဲမှာ သူတို့ရဲ့ position နေရာအနေ အထား. . . အထူးပြုတဲ့နေရာ position (နေရာအနေအထား) နှစ်မျိုးရှိတယ်။ volume (I) ကိုလေ့လာပြီးရင်တော့ ဒါတွေကျေနေလောက်ပြီ။ ရှေ့ကအထူးပြုတာကို pre-noun modifier လို့ခေါ်ပြီး. . . နောက်ဘက်ကအထူးပြု တာကိုတော့ post-noun modifier လို့ခေါ်တယ်။

## A. Pre-Noun Modifiers

Noun တစ်ခုရဲ့ရှေ့ဘက်(front position)ကနေပြီး အထူးပြုတဲ့စကားတွေကို ခေါ်တယ်။ အဲဒါတွေ ကတော့တစ်လုံးတည်းသာရှိတဲ့ single modifiers တွေပါပဲ။

ဥပမာ -

- *Young* boy.
  n

- boy ဆိုတဲ့ noun ကို young က. . . ရှေ့ဘက်က (attributively) စအထူးပြုတာ။ နောက်ဘက်မှာ ထားလို့ ဘယ်ရမလဲထားကြည့်လိုက်လေ. . . .

- boy young - တဲတွေ့ပြီးလား. . . . ရယ်စရာဖြစ်သွားမယ်။

## B. Post-Noun Modifiers

ဒါကတော့ noun တစ်ခုရဲ့နောက် (end position) က အထူးပြုတဲ့စကားလုံးတွေကိုခေါ်တယ်။ ဒီအထဲမှာ single modifiers တွေမပါဘူး။ တစ်လုံးထက်ပိုတဲ့ phrase တို့ clause တို့နဲ့ noun တစ်ခုကိုနောက်ဘက် နေပြီး အထူးပြုတာ။ predicative modification ပဲပေါ့။

ဥပမာ -

(a) Young boy *from Yangon.*
single m n phrase

- from Yangonဟာ phrase ဖြစ်နေလို့ noun ရဲ့နောက်မှာ ပဲထားရတယ်။ ပြောင်းပြန်လုပ် ကြည့်လိုက်ဦး မလား။ ဘာဖြစ်သွားမလဲကြည့်. . . .

(a) *from Yangon* boy *young.*
ပေါက်ပြီနော်. . .

တကယ်တမ်းကျွမ်းကျင်လာရင်တော့ဒီလို phrase တွေကိုကော်မာနှစ်ခု(, . . . ,)နဲ့ အဆင်ပြေတဲ့ နေရာမှာ ထားလို့ရတယ်)ဒါအနေအထားတွေရဲ့ အကြမ်းဖျင်းသဘောလောက်ပဲ ရှိသေးတယ်။ အသေးစိတ်ကိုကြည့် . . .

www.burmeseclassic.com

www.burmeseclassic.com



## A. *Pre- noun modifiers*

1. Determiners
   - i demonatrative (adj)
   - ii (adj) of number
   - iii (adj) of quantity
   - iv distributive (adj)
   - v possessive (adj)
   - vi interogative (adj)
2. Adjectives
   - quality, etc....
   - size, length, age, shape etc....
   - colour
   - participles
     - Present participle (Ving)
     - past participle ($V_3$)
3. Noun
   - origin
   - material
   - purpose

- age ဟာ quality ထဲမှာပါတယ်

မှတ်ချက်။ ။ ဒါ general ပြောတာ။ တချို့နေရာတွေမှာ ပုံစံပြောင်းလဲသုံးတာရှိတယ်။ ရှားတော့ရှားတယ်။ ဥပမာ-original နဲ့ material ကို ရှေ့/နောက် ပြောင်းသုံးတာမျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## A. Pre-Noun Modifiers

### 1. Determiners

Noun တစ်ခုကို dertermination လုပ်တဲ့ စကားလုံးတွေကို သိမ်းကျုံးပြီး determiners တွေလို့ခေါ်တယ်။ မှတ်ရလွယ်အောင် အကြမ်းဖျင်းခွဲပေးလိုက်မယ်။

**(i) Demonstrative Adjectives**

ဒီအထဲမှာ . . .

a. - article လို့ခေါ်တဲ့ a, an, the ......

b. ညွှန်ပြတဲ့ (point out) this, that, these, those ......ဆိုတာတွေပါတယ်။

ဥပမာ -

- a boy.
  n

  the boy.
  n

**(ii) Number**

ဒီမှာလည်း နှစ်မျိုးရှိတယ်။

***a. Cardinal number***

အရေအတွက်ကိုဖော်ပြတဲ့စကားလုံးတွေကိုခေါ်တာ. . . .

one, two , three.......ဆိုတာမျိုးတွေ. . .၊

ဥပမာ -

*one* boy.
n

*two* boys.
n



***b. Ordinal number***

အကြိမ်ကြောက်ကိုဖော်ပြတဲ့ စကားလုံးတွေကိုပြောတာ၊ first , second, third ......

ဥပမာ -

*first* time.
n

www.burmeseclassic.com

www.burmeseclassic.com



*second* standard.

n

တကယ်သုံးတဲ့ အခါရှေ့မှာ *the* ထည့်သုံးရတယ်။ ဒီလို. . .

This is *the first* time. (ပထမဆုံးအကြိမ်)

He is in *the second* standard. (သူ ဒုတိယတန်းရောက်နေပြီ)

မှတ်ချက် ။ ။ Spoken English မှာတော့ တချို့နေရာတွေမှာ *the* ကိုဖြုတ်ထားမှကောင်းတယ်။

- first ကို adverb အနေနဲ့သုံးရင် *the* မလိုတော့ဘူး။

ဥပမာ -

- I *first* met him in Yangon.

ငါသူကို ရန်ကုန်မှာ စတွေ့ခဲ့တာ။

- I lived here *first.*

ငါဒီမှာ စပြီးနေခဲ့တာ။

**(iii) Quantity**

(adjective of quantity)

အရေအတွက် (quantity) ပြ adjectives တွေကို နှစ်မျိုးခွဲပေးမယ်။

***a. Definite***

(အတိအကျ)

ရှေ့မှာပြောခဲ့တဲ့ (number ထဲက) one, two, three ဆိုတာတွေကို ဒီနေရာမှာထပ်ပြီး အသေးစိတ်ခွဲလိုက်မယ်ဆိုရင်. . . definite (အတိအကျ) ရေတွက်တဲ့ adjective တွေဖြစ်လာတယ်။

ဥပမာ -

one day.

n

two days.

n

**ရှင်းလင်းချက် –**

- the ပါရင်တော့. . . အရေအတွက်ပြစကားလုံးတွေရဲ့ရှေ့မှာ ထားရတယ်။
- the two boys.
- the three friends.

www.burmeseclassic.com

www.burmeseclassic.com



**b. *Indefinite***

( မတိ ကျ)

ရေတွက်တယ်ဆိုပေမဲ့ . . . အတိအကျရေတွက်လို့မရတဲ့ နေရာမှာသုံးတဲ့ indefinite adjective စကားလုံးတွေရှိတယ်။ အဲဒါတွေကတော့. . . .

- all, some, several, half, much, little, many, few, small, great, whole...စတဲ့စကားလုံးတွေပါပဲ။

ဥပမာ -

*Some* money. (ပိုက်ဆံနည်းနည်း)
n

*many* of you. (မင်းတို့ထဲက အများစု)
n

**(iv) Distributive adjective**

ဒါတွေကတော့. . . each, every, either, neither ဆိုတာတွေပါပဲ။

ဥပမာ -

*each* day. (နေ့တိုင်း)
n

*every* time. (အချိန်တိုင်း)
n

ဒါတွေဟာအနည်းကိန်း (singluar) အတွက်ပဲသုံးလို့ရတယ်နော်။

**(v) Possessive adjective**

ပိုင်ဆိုင်ခြင်းပြတဲ့ adjectives တွေကိုခေါ်တာ။ my , your, his, her....စသည်စသည်. . . . ။

ဥပမာ -

*my* opinion (ငါ့အမြင်)
n

*your* turn (မင်းအလှည့်)
n

www.burmeseclassic.com

www.burmeseclassic.com



### (vi) Interrogative adjective

မေးခွန်းမေးတဲ့အခါ noun ရှေ့မှာထားပြီး မေးတဲ့စကားလုံးတွေကိုပြောတာ။ which, what ဆိုတာတွေပါပဲ။

ဥပမာ -

*What* <u>time</u> is it? (အချိန်ဘယ်လောက်ရှိပြီလဲ)

*Which* <u>one</u> do you want? (ဘယ်ဟာကိုလိုချင်တာလဲ)

- Oneကို noun အနေနဲ့သုံးထားတာ။

ခုပြောခဲ့တဲ့ Determiner ထဲမှာ အကျုံးဝင်တာအားလုံးကို noun ရဲ့ရှေ့က (front position) မှာထားရတယ်။

## 2. Adjectives

- Adjectives တွေနဲ့ modification လုပ်တဲ့ အကြောင်းကို Volume (I) မှာ ပြောခဲ့ပြီးပြီနော်။ အဲဒါကိုသဘောပေါက်ပြီဆိုရင်. . . ခုပြောမယ့် analysis ကိုမခက်ပါဘူး။ စာရေးတဲ့အခါမှာ မဖြစ်မနေသိထားရမယ့် adj ရဲ့ position (နေရာအနေအထားကို) အကြမ်းဖျင်းလေးမျိုးခွဲပေးလိုက်မယ်။

### (i) Adjective of quality

သိပ်ခက်ခက်ခဲခဲမစဉ်းစားနဲ့၊ သုံးနေကြစကားလုံးတွေပါပဲ။ old, new, good, bad ဆိုတဲ့ စကားလုံးမျိုးတွေကိုခေါ်တယ်။ ဒါတွေကို noun ရဲ့ ရှေ့မှာထားရတယ်။

- ***<u>old</u>*** <u>man.</u> (အဖိုးကြီး)
  quality n
- ***<u>good</u>*** <u>news.</u> (သတင်းကောင်း)
  quality n

### (ii) Size, age , shape, etc......

- Quality ရဲ့နောက်မှာတပ်ပြီးလာရမှာ (ပေါ်သင့်တာ) က Adjective of size, age , shape, etc... age ဟာ quality ထဲမှာပါတယ် ၊ ဒါပေမဲ့အဆင်ပြေသလိုထားလို့ရတယ်။

ဒါတွေဟာ ယေဘုယျသဘောပြောတာနော်၊ သိပ်ပြီးမကျွမ်းကျင်သေးတဲ့အဆင့်မှာ ဒါလောက်ဆိုရင်ရပြီ၊ ကျွမ်းကျင်လာရင် ဒါလောက်နဲ့ ဘယ်နေမလဲ၊ phrases တွေ clauses တွေပါမွှေနှောက်ပြီးရေးလို့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်အစား (size)ကို modifier လုပ်လိုက်ရင် ဒီလိုဖြစ်လာမယ်။

- a good *large* home.

d quality size n

ဒီမှာ. . . . determiner + quality + size + Noun ဆိုတဲ့ ပုံစံကိုရှင်းရှင်းလင်းလင်းတွေ့ရမယ်။

- a new high building.

d quality length n

မြန်မာလိုပြန်ရင်တော့ ဒီအစီအစဉ်အတိုင်းပြန်ရင် ဘယ်ကောင်းမလဲ။ ဖတ်ကောင်းအောင်ပြန်မှပေါ့. . ။ "မြင့်မားတဲ့အဆောက်အဦးသစ် တစ်ခု" ဆိုရင်ရပါပြီ။

- an attractive *round* face. ( ဆွဲဆောင်မှုရှိတဲ့ မျက်နှာဝိုင်းဝိုင်းတစ်ခု )

d quality shape n

**(iii) Colour**

အရွယ်အစား ၊ အလျားအနံ ၊ ပုံသဏ္ဍာန်ဆိုတာတွေပြီးရင် အရောင် (adjective of colour) ကိုရေးပါ။

- an old *grey* tree

d q c n

ဘိုမင်းရင့်ရော်ပြီး မွဲခြောက်နေတဲ့ သစ်ပင်တစ်ပင်၊

(မြန်မာလိုပြန်တဲ့အခါ ဖတ်ကောင်းအောင်ပြန်မှ)

- a pleasant wide green garden.

d q l c n

သာယာကျယ်ပြောပြီး စိမ်းလန်းတဲ့ဥယျာဉ်၊

(ဒါ. . . မှတ်ရလွယ်အောင်ယျေဘုယျခွဲပေးတာ ၊ မှတ်ရခက်နေရင် အဆင်ပြေသလိုရေးချလိုက်)

**(iv) Participles**

မူလ verb တစ်ခုကို adj ဖြစ်လာအောင် ပုံစံနှစ်မျိုးပြောင်းလို့ရတယ်။ အဲဒါတွေကတော့ past participle and present participle တွေပါပဲ။

***a. Present participle***

လွယ်ပါတယ်။ verb တစ်လုံးကို -ing ပေါင်းလိုက်တဲ့ပုံစံကို ခေါ်တယ်။ "နေသော" ဆိုတဲ့အဓိပ္ပါယ်ရတယ်။ အဲဒီ noun ကိုယ်တိုင်ကဖြစ်နေတာ. . . လုပ်နေတာနော်။ သူကပြုလုပ်ခြင်းခံနေရတာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ -

moving = ရွေ့လျားနေသော

dancing = ကနေသော

- Present participle adjective ဟာ noun တစ်ခုကို ရှေ့ဘက်က attributively သာမကပဲ နောက်ဘက် predicatively လည်းအထူးပြုလို့ရတယ်ဆိုတာ ရှေ့ပိုင်းမှာပြောခဲ့ပြီးပြီနော်. . .

ဒီလို . . . . .

a *moving* car. (ရွေ့လျားနေသောကားတစ်စီး)

a car *moving*. (ရွေ့လျားနေသောကားတစ်စီး)

ရှေ့မှာပြောခဲ့တဲ့ modifers တွေနဲ့တွဲလိုက်ရင်. . . .

a good small yellow ***moving*** car.

d q s c participle n

a lovely short brown ***walking*** stick.

d q s c p n

ဒါက. . . သဘောအဖြစ်ပြောတာပါ။ တကယ်သုံးတဲ့အခါ ရေးတဲ့အခါ ဒီလောက်များပြား ရှုပ်ထွေးစရာ ရှိချင်မှရှိမှာပါ။ အထူးပြုတဲ့စကားလုံး (modifiers) တွေနည်းလေ. . . . ပိုရှင်းလေပေါ့။ ရှေ့နောက်အစီအစဉ်ကိုအကြမ်းဖျင်းသိရင်ရပါပြီ။ လေ့လာပါများရင် ပိုင်သွားမှာပါ။

တစ်ခုသိထားရမှာက Ving ပုံစံကို Gerund (Verbal noun) အနေနဲ့လည်းသုံးလို့ရတယ်။ နောက်ပြီး အဲဒီ Gerund ပုံစံဟာလည်း noun တစ်ခုကိုအထူးပြုလို့ရတယ်ဆိုတာပဲ။

**b. *Past participle adjevtive***

ဒါကတော့ မူလ verbရဲ့ -ed/ en ပုံစံကိုခေါ်တာပါ။ "ပြုလုပ်ထားသော" လို့အဓိပ္ပါယ်ရတယ်။ အဲဒီ noun ဟာ ပြုလုပ်ခြင်းခံလိုက် (ခံနေ)ရတာ။ သူကပြုလုပ်တာမဟုတ်ဘူး။ -Ving ပုံစံအဓိပ္ပါယ်နဲ့မရောထွေးစေနဲ့။

ဥပမာ -

***polished*** floor (ပွတ်တိုက်ထားတဲ့ကြမ်းပြင်)

***painted*** wall (ဆေးသုတ်ထားတဲ့နံရံ) . . နံရံက ဆေးသုတ်တာကိုခံလိုက်ရတာ။

www.burmeseclassic.com

www.burmeseclassic.com



**ထူးခြားချက်**

- Past participle adjective ဟာ တစ်လုံးတည်း (single) ဖြစ်နေရင် noun ရှေ့ကထားလို့ပေမဲ့ phrase ဖြစ်နေရင် noun ရဲ့နောက်ကိုရောက်သွားတယ်၊

ဒီလိုပေါ့. . . . .

The wall ***painted in blue***.

အပြာရောင်သုတ်ထားတဲ့ နံရံ၊

The building ***destroyed by an earthquake.***

လျှင်ကြောင့်ပျက်စီးသွားတဲ့အ အဆောက်အဦ၊

## 3. Nouns

- Noun တစ်ခုကို. . . နောက်ထပ် noun တစ်ခုနဲ့ ရှေ့ဘက် (front position) က အထူးပြုလို့ရတယ်၊

ဥပမာ -

- ***gold*** chain. (ရွှေဆွဲကြိုး)
  n
- ***brass*** image (ကြေးဆင်းတု)
  n
- ***entrance*** fees (ဝင်ကြေး)
  n
- ***bus*** stop (ဘတ်စကားမှတ်တိုင်)
  n
- ***football*** team [illegible]

Nouns တွေကို ထပ်ခွဲလိုက်ရင် ဒီလို-

| **origin** | **material** | **purpose** | **noun** | |
|---|---|---|---|---|
| Myanmar | bamboo | walking | stick | (မြန်မာဝါးနဲ့လုပ်ထားတဲ့လမ်းလျှောက်တုတ်) |
| China | glass | water | cup | (တရုတ်ဖန်နဲ့လုပ်တဲ့ရေခွက်) |
| Myanmar | - | blotting | paper | (မြန်မာ. . . မင်စုတ်စက္ကူ) |

www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်ဆိုရင် သဘောပေါက်လောက်ပြီ၊ သိပ်ပြီးအကျယ်မလိုတော့ပါဘူး။
ခုပြောခဲ့တဲ့ဟာတွေကို ပြန်ချုပ်လိုက်မယ်ဆိုရင် . . . .

Noun တစ်ခုကိုအရှေ့ဘက် (front portion) က အထူးပြုတဲ့ pre-noun modifiers တွေကို. . . အဓိကသုံးမျိုးသိထားရမယ်။ အဲဒါတွေကတော့. .

1. Determiners
2. Adjective (single adj)
3. Noun ........ဆိုတာတွေပဲ

***Position***

ဒီဟာတွေကိုရောနှောပြီး နေရာအနေအထားအသို. . . position စီစဉ်ကြည့်မယ်။ ဒီဇယားကိုအကြမ်းဖျင်း မြင်အောင်ကြည့်. . . (အပြောင်းအလဲတော့ရှိနိုင်တယ်)

| Determiners | Adjectives | | | | Noun | Noun |
|---|---|---|---|---|---|---|
| | *quality,etc* | *size, length, age, shape,-* | *colour* | *participle* | | |
| 1. a very | valuable | big | green | carved | diamond | image |
| 2. *the two* | useful | long | grey | *newly built* | iron | birdges |
| 3. a | | high | brown | broken | brick | wall |
| 4. a | good | big | white | pickled | snake-head | fish |
| 5. that | handsome | tall | - | walking | - | boy |
| 6. some | new | small | - | long-legged | bamboo | houses |
| 7. a | poisonous | long | green | crawling | - | snake |

ဒါတွေကိုဘာသာပြန်လိုက်ရင် -

၁. စိန်နဲ့ထုလုပ်ထားသည့် အလွန်တန်ဖိုးရှိသော အစိမ်းရောင်ဆင်းတုကြီးတစ်ဆူ၊
၂. အသုံးဝင်သည့်. . . အသစ်ဆောက်လုပ်ထားသော. . . မွဲခြောက်ခြောက်သံတံတားရှည်နှစ်ခု၊
၃. ပျက်စီးနေသည့်. . . မြင့်မားသောအညိုရောင်အုတ်နံရံတစ်ခု၊
၄. ဆားရည်စိမ်ထားသော. . . ကောင်းမွန်သည့်အဖြူရောင် ငါးပနော်ကြီးတစ်ကောင်၊
၅. ဟို(ထို) အရပ်မြင့်မြင့်ရုပ်ချောချောလမ်းလျှောက်နေသည့်ကောင်လေး။

www.burmeseclassic.com

www.burmeseclassic.com



၆. သေးငယ်သည့် ခြေတံရှည်ဝါးအိမ်သစ်တစ်ချို့၊
၇. အဆိပ်ပြင်းသည့် တွားသွားနေသော အစိမ်းရောင်မြွေတစ်ကောင်၊

ဒီဇယားမှာ determinatives တွေကို အစီအစဉ်တကျ လုပ်ပေးထားတယ်။ မှတ်ရလွယ်အောင် အဆင်ပြေဆုံးပေးထားတယ်။ တကယ်တတ်ကျွမ်းလာရင်တော့ လိုအပ်သလိုအပြောင်းအလဲလုပ်လို့ရတယ်။

**ထူးခြားချက်**

- Determiners တွေဖြစ်တဲ့ အရေအတွက် (one, two, three) ဆိုတာတွေရဲ့ရှေ့မှာ the, these, those တွေထားပါ။ ဒါဒီစာကြောင်းတွေထဲက No.2 မှာကြည့်လိုက်. . . .။

- *the* three girls
- *those* three girls
- *these* three girls

-No.2 မှာပဲ newly built ဆိုတာတွေ့ရမယ်။ newly (adv) က built (past participle adj) ကိုအထူးပြုထားတာ. . . . adv က adj ကို modification (အထူးပြု)လို့ရတယ်ဆိုတာမှတ်လိုက်. . .

နောက်တစ်ခုက No.4 မှာ. . snake-head ဆိုတာတွေ့ရမယ်။ အဲဒါ noun နှစ်ခုကိုပေါင်းပြီး တစ်ခုတည်းဖြစ်အောင်လုပ်ထားတာ၊ compound noun လို့ခေါ်တယ်။

No.5, 6, 7 မှာ determinatives တွေအကုန်ပါမလာဘူး ဒီအတိုင်းပါပဲ. . . ဘတယ်လက်တွေ့ရေးတဲ့အခါ အကုန်လုံးမလိုပါဘူး. . . ၊ လိုသလောက်ပဲပေါ့။ အနေအထားမှန်အောင်ရေးရုံပဲ။ အရေးကြုံလာရင် သုံးတတ်ဖို့အတွက်. . . . အကုန်လုံးနမူနာပေးထားတာ။

မသိသေးဘူးဆိုရင်. . . ဒါလေးတွေမှတ်လိုက်. . . .

- carved (past participle adj) = ထုထွင်းထားသော ၊ ပန်းပုထုထားသော
- image (n) = ဆင်းတု
- long-legged (adj) = ခြေတံရှည်သော
- pickled (past participle adj) = ချဉ်ထည့်ထားသော
- snake-head fish = ငါးပနော်

**လေ့ကျင့်ခန်း**

ကဲ. . . ဘယ်လောက်သဘောပေါက်သလဲ သိရအောင်ဒါတွေအင်္ဂလိပ်လိုရေးကြည့်လိုက်။ မြန်မာလိုဖတ်ကောင်းအောင်ရေးထားတာနော်. . . .

၁. <u>ထူးဆန်းသည့်</u> <u>ဖွံ့နေသော</u> <u>အနီရောင်</u> <u>ငှက်သေးသေး</u> <u>သုံး</u> ၊ <u>လေးကောင်</u>
၂. <u>ခန်းနား</u> <u>ကြီးကျယ်သော</u> <u>ဆေးသုတ်ထားသည့်</u> <u>သူတို့၏</u> <u>သံ</u> <u>ကုတင်</u>

www.burmeseclassic.com

www.burmeseclassic.com



၃။ လိမ္မာပါးနပ်၍ အိပ်နေသော အညိုရောင် ထို ခွေး ကြီး
၄။ အန္တရာယ်ရှိ၍ ကျယ်သော ပင်လယ်ပြာ
၅။ ဝ၍ ရွေ့လျားနေသော လူလတ်ပိုင်းအရွယ် လူ တစ်ယောက်
၆။ သန်မာသည့် အလုပ်လုပ်နေသော လူ တစ်ချို့
၇။ မှောင်မည်း ရှည်လျားသော ကြောက်စရာ ည တစ်ည

***Answer***

1. Two or three strange small red flying birds
   d quality size colour (p.adj) n
2. Their grand large painted iron bed
   d q s p .adj n n
3. That clever big brown sleeping dog
   d q s c p.adj n
4. The dangerous wide blue sea
   d q s c n
5. A middle-aged fat moving man
   d q s p.adj n
6. Some strong working men
   d q p.adj n
7. An awful long dark night
   d q s c n

**မှတ်ချက်**

တကယ်လက်တွေ့မှာ. . . . modifiers တွေများလာရင်တော်မာ. . ဒါမှမဟုတ်. . *and* နဲ့ဆက်ပေးလို့ရတယ်။ ဒီလိုလေ. . .

- a long, rather wide river.
-

ဒါတွေပိုင်ရင်. . . post-noun modifer အကြောင်းပြောမယ်။

www.burmeseclassic.com

www.burmeseclassic.com



## (B) Post-Noun Modifiers

- Noun တစ်ခုနောက်ဘက် (end position or predicatively) အထူးပြုတဲ့ စကားလုံးကို Post-Noun Modifer လို့ခေါ်တယ်။ ဒီအကြောင်း အခြေခံသဘော Volume (I) မှာပြောခဲ့ပြီးပြီနော်။ ဒီအပိုင်းဟာ စာရေးတဲ့နေရာမှာ သိပ်ပြီးအသုံးဝင်တယ်။ မှတ်ရလွယ်အောင် သုံးမျိုးခွဲပေးလိုက်မယ်။ ဒီဇယားကိုကြည့်လိုက်. . . .

Post-Noun Modifiers

- A. Phrase
  - 1. adjective phrase
  - 2. infinitive phrase
  - 3. participle phrase
    - a. present participle phrase (v-ing)
    - b. past participle phrase ( v-ed/en)
- B. Clause
- C. Nouns-in-apposition

ကဲ. . . တစ်ခုချင်းရှင်းမယ်

## A. Phrase

### 1. Adjcetive phrase

- adjective အလုပ် (the work of an adj) ကိုလုပ်တဲ့ phrase ကို adjective phrase လို့ခေါ်တယ်။ တနည်းပြောရရင် noun ကိုအထူးပြုတဲ့ phrase ပဲပေါ့။ subject နဲ့ object နှစ်ခုလုံးကို အထူးပြုလို့ရတယ်။

ဒီလို . . . . .

- <u>the girl</u> ***with blue eyes.*** (မျက်လုံးအပြာနဲ့ကောင်မလေး)
  n
- <u>the man</u> ***with a gun in his hand.*** (လက်ထဲမှာ သေနတ်တစ်လက်နဲ့လူ)
  n
- <u>vegetables</u> ***for curry.*** (ဟင်းချက်ဖို့ အသီးအရွက်တွေ)
  n

www.burmeseclassic.com

www.burmeseclassic.com



ဒီပုံစံမှာ phrases တွေဟာ nouns တွေကို နောက်ဘက်က predicatively အထူးပြုတာတွေ့ရမယ်။ ဒီ phrases တွေကို ခွဲဆန့်လို့ရသေးတယ်။

ဒီလိုလေ. . . .

- the girl *with blue eyes, prominent nose and curly hair*
  မျက်လုံးပြာပြာ ၊ နှာတံပေါ်ပေါ်၊ ဆံပင်ကောက်ကောက်နဲ့ကောင်မလေး။ (ကော်မာတို့ and တို့သုံးပုံကိုသတိပြုပါ)

**2. Infinitive phrase**

- Infinitive phrase ကို Adjective phrase ထဲမှာ ထည့်လို့ရတယ်။ ပိုပြီးသိစေချင်လို့ ခွဲထုတ်ပေးလိုက်တာပါ။ လွယ်ပါတယ်။ infinitive ပါနေလို့ infinitive phrase လို့ခေါ်တယ်။

ဥပမာ ---

- the book *to read* (ဖတ်ဖို့စာအုပ်)
  n
- the ticket *to leave abroad* (with) (နိုင်ငံခြားသွားဖို့လက်မှတ်)
  n

**3. Participle phrase**

- Participle တွေဟာ phrase ဖြစ်လာတဲ့အခါ noun ရဲ့နောက်မှာ ပဲထားလို့ရတယ်။

***a. Present participle phrase***

- the girl *sitting at the back* (နောက်ဘက်မှာထိုင်နေတဲ့ကောင်မလေး)
  n
- a bird *flying high up in the sky* (ကောင်းကင်အမြင့်မှာပျံနေတဲ့ ငှက်တစ်ကောင်)
  n
- Sharnyo *chasing a girl in a hurry*
  n
  ကောင်မလေးတစ်ယောက်နောက်ကို အလျင်အမြန်လိုက် နေတဲ့ ရှားညို။

www.burmeseclassic.com

www.burmeseclassic.com



***b. Past participle phrase***

ဒါကလည်း သဘောချင်းအတူတူပါပဲ။

- <u>the watch</u> ***bought two years ago*** (လွန်ခဲ့ ၂ နှစ်ကဝယ်ခဲ့တဲ့နာရီ)

  n

- <u>a house</u> ***built before '88*** (၈၈ ခုနှစ်မတိုင်ခင်က ဆောက်ခဲ့တဲ့ အိမ်တစ်လုံး)

  n

- <u>the book</u> <u>written</u> ***in Mandalay by Saya Aung Hein Kyaw.***


  n

ဆရာအောင်ဟိန်းကျော် မန္တလေးမှာရေးခဲ့တဲ့ စာအုပ်။

**လေ့ကျင့်ခန်း**

ပိုပြီးသဘောပေါက်အောင် ဒါတွေကိုအင်္ဂလိပ်လိုပြန်ရေးကြည့်ပါ။

1. Adjective phrases
- ထိုင်ခုံပေါ်က ကားမောင်းသမား
- အခန်းထဲက ကောင်လေးတွေ
- ပါးစပ်ပြူပြူနဲ့မင်းသမီး
- ပင်လယ်ထဲကလှေငယ်တစ်စီး



2. Infinitive phrases
- စားစရာတစ်ခုခု
- လည်ပတ်စရာရွာငယ်တစ်ခု
- ထိုင်စရာခုံတစ်လုံး
- သောက်ဖို့ရေနည်းနည်း



3. Participle phrases
- ဘော်လုံးကန်နေတဲ့ကောင်လေးတစ်ချို့
- ကန်ထဲမှာရေကူးနေတဲ့ ငါးသေးသေးတစ်ကောင်
- တစ်ကိုယ်လုံးခါပြနေတဲ့ကြော်ငြာမင်းသမီးတစ်ယောက်
- အိုးထဲမှာဆားနဲ့ဖိသိပ်ထားတဲ့ငါး (ငါးပိ)
- သေတ္တာထဲမှာ လျှို့ဝှက်စွာ သိမ်းထားတဲ့ ပိုက်ဆံတစ်ချို့ (နည်းနည်း)

www.burmeseclassic.com

www.burmeseclassic.com



**Key**

1. *Adjective phrases*


- a driver *on the seat.*
- the boys *in the room*
- the actress *with a wide mouth*
- a small boat *in the sea*

2. *Infinitive phrases*

- something *to eat*
- a village to visit
- a seat *to sit on*
- some water *to drink*

3. *Participle phrases*


- some boys *playing football*
- a small fish *swimming in the pool*
- an advertising actress *shaking all the body (the whole body)*
- the fish *pressed with salt in the pot*
- some money *kept secretly in the box*



www.burmeseclassic.com

www.burmeseclassic.com






## B. Clause

- Noun တစ်ခုကိုအထူးပြုတဲ့ clause ကို adjective clause လို့ခေါ်တယ်။ နောက်ဘက် (end position) က အထူးပြုတယ်။ phrase နဲ့သဘောချင်းအတူတူပဲ။ Subject နဲ့ Object နှစ်ခုလုံးကို အထူးပြုလို့ရတယ်။

- <u>the book</u> *that (which) you bought yesterday*

    n

မင်း. . . မနေ့ကဝယ်လာခဲ့တဲ့စာအုပ်

- the book you bought yesterday.....လို့လည်းရတယ်။

- <u>the boy</u> *who (that) broke the window*

    n

ပြူတင်းပေါက်ကို ဖျက်တဲ့ကောင်လေး

ဒီမှာ who ကို ဖြုတ်ထားလို့မရဘူး။ ဘာကြောင့်လည်းဆိုရင်. . . ***the boy*** ဟာ ***subject*** ဖြစ်နေတယ်။ အပေါ်စာကြောင်းမှာ ***the book*** က ***object*** ဖြစ်နေလို့ that ကိုဖြုတ်လို့ရတယ်။ ဒီလောက်ပဲ အကြမ်းမှတ်လိုက်ပါ။

- <u>the girl</u> ***whom (who) I met last week.*** - ပြီးခဲ့တဲ့ အပါတ်က ငါတွေ့ခဲ့တဲ့ကောင်မလေး (who ကို subject နဲ့ရော object ပါသုံးနိုင်တယ်)

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ -

the girl က object ဖြစ်နေလို့ whom ကိုဖြုတ်ထားနိုင်တယ်။

the girl *I met last week.*

- the house *that (which) I lived in.*

n

ငါနေခဲ့တဲ့ အိမ်

ဥပမာ -

- in ကို relative pronoun နဲ့တွဲချင်ရင် that နဲ့ မရဘူး which မှရတယ်။
- the house *in which* I lived (...in that I lived ဆိုရင်မရဘူး)
- the house I lived in.......ဆိုလည်းရတယ်။

တစ်ချို့အားနည်းသူတွေပိုပြီး သဘောပေါက်အောင် clause ဖြစ်လာပုံကိုနည်းနည်းရှင်းပြမယ်။

1. *The boy* stole the money. *He* is under arrest.

ကောင်လေးက ပိုက်ဆံခိုးခဲ့တယ်၊ ခု. . . သူ့ကိုဖမ်းထားပြီ၊

ဒီစာကြောင်းနှစ်ကြောင်းကို တစ်ကြောင်းတည်းဖြစ်လာအောင်ရေးမယ်ဆိုရင်. . . တစ်ကြောင်းကို cluase လုပ်လိုက်ရတယ်။

ဒီလို. . . . .

- The boy *who stole the money* is under arrest.

Subject နှစ်ခုထဲက. . . တစ်ခု (he) ကိုဖြုတ်ပြီး who ထည့်ပေးလိုက်တာ၊ ပြီးတော့who ကိုကျန်တဲ့ sub (*the boy*) အနားကိုကပ်ပေးလိုက်ရုံပဲ၊ who stole the money ဟာ phrase ဖြစ်သွားပြီ၊ (ပိုက်ဆံခိုးတဲ့ကောင်လေးကို ဖမ်းထားပြီ)

အဲဒါက. . . subject ကို modification လုပ်တာ၊ ခု. . . . object ကို clause နဲ့ modification လုပ်တဲ့ ပုံစံကိုကြည့်. . . . . .။

2. U Kontanya is waiting for Piyo. He helped *Piyo.*

ဦးကောဏ္ဍညက ပိယိုကိုစောင့်နေတယ်၊ သူက ပိယိုကို ကူညီခဲ့တယ်၊

. . . . နောက်က စာကြောင်းမှ subject ဖြုတ်ပြီး clause လုပ်မယ်

U Kondanya is waiting for Piyo *whom he helped.*

ဦးကောဏ္ဍညဟာ. . . . သူကူညီခဲ့တဲ့ ပိယိုကိုစောင့်နေတယ်၊

- Piyo က object ဖြစ်လို့ whom သုံးတယ်၊ (who ဆိုလည်းရတယ်)

www.burmeseclassic.com

www.burmeseclassic.com



3. Everybody likes *U Zawtika.* His voice is very pleasant.

ဦးဇောတိကကို လူတိုင်းသဘောကျတယ်၊ သူ့အသံက သိပ်သာယာတယ်။

- Everybody likes U Zawtika ***whose voice is very pleasant.***

အသံသာယာတဲ့ ဦး ဇောတိကကို လူတိုင်းသဘောကျတယ်။

- ***U Zawtika*** နဲ့ ***his*** ဟာ တစ်ယောက်တည်းပဲ၊ his က ပိုင်ဆိုင်ခြင်းပြ possessive ဆိုတော့ who နဲ့မရဘူး "whose" နဲ့မှဖြစ်မယ်။

4. I like *the longyi.* Mother bought *it* yesterday.

ငါ(ဒီ)လုံချည်ကိုသဘောကျတယ်၊ ဒီလုံချည်ကို.. မေမေက အမေဝယ်လာခဲ့တာ။

- I like the longyi ***that (which) mother bought yesterday***

မေမေက. . . . အမေဝယ်လာတဲ့ လုံချည်ကို. . . ငါသဘောကျတယ်။

ဒီမှာသိထားရမှာက. . . longyi နဲ့ it ဟာ အတူတူပဲ၊ ဒါကြောင့် it ကိုဖြုတ်. . . that (which) ကို. . . ရှေ့မှာရှိတဲ့ လုံချည်အနားကို ကပ်ပေးလိုက်တာ။

Passive ဆိုရင်တော့. . . . .

- I like the longyi ***which was bought by mother yesterday.***
- လူဆိုရင် who / whom ..... ၊ ပိုင်ဆိုင်ခြင်းဆို whose နဲ့. . . .
- ပစ္စည်းဆိုရင်. . . . which သုံးပါ။
- that ကတော့ အားလုံးအတွက်သုံးလို့ရတယ်။

**လေ့ကျင့်ခန်း**

၁။ ငါတို့အိမ်ကိုလာခဲ့တဲ့လူကြီး

၂။ ငါ့ ကြောင်လိမ္မာဖြူဖြူလေးကို ကိုက်တဲ့ခွေး

၃။ တီဗီထဲမှာ ပေါ်နေတဲ့မင်းသား

၄။ အသက်ကြီးမှ ဝင်သက်ပေါက်တဲ့ မင်းသမီး

၅။ နာမည်ကြီးမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရဆိုတဲ့ မျက်ကလူးဆံပြာ ကြော်ငြာမင်းသမီး

၆။ ပြောင်လိမ်ပြောင် စားလုပ်နေတဲ့ ကုမ္ပဏီ

၇။ အသိဉာဏ်အားနည်းသူတွေကိုလိမ်လည်လှည့်ဖြားနေတဲ့ကြော်ငြာ

၈။ ကွေထိယသိုက်တူးနေတဲ့ ဒါရိုက်တာတွေ

၉။ တံလျှပ်ကိုရေထင်နေတဲ့ မိုဒယ်

၁၀။ လက်လုပ်မှုပါးစပ်လုပ်ရတဲ့လူကြီး

www.burmeseclassic.com

www.burmeseclassic.com



**Answers**

1. the man ***who visited (came to) my house (visit မှာ to မလိုဘူး)***
2. the dog ***that bit my clever white cat***
3. an actor ***who is crazy on T.V*** (T.V ရှေ့မှာ the မလိုဘူး)
4. the actress ***who has caught measles in her old age***


   ဒါဟာ. . . ဝက်သက်ပေါက်တယ်လို့ တိုက်ရိုက်ရေးထားတာ။ ဝက်သက်ကို measles ခဲပေါ့၊ အင်္ဂလိပ်ကတော့ ဆိုလိုရင်း သဘောကိုနားလည်မှာ မဟုတ်ဘူး။ သူတို့နားလည်အောင် ဒီလိုရေးနိုင်တယ်။

   - the old actress ***who acts like a young one.***
   - the old actress ***who acts as if she were an adolescent.***

5. an aggressive advertising actress ***who is ready to do whatever it is for her fame.***

   ဒီနေရာမှာ မျက်တလူးဆံပြာဆိုတာ. . . လုပ်ချင်တာဖြစ်ချင်တာကို သရဲ. . မရဲစီးနေတဲ့သဘောပဲ. . . . ဒါကြောင့် aggressive သုံးတာ

6. the company ***that obviously cheats people***
7. the advertisement ***that tricks less intellect people***
8. directors who chase (after) women (after မပါလည်းဖြစ်တယ်)
9. models ***who believe a mirage to be water***
10. the man ***who lives from mouth to hand*** (ဒါမျိုးကိုတိုက်ရိုက်ပြန်လို့မရဘူး)



www.burmeseclassic.com

www.burmeseclassic.com



## C. Nouns-in-apposition

Apposition (n) ရဲ့အဓိပ္ပါယ်က. . . စကားလုံးတစ်လုံး ဒါမှမဟုတ် စကားစုတစ်ခုကို နောက်ထပ် တစ်လုံး/တစ်စုနဲ့ နောက်ဘက်ကကပ်ပြီး အထူးပြုခြင်း. . . လို့ဆိုလိုတာပါ။ ဒီအခန်းမှာတော့ noun တစ်ခုကိုနောက်ထပ် noun တစ်ခုနဲ့ နောက်ဘက်က (end position) အထူးပြုပုံကို ရှင်းပြမယ်။

1. U Kyaw, ***a kind-hearted doctor,*** is very generous.
(ကြင်နာစိတ်ရှိတဲ့ ဆရာဝန်ဦးကျော်ဟာ သိပ်ပြီးရက်ရောတယ်)
- U Kyaw ဆိုတဲ့ noun ကို a kind-hearted doctor ဆိုတဲ့ noun အထူးပြုထားတာ၊ ကော်မာနဲ့ရေးရတယ်။
2. U Nyannithra, ***an English language teacher,*** teaches English in Mandalay.
ဦးဉာဏ္ဏိဿရလို့ဘွဲ့တော်ရှိတဲ့ အင်္ဂလိပ်စာပြဆရာ (ဘုန်းကြီး) ဟာ မန္တလေးမှာ အင်္ဂလိပ်စာသင်တယ်။
3. Bagan, ***an antient city,*** is famous for antient pagodas.
ပုဂံလို့ခေါ်တဲ့ ရှေးဟောင်းမြို့တော်ဟာ. . . ရှေးဟောင်းဘုရားတွေကြောင့် ကျော်ကြားတယ်။
4. The Shwedagon, ***362-foot-high pagoda,***is a great tourist attraction.
၃၆၂ပေမြင့်တဲ့ ရွှေတိဂုံဘုရားဟာ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်မှုကြီးတခုဖြစ်တယ်။
5. She Nay , ***a nice-looking girl ,*** lives in Kyon Pyaw.
ရှပ်ရည်သန့်သန့်နဲ့ ရှီနေးဆိုကောင်မလေးဟာ. . . ကျုံပျော်မှာနေတယ်။

အစောင်းနဲ့ပြထားတဲ့ nouns တွေဟာ ရှေ့က nouns တွေကိုအထူးပြုထားတာတွေ့ရမယ်။

**လေ့ကျင့်ခန်း**

ဒါတွေကို အင်္ဂလိပ်လိုရေးကြည့်ပါ။

၁. မန္တလေးက ခင်စန်းကြည်ဆိုတဲ့ကောင်မလေးဟာ. . . အင်္ဂလိပ်စကားပြောတတ်တယ်။
၂. စပဲရိုးဆိုတဲ့ သာကေတကကောင်မလေးက. . . အမြဲတမ်းလမ်းပေါ်မှာပဲ။
၃. ပန်းမြို့တော်လို့ခေါ်တဲ့ မေမြို့ဟာသိပ်ပြီးသာယာတယ်။
၄. မိတ်ချင်းမြောင်လို့ခေါ်တဲ့ သဘာဝလိုဏ်ဂူဟာ သိပ်ပြီးစိတ်ဝင်စားစရာကောင်းတယ်။
၅. မိန်းခလေးတွေရဲ့ လက်နက်ဖြစ်တဲ့ မျက်ရည်ဟာ သိပ်ပြီးအစွမ်းထက်တယ်။

***Answers***

1. Khin San Kyi, ***a girl from Mandalay,*** speaks English.
2. Sparrow, ***a girl from Thaketa,*** is always on the road.
3. Maymyo, ***a flower city,*** is very pleasent.
4. Peik-chin-myaung, ***a natural cave,*** is very interesting.
5. Tear, ***a weapon of girls***,is very powerful.

www.burmeseclassic.com

www.burmeseclassic.com



## Unit (4)

# Double Position
## (front position and end position)

ဒီအခန်းမှာ pre-noun modifier (front position) နဲ့ post-noun modifier (end position) နှစ်မျိုးရော ပြီးလေ့ကျင့်ကြည့်မယ်။ ကိုယ်တိုင်က. . ရှေ့ပိုင်းက သင်ခန်းစာတွေကို မကျေညက်သေးဘူးဆိုရင် ဒီအခန်း ကိုမဖတ်ပါနဲ့ ခေါင်းတစ်ခုလုံးပေါက်ကွဲမတတ်ဖြစ်လာပြီး စိတ်ပျက်လက်လျှော့ချင်တဲ့ စိတ်ပေါ် ချင်ပေါ် လာနိုင်တယ်။ ရှေ့အပိုင်းအခန်းတွေပိုင်ထားရင်တော့. . . . ဒါကအကင်းလောက်ပဲရှိမယ်။

ဒီနမူနာကိုကြည့်လိုက်---

pre-modifiers　　**noun**　　post-modifiers

An old high gray reclining ***building*** out of the twon built in 1950 to use as an office

d quality length colour participle Noun phrase phrase phrase

တဲ. . . . ဒါကိုကြည့်ပြီး စိတ်ညစ်သွားပြီးလား။ ဒါ. . . intermediate level နော်။ ဒါလောက်တော့ရှိမယ်။ ခွဲနိုင်ဖို့တော့လိုတယ်။ ဒီထက်ပိုပြီး modification လုပ်လို့ရသေးတယ်။ ထပ်တလဲလဲဖတ်မှရမယ်နော်။

**ရှင်းလင်းချက်**

- Post-noun modifers မှာ phrase သုံးခုဖြစ်နေတာတွေ့ရမယ်။ out of the town (place)နဲ့ built in 1950 (time) ဆိုတာတွေပဲ။ ဒီလိုယှဉ်လာရင် place ကို အရင်ရေးပြီး time ကိုနောက်မှာရေးလိုက်. . . အဲဒီနောက်မှာတော့ infinitive phrase ပဲပေါ့

**လေ့ကျင့်ခန်း**

ဒါတွေကို အင်္ဂလိပ်လိုပြန်ရေးကြည့်. . . . စိတ်ရှည်ရှည်ထား. . .

၁. အရပ်ဆိုးဆိုး၊ နှုတ်ခမ်းထူထူ. . . နီနီရဲရဲ မျက်လုံးပြူးပြူး. . . ဒါရိုက်တာတစ်ယောက်ရဲ့ အကူအညီနဲ့ကြော်ငြာ တစ်ခု့မှာ သရုပ်ဆောင်နေတဲ့မင်းသမီးတစ်ယောက်။

၂. အသက်ကြီးပြီးဆံပင်တိုတို. . . အသံကွဲရှရှနဲ့ သူ့ရဲ့သီချင်းကြောင့်နာမည်ကြီးနေတဲ့ မင်းသမီးတစ်ယောက်၊

၃. အသားဖြူဖြူ ရှပ်ချောချော၊ ဆံပင်ရှည်ရှည်နဲ့. . . ဆွဲဆောင်မှုရှိတဲ့ သရုပ်ဆောင်မှုနဲ့ကိုယ် ပိုင် အရည်အသွေး ကြောင့်နာမည်အကြီးဆုံးဖြစ်နေတဲ့ မင်းသမီးတစ်ယောက်၊

၄. မြို့ကြီးတွေနဲ့ 　　မဝေးတဲ့. . . သာယာတဲ့ရွာငယ်ကလေးတစ်ရွာ၊

၅. ရန်ကုန်မြို့လယ်၊ မဟာဗန္ဓုလလမ်းနဲ့ဆိပ်ကမ်းသာလမ်းထောင့် အဆောက်အဦးသစ်မြင့်မြင့်မှာရှိတဲ့. . . ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



တွေအပြည့်နဲ့ စာရေးဆရာဦးအောင်ဟိန်းကျော်ရဲ့ စာသင်ခန်း။

၆. ပဲခူးရိုးမရဲ့ နောက်ဆုံးတောင်စွယ်ဖြစ်တဲ့ သိဂုတ္တရကုန်းမြင့်ပေါ်မှာ ထင်ထင်ရှားရှားတည်ရှိနေတဲ့. . . ရွှေတွေနဲ့ ဝင်းလက်ပြီး ကျက်သရေအပြည့်ရှိတဲ့ပေ ၃၂၆ မြင့်တဲ့ ရွှေတိဂုံဘုရား။

၇. အရွယ်ဆိုးဆိုး အသားမည်းမည်းနဲ့လမ်းပေါ်မှာထိုင်နေပြီး. . . လမ်းသွားလမ်းလာတွေဆီမှ ပိုက်ဆံတောင်းနေတဲ့ လူကြီးတစ်ယောက်၊

***Answers***

1. an ugly actress with wide eyes and thick yellow lips acting for some advertisements with the help of a director

   d q n ph ph ph

ဒီလိုရေးလို့လည်းရတယ်. . . .

an ungly actress, ***with wide eyes and thick yellow lips,*** acting for some advertisements with the help of a director.

ဒီလိုကော်မာ( ,. . ,. . ) ခံပြီးရေးရတဲ့ သဘောကိုနောက်ထပ် ထွက်လာမဲ့ စာအုပ် ကျမှပဲ အသေးစိတ်ရှင်းပြမယ်။ ခုတခါတည်းပြောလိုက်ရင် စိတ်များညစ်သွားမလားလို့. . . . . .

2. an old actress with short hair and cracking voice (who is ) famous for her songs

   d q n ph ph

   - who is ကိုဖြုတ်လို့ရတယ်၊ who is ပါနေရင်တော့ clause ဖြစ်သွားမယ်။

3. an attractive beautiful fair actress with long hair who is the most famous for her own ability

   d q q c n ph ph ph

4. a pleasant small village (which is) not far from cities

   d q s n ph

   -which is ပါနေရင်တော့ clause ဖြစ်သွားမယ်နော်. . . .၊

www.burmeseclassic.com

www.burmeseclassic.com



- နောက်တစ်မျိုး . . . . .

a pleasant small village, not *far from cities*

5. writer U Aung Hein Kyaw's class filled with students which is in a new high
n n adj ph
building on (at) the corner of Bandoola and Seikantha Street in the middle of
ph ph
Yangon.

ဒါကိုလည်း. . . ရှည်ပြီးရှုပ်ထွေးနေတယ်လို့ထင်ရင်. . . ကော်မာနှစ်ခုနဲ့ဖြတ်ပေးလို့ရတယ်။

- writer U Aung Hein kyaws' class, ***filled with students***, in a new high building on the conner of Bandoola and Seikantha Street, in the middle of Yangon

6. fully glorious , 326-foot-high ***Shwedagon pagoda*** (which is) brilliant with gold
adv q adj-size n ph
and distinctly (obviously) located on the Singottra hill (that is) the last spur of
ph ph
Peguyoma

ဒီစာကြောင်းမှာ relative pronoun + be ကိုဖြုတ်လိုက်ရင် phrases တွေဖြစ်သွားမယ်၊ phrase တွေရှည်ပြီး များလာရင် ကော်မာတွေခံပြီး ဒီလိုရေးရတယ်။

- fully glorious , 326-foot-high Shwedagon pagoda, brilliant with gold and distinctly located on the Singottra hill, the last spur of Peguyoma.

7. an ugly dark man (who is) sitting on the road and asking for money from passers-
d q c n ph ph
by.

ဒီပုံစံတွေမှာ phrase တွေထပ်လာရင် and နဲ့ဆက်ပေးထားတာ သတိပြုပါ၊ No.6 မှာ ***326-foot-high*** ဆိုတာက စကားလုံးတွေ phyphen နဲ့ပေါင်းပြီး adj တစ်လုံးတည်းဖြစ်အောင် (compound word) လုပ်ထားတာ (hypenated adj) လို့ခေါ်နိုင်တယ်။ ရှေ့မှာထားလို့ရတာပေါ့။

ပိုရှင်းအောင်ထပ်ပြောမယ်. . . . noun ရှေ့မှာ single adjective ပဲထားလို့ရတယ်၊ phrase နဲ့ clause

www.burmeseclassic.com

www.burmeseclassic.com



တွေဆိုရင် နောက်ဘက်ပို့လိုက်ပါ. . . ဒါပေမဲ့ . . . phrase ပဲဖြစ်ဖြစ် (cluase ပဲဖြစ်ဖြစ်. . . sentenceရဲ့ ရှေ့ဆုံးမှာထားလို့ရတယ်။ အဲဒါကို ခုမစဉ်းစားနဲ့။ နောက်ပိုင်းအခန်းမှာထည့်ရှင်းထားတယ်။

**မှတ်ချက်**

ခုရှင်းပြခဲ့တာတွေဟာ noun တစ်လုံးတည်းကို အထူးပြု (modification) တာပဲရှိသေးတယ်။ ဒီ noun ဟာ subject ရော objective ပါဖြစ်နိုင်တယ်။ သဘောမပေါက်သေးရင် တစ်ခါထပ်ခါလေ့လာပါ။ သိပ်လို့အပ်ရင် ဆရာနဲ့လာတွေ့. . . တချို့ဆိုရင် ဆရာသင်တန်းကိုတောင်ရောက်နေကြပြီ။

တဲ့. . . နောက်တစ်မျိုးပြောင်းမယ်. . . .

## Unit (5)

## Adjective Modifiers

- Adjective တွေကိုရှေ့ဘက် (front position) က (attributively) အထူးပြုတဲ့အကြောင်းကို Volume (I) မှာ ပြောခဲ့ပြီးနော်။ ဒီမှာ လိုရင်းပဲပြောမယ်။ မှတ်ထားရမှာက. . . adjective ကိုနောက်ဘက်က အထူးပြုလို့မရဘူးဆိုတာပဲ။ အထူးပြုတဲ့ သုံးမျိုးကတော့. . .

1. Adjective
2. Adverb
3. Qualifier or Intensifier

**ထပ်ခုရှင်းကြည့်မယ်**

**1. Adjcetive**

- Adjective တစ်လုံးကို ရှေ့ဘက်က. . . တစ်လုံးမကတဲ့ adjectives တွေနဲ့ အထူးပြုလို့ရတယ်။ ဒါက အဆန်းမဟုတ်ဘူး pre-noun modifier တုန်းကရှင်းပြီးပြီ။ ပြန်ပြောရမယ်ဆိုရင်. . . .

ဒီပုံစံ –

- <u>pale</u> <u>blue</u> <u>eyes</u> (ပြာလဲ့လဲ့ မျက်လုံးတွေ)
  adj adj n
- <u>bright</u> <u>red</u> <u>shirt</u> (ရှပ်အင်္ကျီနီနီရဲရဲ)
  adj adj n

www.burmeseclassic.com

www.burmeseclassic.com



- Pleasant, wide, green forest (သာယာကျယ်ပြန့်စိမ်းလန်းတဲ့သစ်တော) (ကော်မာတွေချည်းပဲ)
- Pleasant, wide and green forest (အဓိပ္ပါယ်တူတူပဲ) (and တစ်လုံးထည့်ပေးထားတယ် ပိုရှင်းတာပြပေါ့)

## 2. Adverb

Adverb တစ်လုံး. . ဒါမှမဟုတ် ဒီထက်ပိုပြီး adjective ကိုအထူးပြုလို့ရတယ်။

- extremely and terribly bad weather (အလွန်အကျွဲဆိုးတဲ့ရာသီဥတု)
  adv adv adj
  extremely နဲ့ terribly နှစ်ခု bad ကိုအထူးပြုထားတယ်။ and နဲ့ဆက်ပေးပါ။
- slowly and gently coming breeze (ဖြေးညင်းငြင်သာစွာတိုက်လာတဲ့လေပြေ)
  avd adv adj
- quite fat and rather dark (တော်တော့်ကို၀၍ အနည်းငယ်အသားမည်းသော)
  adv adj adv adj
  (-quite နဲ့ rather ဟာ adverb တွေနော်. . .)
- attratively and beautifully dancing (ဆွဲဆောင်မှုရှိ၍ လှပစွာကနေသော)
  adv adv adj

## 3. Qualifier or Intensifier

- Adjective တစ်လုံးကိုပိုပြီးအဓိပ္ပါယ်လေးနက်အောင် အထူးပြုပေးတဲ့စကားတွေရှိတယ်။ ဒီလို စကားလုံးမျိုးတွေ. . . .

1. very 2. rather 3. quite 4. so 5. too 6. more 7. most.....

ဥပမာ -

- *very* beautiful (အလွန်လှပသော)
  *very very* beautiful (အလွန်အလွန်ကိုလှပသော)
- *rather* old (အတန်အသင့်အေးသော)
- *quite* nice (တော်တော့်ကိုကောင်းသော)
- *so* sorry (အလွန်ဝမ်းနည်းသော)
- *too* hot (တော်တော့်ကိုပူသော)

**မှတ်ချက်**

Adverb modifier အကြောင်းကို သီးခြားမရှင်းပြတော့ဘူး။ Verb modifier ထဲမှာပါသွားလိမ့်မယ်။ Verb ကို modification လုပ်တဲ့ words နဲ့ phrase တွေဟာ adverb ဖြစ်နေလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## Unit (6)

### Verb Modifiers

Verb ကို အထူးပြုတဲ့ adverbs တွေကို Volume (I) မှာ အကြမ်းဖျင်း (၃)မျိုးခွဲပြီးရှင်းပြထားတယ်။ အဲဒါကိုသဘောပေါက်ရင်. . . . ခု ဒီထက်ပိုပြီး နည်းနည်းလောက်အသေးစိတ်ရှင်းပြမယ်။ အကုန်လုံးတော့ မဟုတ်သေးဘူး။ ဒီထက်ရှုပ်ထွေးလာတဲ့အပိုင်း (analysis) ကိုနောက်ထွက်လာမယ့် စာအုပ်တွေမှာစောင့်ဖတ် . . . ။ တဆင့်ချင်းတော့ ပိုင်နေဖို့ လိုတယ်နော်။

### 2. ADVERBS

- 1. Adverb of frequency
  - a. Single
  - b. Phrase
- 2. ly-ending Adverb
- 3. Adverb of Degree
- 4. Adverb of D,M,P,T,R

တဲ. . . တစ်ခုချင်းသွားမယ်. . .

**1. Adverb of Frequency**

(အကြိမ်ပြနာမဝိသေသန)

သူကိုနှစ်မျိုးထပ်ခွဲမယ်

***a. Single adverb***

ရှင်းပါတယ်။ တစ်လုံးတည်းရှိတဲ့ adverb တွေကို single adverb လို့ခေါ်လိုက်မယ်။ ဥပမာ. . .

ဥပမာ -

| | |
|---|---|
| seldom | usually |
| often | unusually |
| never | frequently |
| ever | rarely |
| always | generally |
| sometimes | occasionally |

ဒီအထဲမှာ ever ကို မေးခွန်းအတွက်သုံးတယ်။ statement မှာသုံးချင်ရင် hardly , scarcely ဆိုတာတွေနဲ့ တွဲသုံးတယ်။ ဖြစ်ခဲ့တယ်. . . လုပ်ခဲ့တယ် ဆိုတဲ့အဓိပ္ပါယ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com


***Position*** (နေရာအနေအထား)

Adverb တွေရဲ့ position (နေရာအနေအထား) သုံးပုံမျိုးရှိတယ်။ front-position, mid-position and end-position ...ဆိုတာတွေပဲ။ ဒီအထဲမှာ position တစ်ခုပဲထားလို့ရတဲ့ adverb တွေ ရှိသလို. . . position နှစ်ခုနဲ့ . position သုံးခုလုံးထားပြီး သုံးနိုင်တာတွေရှိတယ်။ ဒီအခန်းမှာတော့. . . ဒီ level လောက်နဲ့ချိန်ပြီးရေးပေးလိုက်မယ်။

ခုပေးထားတဲ့ စကားလုံးတွေကို သာမန်အားဖြင့် mid-position မှာထားပြီး သုံးတယ်။ subject နဲ့ verb ရဲ့အလယ်(ကြား)မှာပေါ့. . .။

ဥပမာ -

1. I *seldom* go to bed late. (ငါ အိပ်ရာနောက်ကျပြီးဝင်ခဲ့တယ်)
2. I *often* drink tea. (ငါမကြာခဏ လက်ဖက်ရည်သောက်တယ်)
3. I *always* try to speak English. (ငါ အင်္ဂလိပ်စကားပြောဖို့ အမြဲကြိုးစားတယ်)
4. They *sometimes* play football. (သူတို့တစ်ခါတစ်ရံ ဘောလုံးကစားတယ်)
5. He *usually* takes a walk in the evenings. (သူညနေဘက်တွေမှာလမ်းလျှောက်လေ့ရှိတယ်)

ထူးခြားချက်

Emphasis (အလေးထားဖော်ပြတာ)ဆိုရင်. . . ဒီလိုစကားလုံးတွေကို ရှေ့ဆုံးမှာ ထားလို့ရတယ်၊ front-position ပေါ့။

1. Frequently I try to speak English.
   မကြာခဏပဲ. . . ငါအင်္ဂလိပ်စကားပြောဖို့ကြိုးစားတယ်။
2. Sometimes they play football.
   တစ်ခါတစ်ရံ သူတို့ဘောလုံးကစားကြတယ်။
   "တစ်ခါတစ်ရံ"ပါပဲဆိုတာကို အလေးထားဖော်ပြတယ်။
3. Usually cats like to sleep with people.
   ကြောင်ကလေးတွေဟာ လူတွေနဲ့ အိပ်ချင်လေ့ရှိတယ်။
   "အလေ့အထ"ရှိတယ်ဆိုတာကို ပေါ်လွင်စေချင်တယ်။
4. Often I drink strong tea.
   ငါ. . . လက်ဖက်ရည်ကျကျကိုမကြာခဏသောက်တယ်။
   "မကြာခဏ"ဆိုတာကို ပေါ်လွင်စေချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်

ခုပြောခဲ့တဲ့ single frequency adverb အမျိုးအစားကို end-position (နောက်ဆုံး) မှာထားပြီးသုံးတာနည်းတယ်၊ ရှိတော့ရှိတယ်။ Vol-3...Unit 4 မှာ အသေးစိတ်ပြောထားတယ်။

*(b) Phrase*

(adverb phrase of frequency)

တစ်လုံးတည်း (single) မဟုတ်တဲ့စကားစု (phrase) ဖြစ်နေတဲ့ frequency adverbs တွေရှိသေးတယ်။

ဥပမာ -

| | |
|---|---|
| once a day | = တစ်နေ့မှာတစ်ကြိမ် |
| twice a week | = တစ်ပါတ်မှာနှစ်ကြိမ် |
| very few days | = ရက်အနည်းငယ် |
| day in day out | = ကနေ့ကုန်တနေ့ခမ်း |
| now and again | = မကြာခဏ |
| again and again | = ထပ်ခါတလဲလဲ |
| every year | = နှစ်စဉ် |
| till now | = ခုချိန်ထိ |

ဒီပုံစံတွေကတော့. . . ပြောနေရင်ဆုံးမှာမဟုတ်ဘူး။ အလားတူအများကြီးရှိတယ်။

**Position**

ဒါတွေဟာ phrase တွေဖြစ်နေတယ်ဆိုတော့. . . ရှင်းပါတယ်။ သာမန်အားဖြင့် verb ရဲ့နောက်မှာရှိနေရမယ်။ ဒါပေမဲ့ verb နောက်မှာ object ရှိနေရင်တော့ အဲဒီ object ရဲ့နောက်ကိုပို့လိုက်ရုံပဲ။ သူ့ကို emphasis (အထူးပြုချင်တယ်) ဆိုရင် sentence တစ်ခုလုံးရဲ့ ရှေ့ဆုံးမှာထားလို့ရတယ်။ ဒီတော့ position သုံးမျိုးမှတ်ရမယ်။

ဒီဥပမာတွေကိုကြည့်လိုက်

1. I <u>sleep</u> *once a day* (ငါ. . . တနေ့မှာတစ်ခါအိပ်တယ်)
   v

   *Once a day* I sleep. (phrase ကို emphasis လုပ်တာ)

   (ဒီထက်ပိုပြီးလိုက်နိုင်ရင်တော့မှတ်လိုက်. . sleep က intransitive verb ဖြစ်လို့ obj မလိုတာ၊ ဒါကြောင့် intransitive verb ဆိုရင်ဒီလို phrases တွေကို verb ရဲ့နောက်မှာဆက်ပြီးအလိုက်သင့်ရေးလိုက်ရုံပဲ)

www.burmeseclassic.com

www.burmeseclassic.com



2. They work *day in day out.*

v

သူတို့ တနေကုန်တနေခမ်းအလုပ်လုပ်ကြတယ်။

*Day in day out* they work.

3. You yawn *again and again*

v

မင်းဟာ. . . ခဏခဏသမ်းတယ်။

*Again and again* you yawn. (emphasis)

ဒါတွေအားလုံး transitive verb တွေနဲ့ နမူနာပေးထားတာ။ ခု transitive verb (objective လိုတဲ့ကြိယာ) နဲ့နမူနာပေးမယ်။

1. I take a bath *twice a day.* (ငါတစ်နေ့ကို ရေနှစ်ကြိမ်ချိုးတယ်)

v obj

- take ဆိုတဲ့ verb ရဲ့နောက်မှာ a bath ဆိုတဲ့ object ပါနေလို့ twice a day ကနောက်ဆုံး end-position ကိုရောက်သွားတယ်။ အဲဒါကို. . .

I take *twice a day* a bath.

. . . လို့ရေးရင်မရဘူး။ ခုအဆင့်မှာမရဘူးလို့ဘဲ မှတ်လိုက်ပါ။ တစ်ခါတစ်ရံမှာ ဒီလိုရေးမှုဖြစ်တာမျိုးတွေရှိတယ်။ အထူးသဖြင့် object က ရှည်နေတဲ့ phrase တို့ clause တို့ဖြစ်နေတဲ့အခါမျိုးမှာပေါ့လေ။ အဲဒါကို ခုလောလောဆယ်တော့ မသိချင်ပါနဲ့ နားရှုပ်သွားမှာစိုးလို့ပါ။ အချိန်တန်ရင်လာပါလိမ့်မယ်။ သိပ်လောဘကြီးပြီးအရမ်းစားပစ်လိုက်ရင်. . အစာမကြေဘဲ ဝမ်းရောဂါတတ်ဆိုတာကြားဖူးတယ်နော်. . .၊ သူ့ကို emphasis လုပ်ချင်ရင်တော့ ဒီလိုရေးလိုက်. . .

*Twice a day* I take a bath. (emphasis)

2. He studies English *day in day out.*

v abj

သူ အင်္ဂလိပ်စာကို တနေကုန်တနေခမ်းလေ့လာတယ်။

အပေါ်ကတိုင်းပဲ. . . phrase ကို အလယ်မှာ ထားလို့မရဘူး။

*Day in day out* he studies English. (emphasis)

3. You sing a song *again and again.*

v obj

မင်း. . . ခဏခဏသီချင်းဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



***Again and again*** I heard you sing a song. (emphasis)
ဒါလောက်ဆိုသဘောပေါက်တယ်နော်၊ နောက်တစ်မျိုးပြောမယ်။

## 2. Ly-ending Adverb

Volume (I) ကိုလေ့လာပြီးရင်. . ဒါကိုသဘောပေါက်ပြီးဖြစ်မှာပါ။ မှတ်ရတာလွယ်အောင်လို့ခွဲပေးလိုက်တာ၊ ly နဲ့ဆုံးတဲ့စကားလုံး (adverb) တွေကိုပြောတာပါ။ အထူးသဖြင့် adjective ကနေ ly-ပေါင်းပြီးဖြစ်လာတဲ့ adverb တွေပေါ့၊ ဒါပေမဲ့ position မှာ. . . frequency ထဲမှာပါနေတဲ့ ly - နဲ့ဆုံးတဲ့ adverb တွေနဲ့. . . အားလုံး တူတာတော့မဟုတ်ဘူး။ frequency adverbs တွေကိုတော့ သီးခြားမှတ်ရမယ်။

**ထူးခြားချက်**

ခုပြောမဲ့ ly-ending adverbs တွေက sentence ရဲ့နောက်ဆုံး end position မှာထားလို့ရပေမဲ့. . frequency ထဲက adverb တွေကိုအဲဒီလို end position မှာထားလို့မရဘူး။

ဒါတွေကိုကြည့်လိုက်. . . .

| | | | |
|---|---|---|---|
| open | - | openly | = ပွင့်လင်းစွာ / ပွင့်ပွင့်လင်းလင်း |
| secret | - | secretly | = လျှို့ဝှက်စွာ / လျှို့လျှို့ဝှက်ဝှက် |
| quick | - | quickly | = မြန်ဆန်စွာ ၊ မြန်မြန် |
| obvious | - | obviously | = သိသာစွာ ၊ သိသိသာသာ |
| automatic | - | automatically | = အလိုလျှောက် |
| polite | - | politely | = သိမ်မွေ့စွာ ၊ သိမ်သိမ်မွေ့မွေ့ |
| united | - | unitedly | = ညီညွတ်စွာ ၊ ညီညီညာညာ |

ဒီလိုစကားလုံးတွေဟာ ly-ending adverbs တွေပါပဲ၊ သူတို့အားလုံး adjective က ဖြစ်လာတဲ့ adverb တွေ။ ဒီစကားလုံးတွေဟာ သိပ်နိုင်ပြီး သိပ်လွယ်ပေမယ့် စာရေးတဲ့နေရာမှာသိပ်ပြီး အသုံးဝင်တယ်။ သိထားရမှာက သူတို့ရဲ့ position ......

***Position*** (နေရာအနေအထား)

လွယ်လွယ်ပြောရရင်. . ဒီစကားလုံးတွေကို verb နဲ့ object ကြားကလွဲလို့ ကြိုက်တဲ့နေရာမှာထား။ တကယ် လို့ verb ရဲ့နောက်မှာ object မပါရင်တော့. . . verb ရဲ့နောက်မှာပဲပေါ့၊ ဒါလောက်သိထားရင် ဒီအဆင့်နဲ့ လုံလောက်ပြီ။ ချင်းချက်အနေနဲ့ ဘယ်လိုအချိန်အခါမှာ. . . verb နဲ့ object ကြားမှာထားရမယ် ဆိုတာကို အချိန်တန်ရင်ပြောပြမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာတွေကိုကြည့်လိုက် ----

1. He <u>comes</u> ***quietly.*** (သူအသာလေးဝင်လာတယ်)

   v

   နောက်မှာ obj မရှိလို့ come (intransitive) နောက်မှာ quietly ကိုထားတာ (end-position)

- He ***quietly*** comes.

   sub နဲ့ verb ကြားမှာထားလို့ရတယ်။ (mid position)

- ***Quietly*** he comes.

   ရှေ့ဆုံးမှာထားတာက emphasis လုပ်ချင်လို့. . . (front position)

2. They <u>love</u> <u>him</u> ***deeply.*** (သူတို့က သူ့ ကိုအရမ်းချစ်တယ်)

   v o

   Obj (him) ပါနေလို့ deeply က နောက်ဆုံးကိုရောက်သွားတာ (ဒါ transitive verb နော်)

- They ***deeply*** <u>love</u> him.

   deeply ကို verb ရဲ့ ရှေ့ကကပ်ထားလို့ရတယ်။ (mid position)

- ***Deeply*** they love him.

   emphasis လုပ်တဲ့သဘောနဲ့ deeply ကို ရှေ့ဆုံးပို့တာ (front position)

   (They love deeply him...........ဆိုရင်မရဘူးနော်)

3. He <u>admitted</u> <u>his mistake</u> ***openly.*** (သူဟာ သူ့ရဲ့အမှားကို ပွင့်ပွင့်လင်းလင်းဝန်ခံခဲ့တယ်)

   v o

   ဒီမှာ. . . transitive verb ဖြစ်ပြီး (obj ပါနေလို့) openly ကိုနောက်ပို့တာ (end position)

- He ***openly*** admitted his mistake.

   ဒါက mid position....

- ***Openly*** he admitted his mistake.

   ဒါက front position ပဲ။ emphasis လုပ်ချင်လို့ openly ကိုရှေ့ပို့တာ

4. He <u>wept</u> ***earnestly.*** (သူ. . . နှိုက်ကြီးတငင်ငိုကြွေးခဲ့တယ်)

   v

   ဒီမှာ obj မပါဘူး(wept)intransitive verb ဖြစ်နေလို့ earnestly က end position. ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



- He *earnestly* wept.

  earnestly က mid position မှာရှိတယ်။

- *Earnertly* he wept.

  ဒီမှာကျတော့ front position ဖြစ်သွားပြီ

တဲ . . နောက်တစ်မျိုးကြည့်ရအောင် . . .

**3. Adverb of Degree**

ဒီအထဲမှာပါတာတွေကတော့ almost နဲ့ very, too, quite...စကားလုံးမျိုးတွေ။ very, too, quite ဆိုတာတွေက (adj + be) ကဖြစ်လာတဲ့ verb တွေကို အထူးပြုတာ။ ဒါကြောင့် သူတို့ ကို adjective modifier ထဲမှာ ထည့်ပေးခဲ့ပြီးပြီ။ ဒါကြောင့် ဒီမှာတော့ ***almost*** အကြောင်းပဲပြောမယ်။

- amlost က လုနီးပါး . . . ဖြစ်တော့မလို့ဆိုတဲ့သဘောပဲ၊ **nearly** နဲ့အဓိပ္ပါယ်ဆင်တူတယ်။ သူ့ရဲ့ position က verb ရဲ့ရှေ့(တနည်းအားဖြင့် sub နဲ့ verb ရဲ့ကြား) တနေရာမှာပဲရှိတယ်။ အဲဒါ mid position ပဲပေါ့။

ဥပမာ -

- I ***almost*** <u>made</u> a mistake. (ငါအမှားလုပ်ခဲ့မိတော့မလို့ . . . )

  v

- They ***amlost*** <u>fight</u>. (သူတို့ရန်ဖြစ်တော့မလို့)

  v

နောက်ထပ်မှတ်ရမှာက . . . almost ဟာ adverb ကိုလည်းရှေ့ကနေ (attribu tively) အထူးပြုလို့ရတယ်။ ဒီလိုလေ . . .

- It is a word (that) you ***almost*** <u>always</u> say.

  adv

  အဲဒါမင်း . . . အမြဲတမ်းလိုလိုပြောတဲ့စကားပဲ။

  ဒီမှာကျတော့ . . . almost ဟာ always ကိုအထူးပြုတယ်။

- He ***almost*** <u>certainly</u> get a job. (သူဟာ . . . အလုပ်ရဖို့သေချာသလောက်ပဲ)

  adv

ဒီမှာလည်း ***almost*** ဟာ . . . သေချာတယ်ဆိုတဲ့ ***certainly*** ကိုအထူးပြုတယ်၊ "သေချာသလောက်" ဆိုတဲ့သဘောပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



**ထူးခြားချက် –**

Almost ဟာ verb နဲ့ adverb ကိုသာမကဘဲ nouns, adjectives, prepositions, determiners တွေနဲ့ pronons တွေကိုပါအထူးပြုတယ်။ ခု. . . ကြိုတုန်းအဲဒါလေးတွေပြောပြမယ်။

- Your opinion is ***almost*** <u>wrong.</u>

  adj

မင်းရဲ့ အယူအဆကမှားနေသလောက်ပဲ။ (မှားလုနီးပါး) ဖြစ်နေပြီ။

ဒီမှာ almost က adj ကို ရှေ့ဘက်ကအထူးပြုတာ။

- Everybody is ***almost*** <u>ready.</u>

  adj

လူတိုင်းလူတိုင်း. . . အဆင်သင့်နီးပါးဖြစ်နေပြီ။

ဒီမှာလည်း almost က adj (ready) ကိုအထူးပြုတာပါပဲ။

- He is ***almost*** <u>twenty</u> (years old)

  n

သူ. . . အသက်နှစ်ဆယ်ပြည့်လုနီးပါးရှိနေပြီ။

ဒီမှာကျတော့ almost က ***twenty*** ဆိုတဲ့ noun ကို အထူးပြုတယ်။

- He is ***almost*** <u>six</u> feet tall.

  n

သူဟာ အရပ်ခြောက်ပေနီးပါးမြင့်တယ်။

ဒါလည်း almost ဟာ noun ဖြစ်တဲ့ ***six*** ကိုအထူးပြုတာပဲ။

- You stepped ***almost*** <u>on</u> the fire.

  p

မင်းဟာ. . မီးပေါ်ကိုနင်းမိတော့မလို့ပဲ။

ဒီမှာ on ဆိုတဲ့ preposition ကိုအထူးပြုတယ်။

- The padgoda is ***almost*** <u>opposite</u> the park.

  p

ဘုရားဟာ. . ပန်းခြံရဲ့မျက်နှာချင်းဆိုင်တည့်တည့်လောက်မှာရှိတယ်။

-almost က opposite (မျက်နှာချင်းဆိုင်)ကိုအထူးပြုတယ်။

- ***Almost*** <u>nobody</u> marries him. (သူ့ကိုလက်ထပ်မယ့်သူ မရှိသလောက်ပဲ

  pro

ဒီမှာ alomst က nobody ( none of you) ဆိုတဲ့ pronoun ကိုအထူးပြုတယ်။ ဒါတွေကတော့ ကြိုတုန်းလေး . . . သိစေချင်လို့ထည့်ပေးလိုက်တာ။ ခု. . . နောက်ဆုံး modifier အကြောင်းပြောရအောင်. . ။

www.burmeseclassic.com

www.burmeseclassic.com



## 4. Adverb of D,M,P,T,R

ဒီအပိုင်းကို volume (I) မှာ ပြောပြီးပြီနော်. . . . ။ ခု. . . ပြည့်ပြည့်စုံစုံပြောမယ်။ ဒီစကားလုံးတွေကို အစိပ်ပိုင်းဖွင့်လိုက်ရင်. . . .

a. D = Adverb of Direction (ဦးတည်ရာပြ)
b. M = Adverb of Manner (ဘယ်လို၊ ဘယ်ပုံ၊ ဘာနဲ့ဆိုတဲ့ ဟန်ပန်အမူအရာပြ)
c. P = Adverb of Place (နေရာပြ)
d. T = Adverb of Time (အချိန်ပြ)
c. R = Adverb of Reason or Purpose (အကြောင်းပြ၊ ရည်ရွယ်ချက်)

တစ်ခုချင်းအသေးစိတ်ကြည့်ရအောင်. . . . .

### (a) Adverb of Direction

တနေရာရာကိုဦးတည်တဲ့single words or phrases တွေကိုခေါ်တယ်။ဦးတည်ရာကို ဖော်ပြတဲ့ စကားလုံးတွေ နဲ့. . . အဲဒီစကားလုံးတွေနဲ့စတဲ့ စကားစုမျိုးတွေပါပဲ။ into, to,towards, backwards, upwards, downwards,.. ဆိုတဲ့စကားလုံးမျိုးတွေကို ပြောတာ။

ဥပမာ. .

into the room = အခန်းထဲသို့
to Yangon = ရန်ကုန်သို့
towards me = ငါ့ဘက်သို့
onward(s) = အပေါ်ဘက်သို့
backward(s) = နောက်ဘက်သို့
forward(s) = ရှေ့ဘက်သို့

သုံးတဲ့အခါ verbရဲ့ နောက်ကထားပြီးဒီလိုသုံးတယ်၊

He went *into the room.* (သူအခန်းထဲကို ဝင်သွားတယ်)

The stone rolls *towards* me. (ကျောက်ခဲငါ့ဘက်ကို လိမ့်လာတယ်)

The class is open from 8:00 am *onwards.* (သင်တန်း ၈နာရီကစပြီး ဖွင့်တယ်)

Parents ' devotion always flows *forwards.*
(မိဘမေတ္တာဟာ အမြဲတမ်းရှေ့ဘက်ကိုပဲစီးဆင်းတယ်)

It is not easy to turn *backwards* if you are in the habit of gambling.
(လောင်းကစားဟာ စွဲသွားရင် နောက်ပြန်လှည့်ဖို့မလွယ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**(b) Adverb of Manner**

ဘယ်လိုလုပ်တယ်၊ ဘာနဲ့သွားတယ်. . . လာတယ်ဆိုတဲ့ . လုပ်နည်းလုပ်ဟန် အမူအရာတွေ ဖော်ပြတဲ့ adverb ကို ခေါ်တယ်။ single adverb ရော. . . phrase ပါဖြစ်နိုင်တယ်၊

ဥပမာ. . .

happily, slowly, fast .........ဆိုတာမျိုးတွေ

against the wind = လေကိုဆန်၍

by the wind = လေဒဏ်ကြောင့်

in a rush = ကမန်းကတန်း ..

ဒါတွေကို ဒီလိုသုံးတယ် ....

Don't try to fly ***against the wind.***(လေဆန်ကိုပျံဖို့မ ကြိုးစားပါနဲ့၊)

Don't crush the flower thrown ***by th wind.***

လေအဝင့်မှာ ကြွေလွင့်ရတဲ့ ပန်းကလေးကို မချေမွစ်းပါနဲ့၊

Why did you get married ***in a rush?***(ဘာဖြစ်လို့ အမောတကောနဲ့ အိမ်ထောင်ပြုလိုက်တာလဲ၊)

**(c) Adverb of Place**

နေရာ ပြတဲ့ adverb တွေကို ပြောတာပါ၊ ရှေ့မှာပြောခဲ့တဲ့ direction နဲ့ နည်းနည်းတူသလိုရှိတယ်၊ မတူ တာကတော့ direction မှာဦးတည်ရာပြစကားလုံးတွေပါတယ်။ဒါပေမယ့် place မှာကျတော့ဦးတည်ရာ ပြစကားလုံး(preposition) တွေမပါဘူး။ နေရာပြ prepositions တွေပါတယ်၊

ဥပမာ. . .

in, on, at, by, from, etc...preposition တွေပါတယ်။နမူနာစာကြောင်းတွေကိုကြည့်လိုက်. .

Bird fly ***in the sky.*** ငှက်တွေဟာကောင်းကင်မှာပျံတယ်၊

Pure love enshrines ***in pure heart.***

သန့်စင်တဲ့မေတ္တာဟာ ဖြူစင်တဲ့နှလုံးသားမှာ ကိန်းအောင်းတယ်၊

Forgiveness lies ***on understanding.*** ခွင့်လွှတ်ခြင်းဆိုတာ နားလည်မှုမှာရှိ တယ်၊

Giving up is pregnant ***in sacrifice*** စွန့်လွှတ်ခြင်းဆိုတာ အနစ်နာခံခြင်းမှာ သန္ဓေတည်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



**(d) Adverb of Time**

အချိန်ပြစကားလုံးတွေကို adverb of time လို့ခေါ်တယ်၊ဒီမှာလည်း single adverb နဲ့ adverb phrase or clause ရှိတယ်။ early, late, before, after, today, tomorrow, yesterday...etc.. ဆိုတာတွေကို single adverb လို့ခေါ်တယ်. . . . ။ phrasesတွေကတော့. . . . .

- last week
- a few days ago
- two years later
- next three months
- at dawn...ဒီနမူနာစာကြောင်းတွေကို ကြည့်လိုက် . . .
- an earthquake broke out *last two weeks.* ပြီးခဲ့တဲ့နှစ်လတုန်းက ငလျင်လှုပ်ခဲ့တယ်။
- you will win the lottery *next ten years.* နောက်ဆယ်နှစ်ကြာရင် မင်းထီပေါက်လိမ့်မယ်။
- we are working *day in day out* ငါတို့ နေ့မအား ညမအား အလုပ် လုပ်နေကြတယ်၊
- I'll leave when you come. မင်းလာတဲ့အခါ ငါသွားမယ်။ (clause)

**(e) Adverb of Reason or Purpose**

ဒါကတော့ ရည်ရွယ်ချက် သို့မဟုတ် အကြောင်းပြချက် ကိုဖော်ပြတဲ့ adverbs တွေကို ပြောတာပါ၊ to, because, as, so, due to, on account of ....etc ...ဆိုတဲ့စကားလုံးမျိုးတွေနဲ့စတဲ့ phrase နဲ့ clauseတွေပါပဲ၊

ဒီနမူနာစာကြောင်းတွေကို ကြည့်လိုက်. . . .

Don't let goal lose *for love.* ချစ်ခြင်းကိစ္စကြောင့် ပန်းတိုင် မပျောက်စေနဲ့၊
He is living *because of you.* သူဟာ မင်းကြောင့် အသက်ရှင်နေရတာ၊
She will marry you *for money.* သူ(မ)ဟာ မင်းကိုငွေကြေးအတွက် လက်ထပ်မှာ၊
I came *to see you* . ငါမင်းကို တွေ့ချင်လို့လာတာ၊

တဲ. . . ဒါလောက်ဆိုရင်တော့ intermediate level မှာ သိသင့်တဲ့ modifiers တွေနဲ့ modication လုပ်(အထူးပြု)ပုံကိုရှင်းပြီးပြီ၊ တစ်ကြိမ်၊နှစ်ကြိမ် လောက်နဲ့ ကောင်းကောင်းနားလည်ဖို့ မလွယ်ဘူး၊ သိပ်တော် နေရင်တော့ ဖြစ်ရင်ဖြစ်မှာပေါ့လေ၊မပိုင်သေးရင်တော့ အကြိမ်ကြိမ်ဖတ်ပါ၊ တကယ်သဘောပေါက်ပြီဆိုရင် ခုပေးမယ့်အခန်းကိုလေ့လာပါ၊ မပိုင်ဘဲ ဒါကိုဖတ်လိုက်ရင် ဗုက္ခများသွားလိမ့်မယ်၊ ကဲ. . . လာပြီ. . .

www.burmeseclassic.com

www.burmeseclassic.com



## Unit (7)

### Multi-Modifier

ဒီအခန်းမှာ modifiers တွေမျိုးစုံလာမယ်၊

ဒီနမူနာတွေကိုကြည့်. . .

၁. အရပ်ရှည်ရှည် အသားညိုညိုတိုတို့နဲ့ သန်မာတဲ့ကောင်လေးတစ်ယောက်က ပလက်ဖောင်းပေါ်မှာ ခွက်တစ်လုံးနဲ့ထိုင်နေတဲ့အသက်ကြီးကြီး ဆံပင်ဖြူဖြူနဲ့ အဘွားကြီးတစ်ယောက်ကို ငွေငါးရာကျပ်. . မဆိုင်းမတွ ရက်ရက်ရောရောပေးလိုက်တယ်၊

စာကြောင်းရှည်လို့လန့်မသွားနဲ့၊ ရေးတော့မယ်ဆိုရင်. . . sub, verb, obj...တွေကိုရွေးထုတ်လိုက်၊ ကျန်တာတွေ ရှိနေသေးရင် နောက်ပိုင်းမှာဆက်ရေး၊ တစ်ခါတလေကျတော့ အဲဒီနောက်ပိုင်းမှာရေးရမယ့် phrase or cluase တွေကို ရွေးဆုံးဖို့ရတာမျိုးလည်းရှိတယ်၊ ဒါက ကျွမ်းကျင်လာမှစဉ်းစား. . .၊

ဒီစာကြောင်းမှာ sub ကကောင်လေး (boy) ဖြစ်ပြီး obj က အဘွားကြီး (woman or old woman) ပြီးတော့ verb က "ပေး" (give or offer)...ဒါပဲလေ၊ ကျန်တာတွေအားလုံးက အဲဒီသုံးခုကို modification လုပ်ထားတာ၊ ဘာခက်လို့လဲ၊

**ကဲ...တစ်ခုချင်းရေးကြည့်မယ်၊**

sub - <u>အရပ်ရှည်ရှည်</u> <u>အသားညိုညိုတိုတို</u> နဲ့ <u>သန်မာတဲ့</u> <u>ကောင်ကလေး</u> <u>တစ်ယောက်</u>

m m m n m

ဒီမှာ. . ကောင်ကလေးဆိုတဲ့ noun ကို modify လုပ်တဲ့ modifiers မျိုးစုံတွေ့ရမယ်၊

**အဲဒီတော့.... ဒီလိုဖြစ်လာမယ်၊**

- <u>a</u> <u>strong</u>, <u>tall</u> <u>browny</u> <u>boy.</u> (ညိုတိုတိုဆိုတာ သိပ်မညိုဘူး. . . browny သုံးပါ)

d adj adj adj n

ဒီမှာ boy ကို modification လုပ်တဲ့ determiner တစ်လုံးနဲ့ adj သုံးလုံးတွေ့ရမယ်၊ ဒါ. . . sub ပဲရှိသေးတယ်နော်၊ sub ပြီးရင်. . . verb ကိုကြည့်မယ်၊

verb - <u>မဆိုင်းမတွဘဲ</u> <u>ရက်ရက်ရောရော</u> <u>ပေး</u>

m m v

"ပေး" ဆိုတဲ့ verb ကို modifiers နှစ်ခုနဲ့တွဲပေးရမယ်၊ ဒီလို. . .

<u>gerenously</u> <u>gave</u> <u>without delay</u> (without hesitation)

adv v adv (ph)

www.burmeseclassic.com

www.burmeseclassic.com



**နောက်တစ်ချိုး......**

gave generously without delay

v adv adv (ph)

ဒီမှာသတိထားရမှာက. . . generously ဟာ ly-ended adv ဖြစ်နေလို့ verb ရဲ့ ရှေ့ရော. . နောက်ရော ထားလို့ရတယ်။ ဒါပေမဲ့ သူ့နောက်မှာ obj ပါလာရင်တော့ obj နောက်ဘက်ကိုရောက်သွားလိမ့်မယ်။ without delay က phrase ဖြစ်နေလို့ verb ရဲ့ရှေ့မှာထားလို့မရဘူး။

ခု. . . နောက်ဆုံးအပိုင်းဖြစ်တဲ့ object ကိုကြည့်မယ်။ obj နှစ်ခုရှိတယ်။ old woman (indirect obj) နဲ့ ငွေ (driect obj) ဆိုတာတွေ. . .။ ကြိုက်တာကိုအရင်ရေးလို့ရတယ်။ အဘွားကြီးကိုအရင်ရေးကြည့်ရအောင်. . . .

obj - ပလက်ဖောင်းပေါ်မှာ ခွက်တစ်လုံးနဲ့ ထိုင်နေတဲ့ အသက်ကြီးကြီး ဆံပင်ဖြူဖြူနဲ့ အဘွားကြီး

m m m m m n

တစ်ယောက်

m

Noun တစ်ခုကို အထူးပြုတဲ့ modifer (၆) ခုရှိတယ်။ ကဲ ရေးကြရအောင်. . .

- an old woman with gray hair sitting with a cup on the pavement

d adj n adj (phrase) adj (phrase) adj (phrase)

(ဆံပင်ဖြူတာကို grey ဆိုရင်ရပါပြီ။ သိပ်ဖြူဖွေးချင်ရင်တော့ white သုံးပေါ့)

နောက်ဆုံး obj ကိုကြည့်ရအောင်. . . .

obj- ငွေငါးရာကျပ် = 500 kyats

**မှတ်ချက်**- ဒီနေရာမှာ ကြုံတုန်းအရေးကြီးတာလေးပြောချင်တယ်။ သာမန်အားဖြင့် direct (obj) ဟာ နောက်မှာရှိပေမယ့် . . . ဒီမှာ direct obj ကိုအရင်ရေးပါ။ ပြီးမှ *to* ထည့်ပေးလိုက်။ ကဲတစ်ကြောင်းလုံးရေးပြီ. . .

A strong,tall browny boy generously gave 500 kyats to an old woman with grey hair sitting with a cup on the pavement *without delay.*

ဒီမှာ ပြောစရာတစ်ခု ရှိလာပြန်ပြီ. . . အမှန်တော့ level မှာ ဒါမျိုးပြောဖို့ အစီအစဉ်မရှိသေးဘူး။ ခုကြုံလာလို့အမြည်းသဘောလောက်ပြောမယ်။

www.burmeseclassic.com

www.burmeseclassic.com



- without delay ဆိုတဲ့ phraseဟာ verb ကိုအထူးပြုတယ်. . ခုလိုနောက်ဘက်မှာဆိုတော့ အိပ်ပြီးဝေးနေတာပေါ့ဒီတော့. . . နီးသွားအောင် ရှေ့တိုးပေးလို့ရတယ်။ object နှစ်ခုကြားကိုကော်မာနှစ်ခုနဲ့ ပို့ပေးလိုက်၊

ဒီလို. . .

. . . . 500kyats, without delay, to an old man .... (ကော်မာတွေမပါရင်လည်းရတယ်)

တဲ . . . . ဒီအကြောင်းက ရှည်နေလို့ ပြည့်ပြည့်စုံစုံ ရှင်းပေးလိုက်တာ၊ မလိုက်နိုင်သေးဘူးဆိုရင်လည်း စိတ်မဖျက်ပါနဲ့နှိုးတော့လိုတယ်၊ Nothing is impossible ... တဲ့၊ မဖြစ်နိုင်ဘူးဆိုတာ မရှိစေရဘူး၊ နောက်တစ်ကြောင်းမှာ နည်းနည်းလျှော့ပေးထားတယ်၊

၂။ တော်တော်အသက်ကြီးနေပြီဖြစ်တဲ့ အဝတ်အစားညစ်ပတ်ပတ်နဲ့ အဖွားကြီးက. . . သန့်ရှင်းသပ်ယပ်တဲ့ အဝတ်အစား နဲ့လူငယ်လေးကို ကျေးဇူးတင်စွာနဲ့ မော့ကြည့်လိုက်တယ်၊

တဲ. . ရေးမယ်ဆိုရင် subject ကို အရင်ရှာ၊

| | | | | |
|---|---|---|---|---|
| sub | - <u>တော်တော်</u> | <u>အသက်ကြီးနေပြီဖြစ်တဲ့</u> | <u>အဝတ်အစားညစ်ညစ်ပတ်ပတ်နဲ့</u> | <u>အဖွားကြီး</u> |
| | m | m | adj(ph) | n |

တစ်ခါတည်းရေးမယ်. . .

<u>the</u> <u>rather</u> <u>old</u> <u>woman</u> <u>in dirty clothes.</u>

d adv adj n adj(ph)

ဒီမှာ. . . noun နဲ့ ရှေ့က pre-modifier တွေကို ကြည့်လိုက်ရင် determiner *the* ကို လိုအပ်သလိုသုံးတယ်၊ old (adj)ကို rather (adv)ကအထူးပြုတယ်ဆိုတာ တွေ့ရတယ်၊ old ဟာ single adj ဖြစ်လို့ noun ရှေ့မှာထားတာ၊

နောက်ဘက် post-modifier ဖြစ်တဲ့ in dirty clothes က phrase ဖြစ်နေလို့ နောက်ကိုပို့တာ၊ ရှေ့မှာထားလို့မရဘူး၊

အဲဒါပြီးရင် verb ကို ကြည့်မယ်၊

verb- <u>ကျေးဇူးတင်စွာနဲ့</u> <u>မော့ကြည့်</u>

adv v

ကျေးဇူးတင်စွာနဲ့ (with thanks or thankfully) နှစ်မျိုးသုံးလို့ရတယ်၊

-thankfullylooked up (at)(or )

-looked up (at)..... thankfully(or )

www.burmeseclassic.com

www.burmeseclassic.com



-looked up (at) with thanks (phrase ဖြစ်လို့ နောက်မှာထား)

နောက်ဆုံးအပိုင်း ဖြစ်တဲ့ object ကို ကြည့်ရအောင်. . .

obj- သန့်ရှင်းသပ်ယပ်တဲ့ အဝတ်အစားနဲ့ လူငယ်

adj n n

the young boy (man) in neat and tidy dress

d n adj (ph)

*(dressed neatly and tidily* ဆိုလည်းဖြစ်တယ်)

ဒီမှာ. . . the (determiner) ကို လိုသလို သုံးတယ်။adjective က phrase ဖြစ်နေလို့ noun ရဲ့နောက်မှာပဲထားလိုက်တယ်။

ကဲ. . . ဒါတွေအားလုံးဆက်ကြည့်ရအောင်။

The rather old woman in dirty clothes ***thankfully*** looked up (***thankfully***) ***at*** the young boy in neat and tidy dress.(***thankfully*** ကို နောက်ဆုံးမှာထားလို့ ရတယ်)

ထူးခြားချက်အနေနဲ့ thankfully ကို ထားနိုင်တဲ့ နေရာသုံးခု တွေ့ရမယ်။ နောက်ဆုံးမှာထားရင် verb နဲ့ သိပ်ဝေးလွန်းတယ်။မမှားပေမယ့် မကောင်းဘူး။ the boy က object ဖြစ်ပေမယ့်preposition ***(at)***ပါနေတယ်။ဒါကြောင့် at ရှေ့မှာလည်းထားလို့ရတယ်။ကောင်းတယ်။ preposition ပါနေရင် ဒီပုံစံရတယ်ဆိုတာမှတ်လိုက်။

နောက်တစ်ကြောင်း. . . .

၄ ဆံပင်တိုတို. . . မျက်နှာတည်တည်ငြိမ်ငြိမ်နဲ့ လူညိုချောက ပလက်ဖောင်းပေါ်က သနားစရာအဖွားကြီးကို ချိုသာညင်သာစွာ ပြုံးပြလိုက်တယ်။

ထုံးစံအတိုင်း . . . . sub ကစမယ်. . .။

ဆံပင်တိုတို မျက်နှာတည်တည်ငြိမ်ငြိမ်နဲ့ လူညိုချော

m m n

sub- The browny handsome boy with short hair and calm face

d adj adj n adj(phrase)

-noun ရဲ့ရှေ့. . . နောက် modifier တွေကိုမြင်အောင်ကြည့်. .

ပြီးတော့ verb ကိုရအောင်ရှာ. . .

verb- ချိုသာ ညင်သာစွာ ပြုံးပြ

m m v

www.burmeseclassic.com

www.burmeseclassic.com



-smiled sweetly and gently (or)

-gave a sweet and gentle smile (to)

ဒုတိယပုံစံမှာ smile ကို noun အနေနဲ့ သုံးထားလို့ တွဲပေးဖို့ verb တစ်လုံးလိုတယ်။အဲဒါက gave ပဲပေါ့။

နောက်ဆုံး object ကို ကြည့်ရအောင်။

object- ပလက်ဖောင်းပေါ်က သနားစရာ အဖွားကြီး

m m n

the poor old woman on the pavement

d adj n adj(phrase)

အဲဒါတွေ အားလုံးကို ကြည့်လိုက်ရင် ဒီလို.....

The browny handsome boy with short hair and calm face gave a sweet and gentle smile to the poor old woman on the platform.

အဓိက အပိုင်းတွေ (sub+ v+ obj)ကို မြင်အောင်ကြည့်နော်၊ အဲဒီအပိုင်းတွေ တစ်ခုချင်းမှာရှိတဲ့ modifiers တွေကို သဘောပေါက်အောင်ကြည့်၊စိတ်ရှည်ဖို့တော့ လိုတယ်။ဒီစာကြောင်းမှာ poor ကို adj အနေနဲ့သုံးထားတာ။

၄။ ကြင်နာမှု အပြည့်ရှိတဲ့ လူငယ်လေးရဲ့အပြုံးဟာ ပါးရေတွန့်နေပြီဖြစ်တဲ့ အဖွားကိုရဲ့ မြင်ကွင်းထဲမှာ မှုန်ဝါးဝါး၊

sub- ကြင်နာမှုအပြည့်ရှိတဲ့ ကောင်လေးရဲ့အပြုံး

m n

The young boy's (man's) smile filled with kidness

n adj(phrase)

ရှင်းတယ်နော်။ filled with kindness ဆိုတဲ့ phrase ရဲ့ရှေ့ဘက်က (which was )ထည့်ပေးလိုက်ရင် clause ဖြစ်သွားတယ်။ဒါပေမယ့် phrase သုံးတာပိုပြီး ကျစ်လစ်တယ်၊ဒါကို past participle phraseလို့ခေါ်တယ်။ ဝါးတားတားဖြစ်နေရင် နောက်ကို ပြန်ကြည့်၊

verb- မှုန်ဝါးဝါး

v

verbတစ်လုံးပဲ...

-was a blur (blur ကို noun အနေနဲ့သုံးတာ၊ a ထည့်ဖို့လိုတယ်၊)

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်မျိုး. . . . . .

-was blurred (blur ဆိုတဲ့ verb ရဲ့ $v_3$ ပုံစံ/ past participle adj )

obj- ပါးရေတွန့်နေပြီဖြစ်တဲ့ အဖွားအိုရဲ့မြင်ကွင်း (ထဲ)

m(clause/ph) n

(in) the view of the old woman with wrinkles on her cheeks

n adj(ph)

(the old woman's view ဆိုလည်းရတယ်)

-who had wrinkles on her cheeks. လို့ရေးနိုင်တယ်။

တဲ. . . ရေးကြည့်မယ်. . .

-The young man's smile filled with kindness was a blur in the view of the old woman with wrinkles on her cheeks.

၂. မိဘကောင်းဖခင်က ဆင်းသက်လာတဲ့ လူငယ်လေးဟာ အထီးကျန်အဖော်မဲ့နေတဲ့ အဖွားအိုထံမှ တစ်လှမ်းချင်း ထွက်ခွါသွားတယ်။

sub ကိုအရင်ထုတ်လိုက်. . .

sub- မိဘကောင်းဖခင်မှဆင်းသက်လာတဲ့ လူငယ်လေး

m(ph/clause) n

The young man who came from good parents

n adj(ph)

တစ်လှမ်းချင်း ထွက်သွား

m (ph) v

ဒီမှာ. . . အဘွားအို. . ဟာ obj မဟုတ်ဘူးနော်၊ ဒီစကြောင်းမှာ object မပါဘူး၊ ရေးလိုက်ရင်. . . .

went away one step after another.

v adv (ph)

- went out, got away, left ဆိုတာတွေလည်းသုံးနိုင်တယ်။ phrase နေရာမှာလည်း step after step လို့သုံးနိုင်တယ်။

- အထီးကျန်အဖော်မဲ့နေတဲ့ အဘွားအိုထံ မှ. . . .

adj (ph / clause) n prep

- from the old woman who was lonely

ဒီလို clause နဲ့မရေးဘဲ lonely (adj) ကို noun ရှေ့ကထားပြီး (attributively) ရေးလို့ရတယ်။

from the lonely old woman

adj

www.burmeseclassic.com

www.burmeseclassic.com



ဆဲ...တစ်ကြောင်းလုံးရေးကြည့်မယ်၊

- The young man who came from good parents left ( went away from) ***step after step*** from) the old woman who was lonely.

ဒီမှာပြောချင်တာက. . . ***step after step*** ဆိုတဲ့ adv phrase (manner) ကိုနောက်ဆုံးမှာထား လို့မကောင်းဘူး။ place ရဲ့ (verb နဲ့အနီးကပ်ဆုံး) မှာ ထားပေးရမယ်။

၆. အရေးကြီးတဲ့ တစ်စုံတစ်ခု သူ့အိတ်ထဲကထွက်ကျခဲ့တာကို သူသတိမထားမိလိုက်. . . .၊

sub ကိုအရင်ရှာ. . .

sub - သူ - He (modifier မပါဘူး)

ပြီးရင် verb.....

verb - သတိမထားမိလိုက် - did not notice (modifier မပါဘူး)

- (be) not aware of ...ဆိုလည်းဖြစ်တယ်။

obj - အရေးကြီးတဲ့. . . တစ်စုံတစ်ခု သူ့အိတ်ထဲကထွက်ကျတာ

m (adj) n m (ph)

something strange dropped from his pocket.

n adj adj (ph)

နောက်က adj (phrase) ကို cluase လုပ်ချင်ရင် which / that ထည့်ပေးလိုက်လို့ရတယ်။

ထူးခြားနေတာက. . . strange ဆိုတဲ့ single (adj) ပဲ။ သူ့ကို something (n) ရဲ့ရှေ့မှာထားလို့မရဘူး။ ဒါက strange ကြောင့်မဟုတ်ဘူး။ something ရဲ့ usage ကြောင့်ပဲ။ ဒီလိုမှတ်လိုက်. . .

something + adj

- someting good (ကောင်းတဲ့တစ်ခုခု)
- something new (အသစ်တစ်ခုခု)
- something interesting (စိတ်ဝင်စားစရာတစ်ခုခု)

ကဲ. . ရေးပြီ. . . .

6. He was not aware of (did not notice) something important dropped from his pocket.

၇. ဒါပေမဲ့ နားပါးတဲ့ အဘွားအိုက ချက်ချင်းဆိုသလို ကောက်ယူပြီး ကြိုးစားပမ်းစားဖတ်ကြည့်လိုက်တယ်။

ဒါပေမဲ့ - but , however

Sub - နားပါးတဲ့ အဘွားအို

m (ph) n

www.burmeseclassic.com

www.burmeseclassic.com



the old woman with sharp ears (or) sharp hearing old woman

n adj (ph)

obj - ဒီမှာ obj ဖော်ပြမထားဘူး။ ဒါပေမဲ့ ရေးတဲ့အခါ it ထည့်ပေးလိုက်ရင်ရပြီ။

verb - ချက်ချင်းဆိုသလို ကောက်ယူ(ပြီး)

m v

picket it up immediately (and) (ဒီ adv ကိုရှေ့မှာထားလည်းရတယ်)

m (adv) adv

verb - ကြိုးစားပမ်းစား ဖတ်ကြည့် (verb နှစ်ခုပါတယ်နော်)

m (adv) v

tried to read with all-out efforts (သိစေချင်လို့စကားလုံးနည်းနည်းကြီးသွားတယ်နော်)

v adv (ph)

(all-out က . . . အစွမ်းကုန်ကြိုးစားပမ်းစားဆိုတဲ့ အဓိပ္ပါယ်ရတယ်)

ကဲ. . . ရေးမယ်. . .

7. The old woman with sharp ears, however, immediately picked it up and tried to read with all-out efforts.

- however ကို အထဲမှာသုံးရင် ကော်မာနှစ်ခုထည့်ပေးရတယ်။

8. It is a cheque for 500,000 kyats and an identity card.

- It is မပါလည်းရတယ်နော်၊

9. အဲဒီနေ့ညနေလူငယ်လေး အိမ်ပြန်ရောက်တဲ့အခါ အဘွားအိုကို သူရဲ့တံခါးဝမှာ တအံ့တဩတွေ့ရတယ်။

- အဲဒီနေ့ လူငယ်လေး အိမ်ပြန်ရောက်တဲ့အခါ

m n m (clause)

(on) That day when the young boy got home,

ဒီတစ်ခုလုံးက clause ပဲရှိသေးတယ်။ အဓိကစာကြောင်းက ဒီမှာ. . . .

အဘွားအိုကို သူရဲ့တံခါးဝမှာ တအံ့တဩတွေ့ရတယ်။

- sub = မြန်မာလိုတော့မပါဘူး။ အင်္ဂလိပ်လိုရေးရင် *he* ထည့်ပေး

- verb = ခြံဝမှာတအံ့တဩတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



- found ....... in surprise at his door
- obj
- အဘွားအို = the old woman
- သူ့ရဲ့တံခါးဝ = at his door

ဒါတွေကို. . . . ဒီလိုဆက်ပေးလိုက်. . . .

9. That day when the young boy got home, in surprise, he found the old woman at his door.

၁၀. အဘွားအိုလှမ်းပေးလိုက်တဲ့ သူ့ရဲ့ချက်လက်မှတ်နဲ့မှတ်ပုံတင်ကို မြင်လိုက်ရတဲ့အခါ သူ့ရဲ့မျက်စိကို သူမယုံနိုင်တော့၊

ဒီမှာလည်းနှစ်ပိုင်းပါတယ်။ clause နဲ့ sentence.....

<u>အဘွားအိုလှမ်းပေးလိုက်တဲ့</u> <u>သူ့ရဲ့ချက်လက်မှတ်နဲ့ မှတ်ပုံတင်ကပ်ပြား</u> <u>ကိုမြင်လိုက်ရတဲ့အခါ. . . .</u>

m (ph) n m (clause)

- <u>When he saw</u> <u>his cheque and indentity card</u> <u>handed by the old woman</u>

clause n ph

ဒါက clause ပဲရှိသေးတယ်၊ အဓိကဝါကျကဒီမှာ. . . သူ့ရဲ့မျက်စိကို သူမယုံနိုင်တော့. . . .။

sub - သူ - He


verb - မယုံနိုင်တော့ = did not believe (was not able to believe)

obj - သူ့ရဲ့မျက်လုံး = his eyes

ဆက်ရေးလိုက်. . .

10. He was not able to believe his eyes when he saw his check and identity card handed by the old woman.

(that / which was) ကို handed ရဲ့ရှေ့မှာထည့်လိုက်ရင် clause ဖြစ်သွားတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



**လေ့ကျင့်ခန်း**

ဒီတစ်ပုဒ်တော့ ကိုယ်တိုင် ရေးကြည့်လိုက်. . . .

**မုဆိုးလား...သားကောင်လား**

၁. ရန်ကုန်မြို့လယ် ၊ ဆူးလေဘုရားအနီးမှာ ရှိတဲ့ မဟာဗန္ဓုလပန်းခြံဟာ စိမ်းစိမ်းလန်းလန်း. . . လှလှပပ. . .။

၂. ပန်းခြံအလယ်မှာ ပေ ၁၅၀ ကျော်မြင့်တဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီး . . . .၊

(လွတ်လပ်ရေးကျောက်တိုင် - independence monument)

၃. ရောင်စုံပန်းတွေနဲ့ စိမ်းလန်းတဲ့ အပင်တွေလည်းရှိတယ်။

(ရောင်စုံပန်း - multi-coloured flowers )There are....

၄. အသက် ၂၀အရွယ်လောက်. . . ဆံပင်ကောက်ကောက်နဲ့. . . ဆွဲဆောင်မှုရှိတဲ့ ကောင်မလေးတစ်ယောက် . . . မြက်ခင်းစိမ်းစိမ်းရဲ့အနားမှာရှိတဲ့ ခုံတန်းရှည်ပေါ်မှာ ခြေထောက်တွဲလောင်းချပြီး ထိုင်နေတယ်။

(ဆွဲဆောင်မှုရှိ -attractive, charming /ခြေထောက်တွဲလောင်းချ -hanging her foot down )

၅. တန်ဖိုးကြီး အဝတ်အစားတွေဝတ်ပြီး ၊ နေကာမျက်မှန်နဲ့ စတိုင်ကျကျ ကောင်လေးတစ်ယောက်က အဲဒီချောမောလှပတဲ့ကောင်မလေးကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်လိုက်တယ်။

(နေကာမျက်မှန် -sunglasses / စတိုင်ကျ - smart (adj) မျက်တောင်မခတ်ဘဲ -without blinking / unblinkingly)

၆. မုဆိုးက သားကောင်ကို တွေ့သွားပြီလေ။ (သားကောင် - prey)

၇. ရွှန်းလဲ့လဲ့မျက်လုံးတွေနဲ့ မိန်းမချောလေးက မနုဿမုဆိုးလေးကို နှစ်လိုဖွယ် ပြုံးပြလိုက်တယ်။

(မနုဿမုဆိုး -womanizer) woman-chaser/ နှစ်လိုဖွယ် -agreeable (adj) ရွှန်းလဲ့သော -lustrous)

၈. သူ(မ) က. . မုဆိုးကိုမှ သားကောင်လုပ်ချင်တဲ့ မိန်းမစားမျိုး။

မုဆိုးကိုမှသားကောင်လုပ် -turn a hurter to a prey )

၉. ညှို့ဟန်ပါတဲ့. . . မာယာမျက်လုံးတွေက ကောင်လေးကို ဖမ်းစားလိုက်ပြီလေ။

(ညှို့ဟန်ပါတဲ့မာယာမျက်လုံးတွေ -tricky eyes of great charms)

၁၀. မြန်လိုက်သမှ. . . ခဏအတွင်း မိတ်ဆွေဖြစ်သွားတယ်။

(မိတ်ဆွေဖြစ် -make friends / become friends)

၁၁. ခုံပေါ်မှာ ဘေးချင်းယှဉ်. . . ပူးပူးကပ်ကပ်ထိုင်ပြီး စကားတွေဖောင်ဖွဲ့ကြတယ်။

(စကားတွေဖောင်ဖွဲ့ -have a long chat / ပူးပူးကပ်ကပ်- closely)

၁၂. မကြာခင် သားကောင်ဖြစ်တော့မယ့်. . . သနားစရာ မုဆိုးလေးရဲ့လက်က ထုံးစံအတိုင်း မာယာရှင်မလေးရဲ့ ပခုံးပေါ်ကို ညင်ညင်သာသာ ရောက်လာတယ်။

ထုံးစံအတိုင်း -as usual/ မာယာရှင်မလေး - girl filled with wiles)

www.burmeseclassic.com

www.burmeseclassic.com



၁၃. ကောင်မလေးကတော့ ငြိမ်ငြိမ်သက်သက် . . . ပြုံးပြုံးလေး. . . .၊

၁၄. တပြိုင်တည်းမှာ ကောင်မလေးရဲ့လက်ထဲက ချောကလက်တောင့်ကလေးက ကောင်လေးရဲ့ပါးစပ်ထဲကို တရွေ့ရွေ့ ဝင်သွားတယ်။ (ချောကလက်တောင့် -chocolate bar)

၁၅. ကောင်လေးကသဘောကျစွာနဲ့ ပါးစပ်ကြီးကို ဖြဲပေးလိုက်တယ်။

၁၆. သူ့ရဲ့ဆန္ဒတွေ ပြည့်ဝတော့မယ်လေ။

၁၇. ငါးကြော်မကြိုက်ရင် ကြောင်မိုက်ဖြစ်သွားမှာပေါ့။

၁၈. ဒါမျိုးက သူ့အတွက် ခေါက်ရိုးကျိုးနေပြီ။ (ခေါက်ရိုးကျိုး -repetitive experience)

၁၉. ရေလာတော့ မြောင်းပေးလိုက်ရုံပေါ့။

(ဒါကို တိုက်ရိုက်ပြန်လို့မကောင်းဘူး) "ရတဲ့အခွင့်အရေးကို လက်မလွှတ်တမ်းယူလိုက်တယ်" ဆိုတဲ့သဘောရေးမှကောင်းမယ်။)

၂၀. မိနစ်ပိုင်းအတွင်း. . . သူ့ရဲ့မျက်လုံးတွေပြာဝေလာတယ်။

(ပြာဝေလာ - came to a blur / lazy-adj)

၂၀. သူ့ရဲ့မြင်ကွင်းထဲမှာတော့ မဲ့ပြုံးပြုံးနေတဲ့ မိန်းမချောလေးရဲ့ မျက်နှာ။ (မဲ့ပြုံး - unpleasant smile)

၂၂. လောကကြီးတစ်ခုလုံး အမှောင်ကျသွားပြီ။ (အမှောင်ကျ - became dark/ came to darkness /under the influence of darkness)

၂၃. သူသတိပြန်ရတဲ့အခါ ဆေးရုံပေါ်က ကုတင်ပေါ် ရောက်နေပြီလေ။ (သတိပြန်ရ -regain consciousness)

၂၄. သူ့ရဲ့ လက်ပတ်နာရီ ၊လက်စွပ်၊ ဆွဲကြိုး နဲ့ ပိုက်ဆံအိတ် အားလုံးမရှိတော့. . .။ (မရှိတော့ -(be) gone)

၂၅. ဘယ်သူလဲ မုဆိုး ၊ ဘယ်သူလဲ သားကောင်. . .၊

ဒါတွေရေးပြီးမှ အဖြေနဲ့ညှိနော် ၊သိထားဖို့က. . . ဒီမှာအသင့်တော်ဆုံး အဖြေကို ရေးထားတာ ၊အခြားနည်းနဲ့ ရေးလို့ရတာတွေလည်း ရှိနိုင်တယ်ဆိုတာပဲ။

***Key***

**Hunter or prey?**

1. Mahabandoola Park, near the Sule pagoda in the heart of Yangon, is green and beautiful.

n — ph(adj) — ph(adj) — be — adj

(ကော်မာမထည့်လည်းရတယ်)

2. The Independence monument (which is ) over 150feet high is located in the center of the park .

n — clause (adj) — v — ph — adj

(located =situated , erected ) erect က စိုက်ထူတယ်လို့ ဆိုလိုတာ။

www.burmeseclassic.com

www.burmeseclassic.com



3. There are multi -coloured flowers and green plants .
adj n adj n

4. An attractive girl about 20 with curly hair was sitting , hanging her feet down on
d adj n adj(ph) adj(ph) v adv(ph)
a bench near the green lawn .
adv(ph) adj(ph)
(ကော်မာမပါလည်း ဖြစ်တယ်) (20...နောက်မှာ year old မထည့်လည်းရတယ်)

5. A smart boy in expensive clothes with sunglasses unblinkingly stared at the
d adj n adj (ph) adj(ph) adv v
beautiful girl .
n
unblinkingly မသုံးဘဲ without blinking သုံးချင်ရင် verb(stared)ရဲ့နောက်ကို ပို့ပေးလိုက်. . .
. . . stared without blinking at the beautiful girl.
adv(ph)

6. The hunter had found the prey.
n v n
hunter နဲ့ prey က(ကောင်လေးနဲ့ကောင်မလေးကို ပြောတာ) /definite ဖြစ်နေလို့ the သုံးတယ်၊

7. The beautiful girl with lustrous eyes gave an agreeable smile to the boy, a
d adj n adj(ph) v n n
womanizer
n
Lustrous-eyed ဆိုရင် single adj (attributive) ဖြစ်သွားလို့ noun ရှေ့မှာ ထားရတယ်၊ ဒါကြောင့် lustrous-eyed girl ...လို့ သုံးတယ် ၊နောက်တစ်ခုက . . . smile ကို noun အနေနဲ့သုံး တာကို သဘောပေါက်အောင်ကြည့် ၊

8. She was such a girl who turned a hunter to a prey.
n v n adj(clause)
(turn ရဲ့နောက်က noun(a prey)ဖြစ်နေလို့ to ထည့်ပေးရတယ် ၊. . . adjလာမယ်ဆိုရင်to မလိုဘူး ၊
ဥပမာ- The intense heat turns the leaves yellow )

9. Tricky eyes of great charms arrested the young man.
n v n

www.burmeseclassic.com

www.burmeseclassic.com



10. It was too fast. They became friends within a moment.
    n v adj s v n adv(ph)

11. They had a long chat sitting together closely side by side on the bench.
    n v n adv(ph) adv(ph)

12. As usual, the poor hunter's hand, who was going to be a prey soon, gently fell
    adv(ph) d adv n adj(clause) adv v
    (gently) on to the shoulders of the girl filled with wiles.
    adv adv(ph) adj(ph)
    ဒီမှာ . . . who was going to be a prey soon .... ဆိုတဲ့ clauseက boy ...ကိုပဲအထူးပြုတယ် ။
    ဒီလို ကော်မာနှစ်ခု (,..........,,) နဲ့ ရေးရင်ပိုရှင်းတယ်။

13. The girl was (keeping) quite, with smiles. (keeping မပါဘဲလဲရတယ်)
    n be adj adv(ph)
    -quite နောက်မှာကော်မာ ထည့်ပေးတာကောင်းတယ် ။

14. At the same time the chocolate bar in her hand slowly moved (slowly) into the
    adv(ph) n adj(ph) adv adv adj(ph)
    boy's mouth.
    ဒီလိုနေရာမျိုးမှာ at the same time ဆိုတဲ့ phrase (time expression) ကိုရှေ့မှာထားတာကောင်းတယ်။ကျွမ်းကျင်တဲ့ အဆင့်ရောက်ရင် . . . ကြိုက်တဲ့နေရာမှာထားလို့ရတယ် ။ slowly က ly-ended ဆိုတော့ position နှစ်မျိုးရတယ်။

15. The boy opened his mouth with appreciation.
    n v n adv(ph)
    -appreciation က noun ဖြစ်နေလို့ adv အဖြစ်သုံးချင်ရင် ရှေ့မှာ preposition (with) ထည့်ပေးရတယ်။ဒါဆိုရင် adverb ပေါ့။ဒီလိုမလုပ်ချင်ရင် သူ့မှာရှိပြီးသားဖြစ်နေတဲ့ adv(appreciatively) ကိုသုံးနိုင်တယ်။position ကဒီလို. . .
    (Appreciatively) the boy (appreciatively) opened his mouth (appreciatively)
    -position သုံးခုရတယ် ၊ opened နောက်မှာတော့ မလုပ်လိုက်နဲ့ ။

မှတ်ချက်- ကြုံလို့ပြောချင်တယ်၊ noun တစ်ခုကို adv အနေနဲ့သုံးချင်ရင် ရှေ့မှာ preposition ထည့်ပြီး phrase အဖြစ် ပြောင်းပေးလိုက်၊ ဒါပေမယ့် preposition တွေကို ရမ်းသမ်းပြီး တွဲလို့မရဘူး ၊သီးခြားမှတ်ရတယ်။ ဒီအကြောင်းကို နောက်ပိုင်းမှာထည့်ပြီးရှင်းပေးထားတယ် ။

www.burmeseclassic.com

www.burmeseclassic.com



16. His wish was going to be fulfilled.(or)

n v

He was going to fulfil his wish.

n v n

အပေါ်စာကြောင်းက passive form.

17. It would be a foolish cat if he dosen't like fried fish.

n v n con n v adj n

စာကြောင်းနှစ်ကြောင်းဖြစ်နေလို့ if နဲ့ ဆက်ပေးထားတယ်။

18. It was just a usual experience .(for him)

n v adv d adj n

(usual experience မသုံးဘဲ repetitive experience ဆိုလည်းရတယ်)

19. Just to catch hold of this chance.

ဒါက. . . မြန်မာလိုအဓိပ္ပာယ်နဲ့ အနီးစပ်ဆုံးဖြစ်အောင် ရေးပေးလိုက်တယ်။ တခြားနည်းနဲ့ ရေးလို့လည်းရတယ်။

catch hold (of) ဆိုတာက လက်လွှတ်မခံဘဲအမိအရ ယူလိုက်တာမျိုးမှာသုံးတယ်။

20. His eyes came to a blur within minutes.

n v ph adv(ph)

within minutes ကိုရှေ့ဆုံးမှာ ထားလည်းရတယ်။

21. The nice girl's unpleasant smiling face came into his view.

d adj n adj adj n v adv(ph)

22. All the world turned dark.

n v adj

ဒီမှာ. . . turned (verb)ရဲ့ နောက်မှာ dark (adj) နေရာယူထားတာ ၊ သိပ်ပြီး ထူးဆန်းနေတာ တွေ့ရမယ်။

ဒါက turn ရဲ့ ထူးခြားတဲ့ အသုံးပဲ ။ဒါမျိုးတွေ အများကြီးရှိသေးတယ်။

23. He was in hospital when he regained consciousness.

s v adv(ph) con s v n

နှစ်ကြောင်းဖြစ်နေလို့ when နဲ့ ဆက်ထားတယ် ၊

24. All his watch, ring, chain and wallet were gone.

n v


ဒီမှာ. . . were gone သုံးထားတာကို သံသယမရှိနဲ့ ၊ ဒီလိုသုံးတာကို လူသိနည်းနေသေးတယ် ၊

25. Who was hunter ........ who was prey?

www.burmeseclassic.com

www.burmeseclassic.com





Section Two

Unit (1)

## Sentences with a verb followed by *to (not to) infinitive*

**(A) SV + to (not to) infinitive**

တစ်ခုခုကို. . . ပြုလုပ်ဖို့ (မလုပ်ဖို့)ဆိုတဲ့ သဘောပါရင် to (not to) နောက်မှာ infinitive (မူလကြိယာရဲ့ပုံစံ) ကိုသုံးတယ်။ သူ့ကို ရှေ့မှာရှိတဲ့ subject + verb နောက်မှာဆက်ပေးလိုက်ရုံပဲ။

1. I come ***to get*** a job, ***not to see*** you.
   ငါ. . အလုပ်လိုချင်လို့လာတာ၊ မင်းကိုတွေ့ဖို့မဟုတ်ဘူး။
   I come ဆိုတဲ့ subject နဲ့ verb နောက်မှာ to get လာတယ်။
2. He agreed ***to help*** me.
   ငါ့ကိုကူညီဖို့. . . သူသဘောတူခဲ့တယ်။
   - He agreed ***not to help*** me.
   ငါ့ကို မကူညီဖို့. . . သူသဘောတူခဲ့တယ်။
3. I intended just ***to nurture*** the flower.
   ငါ. . . ပန်းကိုပျိုးရုံသက်သက်ရည်ရွယ်ခဲ့တယ်။
   - I intended ***not to crush*** the flower.
   ငါ. . ပန်းကိုချေမွမပစ်ဖို့ရည်ရွယ်ခဲ့တယ်။
4. I urged him ***to avoid*** smoking.
   သူ့ကို ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ဖို့တိုက်တွန်းခဲ့တယ်။
   - I urged him ***not to smoke.***
   သူ့ကို ဆေးလိပ်မသောက်ဖို့ တိုက်တွန်းခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



5. They decided *to live* together.

သူတို့. . . အတူနေဖို့ဆုံးဖြတ်ခဲ့ကြတယ်။

- They decided *not to live* together.

သူတို့ အတူမနေဖို့ဆုံးဖြတ်ခဲ့ကြတယ်။

6. She told the boy *to give* a call after twelve.

ကောင်မလေးက ကောင်လေးကို ၁၂ နာရီကျော်ရင် ဖုန်းဆက်ဖို့ပြောခဲ့တယ်။

- She told the boy *not to give* a call before twelve.

ကောင်မလေးက ကောင်လေးကို ၁၂ နာရီမထိုးခင်ဖုန်းမဆက်ဖို့ပြောခဲ့တယ်။

7. He promised *to come* next month.

သူက. . . နောက်လမှာ လာဖို့ကတိပေးခဲ့တယ်။

- He promised *not to come* this month.

သူက. . ဒီလမလာဖို့ ကတိပေးခဲ့တယ်။

8. He pretends *to fell* alseep.

သူ. . . . အိပ်ချင်ယောင်ဆောင်တယ်။

- He pretends *not to take* the money.

သူ. . . ပိုက်ဆံကိုမယူချင်ယောင်ဆောင်တယ်။

9. Don't try *to cheat* others.

တခြားသူတွေကို ကလိမ်ကျဖို့မကြိုးစားနဲ့။

- Don't try *not to know.*

မသိချင်ယောင်မဆောင်ပါနဲ့။

10. They close the door *to protect* the sunlight.

သူတို့. . . နေရောင်ခြည်ကို ကာကွယ်ဖို့ တံခါးပိတ်လိုက်ကြတယ်။

- They close the door *not to hear* the noise.

သူတို့. . . ဆူသံညံသံမကြားရအောင် တံခါးကိုပိတ်လိုက်ကြတယ်။

**ထူးခြားချက်**

ဒီလို infinitive ပုံစံနဲ့ရေးတဲ့အခါမှာ decide နဲ့ hope ကို တခြားပုံစံနဲ့လည်းရေးလို့ရသေးတယ်။ ဒီလို. .

1. I hope to get a job. (အလုပ်ရဖို့မျှော်လင့်တယ်)

*I* hope *for a job.*

www.burmeseclassic.com

www.burmeseclassic.com



- ***I*** hope ***that I will get a job.***
  (အဓိပ္ပါယ်အားလုံးအတူတူပဲ)

2. He decided not to go abroad. (သူ. . . နိုင်ငံခြားမသွားဖို့ဆုံးဖြတ်ခဲ့တယ်)
- He decided ***that he will not go abroad.*** (that မပါလည်းရတယ်)
- He decided ***against going abroad.***
  (အဓိပ္ပါယ်အားလုံးအတူတူပဲ)

## need and dare

Infinitive ကို to နဲ့တွဲသုံးတဲ့ ပုံစံမှာ. . . ***need / dare*** ... စကားလုံးတွေက ထူးခြားနေတယ်။ သူတို့ကို to မပါဘဲ (bare infinitive) သုံးလေ့ရှိတယ်။

1. I dare say. ( I dare *to* say.) နှစ်မျိုးလုံးသုံးနိုင်တယ်။
   ငါပြောရဲတယ်။
- I dare not say. (I do not dare say)
  ငါမပြောရဲဘူး။
  (past tense ဆိုရင် I dared not say..... ဖြစ်သွားတာပေါ့)

2. You need *to* wait. ( to ပါတာကိုသတိထားနော်)
   မင်းစောင့်ဖို့လိုတယ်။
- You need ***not*** wait.
  not နဲ့သုံးတဲ့အခါ to မလိုတော့ဘူး။ wait ဟာ bare inifinitive ဖြစ်သွားပြီ။
- You do not need *to* wait.
  ဒီလို do not နဲ့တွဲတဲ့အခါ *to* လိုတယ်ဆိုတာ မမေ့နဲ့။

## (B) SV + Object (to / not to) infinitive

ဒီပုံစံမှာ object ပါလာတယ်။ သမန်းကျအနေနဲ့. . . . subject + verb ပြီးရင် object လာမယ်။ အဲဒီရဲ့နောက်မှာ (to / not to ) ပါတဲ့ inifinitive နဲ့ရေတဲ့ ပုံစံဟာ သိပ်ပြီး အသုံးဝင်တယ်။ တစ်စုံတစ်ယောက်ကို. . တစ်ခုခုလုပ်ဖို့ / မလုပ်ဖို့ဆိုတဲ့ သဘောမျိုးရေးချင်တဲ့ အခါမှာ. . . သုံးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနမူနာကိုကြည့်လိုက်. . . . . .

1. The boss ordered him to get out.

(sv) o infi

အလုပ်ရှင်က သူ့ကို ထွက်သွားဖို့အမိန့်ပေးခဲ့တယ်။

- The boss ordered him not to get out.

(sv) o infi

အလုပ်ရှင်က သူ့ကိုထွက်မသွားဖို့ အမိန့်ပေးခဲ့တယ်။

2. The doctor advised me to sunbathe in the morning.

(sv) o infi

ဆရာဝန်က. . . ငါ့ကို မနက်ခင်းမှာ နေပူစာလှုံဖို့အကြံပေးတယ်။

- The doctor advised me not to sunbathe at noon.

(sv) o infi

ဆရာဝန်က ငါ့ကို. . . မွန်းတည့်ချိန်မှာ နေပူစာမလှုံဖို့ အကြံပေးတယ်။

3. Mohter told Pan Pan to stay away from boys.

(sv) o infi

အမေက. . ပန်ပန့်ကို. . . ကောင်လေးတွေနဲ့ ကင်းကင်းရှင်းရှင်းနေဖို့ပြောတယ်။

- Mother warned Pan Pan not to deal with boys.

(sv) o infi

အမေက. . . ပန်ပန့်ကို. . . ကောင်လေးတွေနဲ့ မဆက်ဆံဖို့သတိပေးတယ်။

4. Smoking casues a person to die early.

(sv) o infi

ဆေးလိပ်သောက်ခြင်းဟာ. . . လူတစ်ယောက်ကိုအစောကြီးသေစေတယ်။

- They told me not to believe him.

(sv) o infi

သူ့ကိုမယုံကြည်ဖို့. . . သူတို့က ငါ့ကိုပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



5. I want you to have a confortable life.

(sv) o infi

ငါကမင်းကို. . . မတောင့်မတ မကြောင့်မကြရတဲ့ ဘဝမျိုးရောက်စေချင်တာ။

I request you not to come again.

(sv) o infi

ငါ. . . မင်းကို နောက်တစ်ကြိမ်မလာဖို့ မေတ္တာရပ်ခံပါတယ်။

6. She begged the man to fulfil her needs.

(sv) o infi

ကောင်မလေးက. . . အဲဒီလူကြီးကို သူ့ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့တောင်းပန်တယ်။

- She begged the man not to betray her.

(sv) o infi

ကောင်မလေးက. . . ဒီလူကြီးကို. . . သူ့ကိုသစ္စာမဖောက်ဖို့တောင်းပန်တယ်။

7. My parents allow me to battle hard alone in life.

(sv) o infi

မိဘတွေက ကျွန်တော့်ကို. . . တစ်ယောက်တည်း ကိုယ့်စွမ်းကိုယ်စနဲ့ ရုန်းကန်ဖို့ခွင့်ပြုတယ်။

- My parents force me not to work as a seaman.

(sv) o infi

မိဘတွေက ကျွန်တော့်ကို. . . သင်္ဘောသားမလုပ်ဖို့ တွန်းအားပေးတယ်။

(as ......... ထည့်သုံးတာကိုမမေ့နဲ့)

8. Parents expect their kids to behave well.

(sv) o infi

မိဘတွေက. . သားသမီးတွေကို ကောင်းစွာပြုမူနေထိုင်ဖို့ မျှော်လင့်တယ်။

- Parents expect their kids not to fail in life.

(sv) o infi

မိဘတွေဟာ. . . သားသမီးတွေကို. . . ဘဝမှာ မဆုံးရှုံးစေဖို့ မျှော်လင့်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



9. A teacher instructs his stdents to study well.

(sv) o infi

ဆရာဆိုတာ. . . ကျောင်းသားတွေကို. . . ကောင်းစွာ စာပေကျက်မှတ်လေ့လာဖို့ သင်ပြညွှန်ကြားပေးတယ်။

- A teacher instructs his students not to be rude.

(sv) o infi

ဆရာဆိုတာကျောင်းသားကို. . . ရိုင်းရိုင်းစိုင်းစိုင်း မပြုမူဖို့ သင်ပြညွှန်ကြားပေးတယ်။

10. They help me to carry this box into the room.

(sv) o infi

သူတို့က. . . ဒီသေတ္တာကိုအခန်းထဲ သယ်ယူဖို့. . ကျွန်တော့်ကို ကူညီကြတယ်။

- They help me not to take a wrong way.

(sv) o infi

သူတို့က. . . ကျွန်တော့်ကို လမ်းမှားမရောက်အောင်ကူညီကြတယ်။

**ထူးခြားချက်**

- **help** ရဲ့အသုံးအနှုန်းကို သေသေချာချာ မှတ်. . . .။ အမျိုးမျိုး သုံးလို့ရတယ်။

ဒီပုံတွေကို ကြည့် . . .

- They help me *to carry this box*. (to ပါတယ်)
- They help me *carry this box*. (to မပါဘူး)
- They help me *with this box*. (with ပါတယ်)

ဒီပုံစံသုံးမျိုးမှာ အထူးခြားဆုံးက နောက်ဆုံးပုံစံပဲ။ ဒီပုံစံမှာ " to" မပြောနဲ့ verb (carry) တောင်မပါဘူး။ ဒါပေမဲ့. . . သယ်ဆောင်တဲ့ အဓိပ္ပါယ်ရတယ်။ အသုံးများပြီး ကျစ်လစ်တဲ့ ပုံစံပါပဲ ။

ကဲ. . . ပိုပြီးသဘောပေါက်အောင် လေ့ကျင့်ခန်းပေးမယ်။ အင်္ဂလိပ်လိုဘာသာပြန်ကြည့်ပါ။

**လေ့ကျင့်ခန်း**

၁. သူတို့က မင်းကို ရုပ်ရှင်သွားဖို့ ဖိတ်ခေါ်တယ်။

၂. သူတို့က မင်းကို ညစာသွားစားဖို့ ဖိတ်ခေါ်တာ မဟုတ်ဘူး။

(go for dinner သုံးပါ။ စကားလုံး အတွဲအဖက် (collocation) ကို သတိထားရမယ်။ . . . go swimming , go fishing ....ဆိုတာတွေနဲ့ တွဲမှတ်လိုက်)

www.burmeseclassic.com

www.burmeseclassic.com



၃. ကောင်လေးက ကောင်မလေးကို အတူလိုက်ဖို့ သွေးဆောင်တယ်။ (persuade)

၄. ကောင်လေးက ကောင်မလေးကို . . . မိဘတွေ စကားနားမထောင်ဖို့ သွေးဆောင်တယ်။

၅. မင်းရဲ့မိဘတွေက မင်းကို. . . ဆရာဝန် ဖြစ်စေချင်တယ်။ (wish, want)

၆. မင်းရဲ့မိဘတွေက . . . မင်းကို . . လက်လုပ်လက်စား ဘဝ မရောက်စေချင်ဘူး။

(live hand to mouth)

၇. နောက်တစ်ကြိမ် အမှားမလုပ်ဖို့ မင်း . . ငါ့ကို ကတိပေးနိုင်မလား။

(ကတိပေး = promise, အမှားလုပ် = make a mistake)

၈. တချို့ကြော်ငြာမင်းသမီးတွေဟာ နာမည်ကြီးဖို့ အတွက် မြိန်ရေယှက်ရေနဲ့ ကျေကျေနပ်နပ်ကြီးဘဝမှုက်ကြရတယ်။

(— are fond of black mark in life)

၉. စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ တချို့ကောင်မလေးတွေဟာ. . ငွေရဖို့အတွက် အရာအားလုံးကို စတေးကြရတယ်။ (အရာအလုံး ကိုစတေး = sacrfice everything)

၁၀. သူတို့ရဲ့ မိဘတွေကတော့ . . . ဒီလိုမလုပ်ဖို့ဆုံးမကြတာပဲ။ (ဆုံးမ = preach)

. . ခုပေးထားတဲ့ စာကြောင်းတွေကို ( *to / not to*) နဲ့ ရေးဖို့ပေးထားတာပါ ။ ကြိုးစားကြည့်လိုက် . . .


***Keys***

1. They invited you to go to movie.
2. They didn't invite you to go for dinner.
3. The boy persuaded the girl to come with him.
4. The boy persuaded the girl not to obey her parents.
5. Your parents want you to become a doctor.
6. You parents don't want you to live hand to mouth.
7. Can you promise not to make a mistake again.
8. Some advertising actresses are fond of black marks in life to become famous.
9. Some girls who sing at restaurants sacrifice everything for money.
10. Their parents preach them not to do so.

www.burmeseclassic.com

www.burmeseclassic.com





## Unit (2)

### Sentences with an object followed by ving or bare infinitive

- bare inifinitive ဆိုတာ မူရင်းကြိယာရဲ့ ရှေ့မှာ ( to / not to ) မပါ ဘဲသုံးတဲ့ ပုံစံကိုပြောတာ။

**(A) (sv) + obj + ving**

ဒီပုံစံမှာ . . . obj နောက်က ving (present participle) လာတယ်။ လက်တွေ့နယ်ပယ်မှာ သိပ်ပြီး အသုံးဝင်တယ်၊ ဒီပုံစံတွေကို ကြည့်လိုက်. . .။

| | (sv) | obj | Ving | |
|---|---|---|---|---|
| 1. | I heard | you | singing | မင်းသီချင်းဆိုနေတာကို ကြားနေရတယ်၊ |
| 2. | I saw | them | fighting | သူတို့ရန်ဖြစ်နေတာကို မြင်ခဲ့ ရတယ်၊ |
| 3. | I feel | your heart | beating wildly | မင်းအရမ်း ရင်ခုန်နေတာကို ငါသိတယ်၊ |
| 4. | We looked at | the bus | running into a tree | ဘတ်စ်ကားသစ်ပင်ဝင်တိုက်တာကိုကြည့်တယ်၊ |
| 5. | He listened to | the girl | playing the guiter | ကောင်မလေးဂစ်တာတီးတာကိုနားထောင်တယ်၊ |
| 6. | They watched | the girl | dancing | ကောင်မလေး ကနေတာကို ကြည့်ခဲ့တယ်၊ |
| 7. | I noticed | someone | sitting behind me | တစ်ယောက်ယောက် နောက်ဘက်မှာ လာထိုင်နေတာကို ငါသတိပြု မိတယ်၊ |
| 8. | We smelled | something | burning | တစ်ခုခု မီးလောင်နေတာကို အနံ့ရတယ်၊ |
| 9. | I perceived | someone | standing beside me | တစ်စုံတစ်ယောက် ဘေးမှာ မတ်တပ်ရပ်နေတာကို သိတယ်၊ |

ခုပေးထားတဲ့ နမူနာတွေမှာ . . . တစ်စုံတစ်ယောက်က. . . တစ်ခုခုလုပ်နေတာ၊ ဒါမှမဟုတ် တစ်ခုခုဖြစ်နေ တာကို. . . သိတယ်မြင်တယ်ကြားတယ် (မြင်တွေ့ ခံစား သိရှိတယ်) ဆိုတာကို ဖော်ပြနေတယ်။ ဖြစ်နေတုန်း မြင်တာ၊ ကြားတာ၊ အဲဒီ actionဟာ ဖြစ်နေတုန်း (still going on or still doing)ပဲ၊ မပြီးပြတ်သေးဘူး ။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်

ဖြစ်နေတုန်း (မပြီးပြတ်သေးတဲ့သဘော) မဟုတ်ဘဲ. . . ဖြစ်ပြီးသွားတဲ့ (completed activity) ကို ပြောချင်ရင် infinitive (မူလကြိယာပုံစံ) ကိုသုံးတယ်။ ဒီလိုလေ. . . .

- I <u>heard</u> you <u>come</u> . (မင်းလာတာကို ငါ ကြားခဲ့တယ်)

ဒီပုံစံက. . . ကြားခဲ့တာကို ပြောချင်တာ၊ ဒီကိစ္စပြီးသွားပြီ၊ မှတ်ထားဖို့က သူနောက်ကလာတဲ့ verb ဟာ infinitive (မူလပုံစံ) ဖြစ်ရမယ်။ 's' လေးတောင်မှထည့်ပေးလို့ မရဘူး။ tense ကိုကြည့်ဖို့က ရှေ့ဘက်မှာရှိတဲ့ hear($v_1$) or heard ($v_2$) ဆိုတာတွေက ခွဲပေးတယ်။ ဒီဝါကျကို ကြည့်လိုက်. . .

**(B). (sv) + obj + infinitive**

| | (sv) | obj | infinitive | |
|---|---|---|---|---|
| 1. | I heard | you | sing(singing) | ..သီချင်းဆိုတာကို ကြားခဲ့တယ်။ |
| 2. | I felt | you | enter (entering) | ..နင်လာတာကို သိတယ်။ |
| 3. | I saw | them | fight (fighting) | .. ရန်ဖြစ်တာကိုမြင်ခဲ့တယ်။ |
| 4. | They watched | the girl | dance (dancing) | .. ကတာကို ကြည့်ခဲ့တယ်။ |
| 5. | He noticed | you | come (coming) in | . . ဝင်လာတာကို သတိပြုမိတယ်။ |

ဒီအသုံးအနှုန်းတွေဟာ သိပ်အသုံးဝင်တယ်၊ ထိရောက်တယ်၊ သဘောပေါက်အောင်လေ့လာပါ။ တကယ်သဘောပေါက်ပြီဆိုရင် လေ့ကျင့်ခန်းပေးမယ်။

လေ့ကျင့်ခန်း

ဒါတွေကို အင်္ဂလိပ်လိုပြန်ကြည့်လိုက်. . . .၊ ပုံစံတစ်မျိုးပဲရေးပါ။

၁. ပင်ပင်ပန်းပန်းအလုပ်လုပ်နေရတာကို. . . ငါမမြင်ချင်ဘူး။

၂. မင်းစကားကျယ်ကျယ်ပြောတာကို သူတို့ကြားတယ်။

၃. တစ်စုံတစ်ယောက်က. . တံခါးတွန်းလိုက်တာကို ငါသိလိုက်တယ်။ ((felt)

၄. သူ. . မင်းကိုငေးနေတာ. . . ငါသတိပြုမိတယ်။ (noticed)

၅. သူတို့တီးတိုးတီးတိုလုပ်နေကြတာကို မင်းကြားခဲ့သလား။

၆. ဒါရိုက်တာကြောင်ပါးကြီးက မနူးမနပ်မင်းသမီးလေးကို နက်ရှိုင်းတဲ့အပြုံး. . ပြုံးပြတာကို မင်းမမြင်လိုက်ဘူးလား။

၇. သူစားပွဲမှာ ဝင်ထိုင်လိုက်တာကို ငါသိလိုက်တယ်။ (felt)

www.burmeseclassic.com

www.burmeseclassic.com



***Keys***

1. I don't want to see you work (working) hard.
2. They heard you speak (speaking) up. (အသံကျယ်ကျယ်ပြောတာကို speak up)
3. I felt someone push (pushing) the door.
4. I noticed (was aware of) him gaze (gazing) at you.
5. Did you hear them whisper (whispering)?
6. Didn't you see the cunning director give (giving) a deep smile to the adolescent actress?
7. I felt him sit (sitting) at the table.

ဒါကို simple sentence နှစ်ကြောင်းခွဲထုတ်လိုက်ပြီး that နဲ့ဆက်ရေးလို့ရတယ်။ ဒီပုံစံကို ကြည့်လိုက်. .

**(C) (sv) + that + (sv) + .....**

| | (sv) | that | (sv) |
|---|---|---|---|
| 1. | I heard | | you sing |
| | I heard | that | you *sang.* ($v_2$) |
| 2. | I felt | | you *enter.* |
| | I felt | that | you *entered.* ($v_2$) |
| 3. | I saw | | them fight. |
| | I saw | that | they *fought.* ($v_2$) |
| 4. | They watched | | her dance. |
| | They watched | that | she *danced.* ($v_2$) |
| 5. | He noticed | | you come in. |
| | He noticed | that | you *came in* .($v_2$) |

ခုပေးထားတဲ့ စာကြောင်းတွေမှာ ပုံစံနှစ်မျိုး တွေ့ရမယ်။ conjuction (that) မပါဘဲ ပေးထားတဲ့ ပထမစာကြောင်းကို simple sentence လို့ ခေါ်တယ်။ verb တစ်လုံးတည်းပါနေလို့။ အဲဒါကို နှစ်ကြောင်းဖြစ်အောင် ခွဲဆန့် လိုက်တော့နှစ်ကြောင်းလုံးကို simple sentence လို့ပဲခေါ်တယ်။ သူတို့မှာလည်း verb တစ်လုံးစီပါနေလို့ပဲ။ အဲဒီနှစ်ခုကို conjuction နဲ့ဆက်ပေးထားတာ။

ရေးတဲ့အခါ. . . obj နေရာမှာရှိတဲ့ them, her, you ဆိုတာတွေဟာ sub နေရာကို ရောက်သွားတဲ့အခါမှာ they, she, you အဖြစ်ပြောင်းသွားတယ်။ နောက်တစ်ခုက verb တွေကို past tense ($v_2$) ပြောင်းပေးရတယ်။ (sang, entered, fought, ɩanced,came)

www.burmeseclassic.com


www.burmeseclassic.com



**ထူးခြားချက်**

-make, help, let, bid,know ...ဆိုတဲ့စကားတွေနဲ့ သုံးရင် obj နောက်မှာ infinitive ပဲလာမယ်၊ —ing မလာတော့ဘူး။

1. They made me resign my job.
   ငါအလုပ်ထွက်အောင်. . . သူတို့လုပ်လိုက်တာ။
2. Don't make me go with him.
   ငါ့ကို သူနဲ့ အတူမသွားနိုင်းပါနဲ့။
3. What made you choose him?
   ဘာဖြစ်လို့ သူ့ကိုရွေးလိုက် တာလဲ။
4. Help me open the door.
   တံခါးကို ကူပြီးဖွင့်ပေး ပါဦး။
5. Can I help you find a job?
   အလုပ်ကူပြီး ရှာပေးရ မလား။
6. I never let you go.
   မင်းကို ဘယ်တော့မှ သွားခွင့်မပေးဘူး။ (လက်လွှတ်မခံဘူး)
7. Let him stay here.
   သူ့ကို ဒီမှာပဲ နေပါစေ။
8. Don't let him shout.
   သူ့ကို မအော်စေနဲ့။
9. Don't bid them leave early.
   သူ့ကို စောစောမသွားစေနဲ့။
10. Bid him (to) come in.
    သူ့ကို အထဲဝင်နိုင်း လိုက်ပါ။
11. I know him keep his promise.
    သူကတိတည်တာကို ငါသိတယ်။
12. Let me leave alone.
    ငါတစ်ယောက်တည်းနေပါရစေ (မနှောင့်ယှက်ပါနဲ့)



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးကျွမ်းကျင်အောင် ဒါလေးတွေ ဘာသာပြန်ကြည့်လိုက်. . . .

၁. ကလေးကို ငိုအောင်မလုပ်ပါနဲ့၊ (make)
၂. သူတို့က ကျွန်တော့ကို ဒီမှာစောင့်ခိုင်းတာ၊ (made)
၃. သူ့ကို ဝေးဝေးမှာ သွားနေခိုင်းလိုက်ပါ၊ (make)
၄. ကူညီပြီးဟင်းချက်ပေးနိုင်မလား၊ (help?)
၅. သူအမြဲတမ်း ငါ့ကိုကူညီပြီး တံမြက်စည်း လှဲပေးပါတယ်၊ (help)
၆. သူ. . . ကော်ဖီသောက်ပါစေ၊ (let)
၇. သူ့ကို ဒီနေရာမှာ မထိုင်ပါစေနဲ့၊ (don't let)
၈. ကောင်မလေးကို နိုင်ငံခြား မသွားပါစေနဲ့၊ (don't let)
၉. သူထွက်သွားပါစေ၊ (bid)
၁၀. ဒီအမှားကို သူလုပ်တယ်ဆိုတာ ငါသိပြီးပါပြီ၊ (have known)
၁၁. မြန်မာပြည်ကို ဘာဖြစ်လို့လာလည်တာလဲ၊ (made)

***Key***


1. Don't make the baby cry.
2. They made me stay here.
3. Make him stay away.
4. Can you help me (to) cook the curry? (to ပါလဲ ရတယ်)
5. He always help me (to) sweep the floor.
6. Let him drink (have) coffee. (drink or have)
7. Don't let him sit here.
8. Don't let her (the girl) go abroad.
9. Bid him leave (get out) .
10. I have known him make this mistake.
11. What made you visit Myanmar?

(ဒီပုံစံမျိုးတွေကို . . အလားတူ ကိုယ်ပိုင် စိတ်ကူးနဲ့ ရေးသားလေ့ကျင့်ပါ)

www.burmeseclassic.com

www.burmeseclassic.com





## Unit 3

## Sentences with an object followed by an adjective

**(A).(sv) + obj + adj**

ဒါက. . .  စာရေးတဲ့အခါ သိပ်ပြီးထိရောက်တဲ့ ပုံစံပါပဲ။ ဒီအကြောင်းကို မပြောခင် ဒီနမူနာလေးကို ကြည့်လိုက်. . .

- Mother ***dressed*** her ***beautifully.*** (အမေက သူ(မ) ကို လှလှပပဝတ်ဆင်ပေးတယ်)

လှလှပပ(beautifully) ဟာ ဝတ်ဆင်တယ်ဆိုတဲ့ (dressed) ကို အထူးပြုတာ။ verb ကို အထူးပြုရမယ့် စကားလုံးက adverb ပဲ ဖြစ်ရမှာပေါ့။ ဒါကလူတိုင်းသိနေတဲ့ သမရိုးကျပုံစံပဲ။ ခုပြောမှာက အဲဒီလို မဟုတ်တော့ဘူး။ adjective နဲ့ တွဲပေးမယ်။ ဒီလို. . .

- We ***found*** the room ***empty.***

အခန်းထဲမှာ လူတစ်ယောက်မှမရှိတာ (ဘာမှမရှိတာကို )တွေ့ရတယ်၊ အခန်းကို ဘယ်လိုပုံစံတွေ့ရတာလဲ. .၊ ဘာမှမရှိ တာကို တွေ့ရတယ်. .၊ဘာမှမရှိဘူးဆိုတဲ့ empty (adj) ဟာ adverb အလုပ်ကို လုပ်ရတဲ့ သဘော ရောက်နေတယ်၊ဒါပေမယ့် Grammar ရှုဒေါင့်ကကြည့်ရင် adverb လို့မပြောနိုင်ဘူး။ the room (obj) နဲ့တပါတည်းပေါင်းပြီး empty (adj) ကို လည်း object လို့ ခေါ်မယ်။ ဘယ်လိုခေါ်တယ် ဆိုတာ မသိလည်းကိစ္စမရှိပါဘူး။ သုံးတတ်ရင် ပြီးတာပဲ။ ဒီ ပုံစံတွေကိုကြည့်. . .၊

| | (sv) | obj | adj | |
|---|---|---|---|---|
| I | wish | you | ***rich*** | ( ချမ်းသာစေချင်တယ်) |
| I | like | tea | ***strong*** | (လက်ဖက်ရည်ကျကျကြိုက်တယ်) |
| I | found | the window | ***open*** | (ပြတင်းပေါက် ပွင့်နေတာကို တွေ့ရတယ်) |
| I | saw | him | ***fresh*** | (လန်းလန်းဆန်းဆန်းမြင်ရတယ်) |
| I | want | my hair | ***short*** | (ဆံပင်တိုတို ကြိုက်တယ်) |
| I | found | the curry | ***oily*** | (ဆီများတယ်) |

www.burmeseclassic.com

www.burmeseclassic.com



ခြားနားချက်

1. We found the room empty. ဆိုတာနဲ့. . .
2. We found the empty room. နဲ့မတူဘူးနော်၊

1. We found the room empty ကို ပိုရှင်းအောင်ပြောရရင်. . .
- We found the room and it was empty.

အခန်းကို ရှာတာ. . . ဒါမှမဟုတ် အဲဒီကို သွားတာ၊ ဟိုရောက်တော့ . . . အခန်းထဲမှာ . . . ဘာမှမရှိ ဘူး၊

2. We found the empty room ကို ပိုရှင်းအောင်ဆိုရင်. . . .
- We found the room which was empty.

ဘာမှမရှိတဲ့ (လူမရှိတဲ့) အခန်းကို တွေ့တယ်(ရှာတယ်) . . . လို့ ဆိုလိုတာ။

သဘောမပေါက်လဲရပါတယ်၊လိုက်နိုင်သူတွေအတွက် analysis လုပ်ပေးတဲ့သဘောလောက် ပါပဲ. . ဒီပုံစံကို နောက်ထပ်ပြီး သဘောတစ်မျိုးနဲ့ သုံးလို့ရတယ်။ပုံစံအနေအထားကတော့ မပြောင်းလဲဘူးနော်။ အနှစ်သာရတော့နည်းနည်းကွာတယ်. . .

ဥပမာ

1. You *made* her *sad*. မင်းက. . ကောင်မလေးကိုစိတ်ဆင်းရဲအောင်လုပ်လိုက်ပြီ။

သဘောက. . မင်းလုပ်လိုက်လို့ (made)...ဖြစ်ပေါ်လာတဲ့ရလဒ် (အခြေအနေ) ကစိတ်ဆင်းရဲ (sad-adj) တယ်ဆိုတာပဲ၊

လိုရင်းပြောရရင် . . . လုပ်ဆောင်မှုတစ်ခုခု (the action of the verb) ကြောင့် ဖြစ်ပေါ်လာတဲ့ (result) ကို ပြောချင်တဲ့ အခါ ဒီပုံစံနဲ့ရေးတယ်၊ နောက်တစ်ကြောင်း ကြည့်လိုက်. . .

2. The sun *turns* the leaves *dry*.

နေ (နေပူ) ကြောင့် အရွက်တွေခြောက်တယ်၊

ဒီမှာလည်း ဒီတိုင်းပဲ. . ၊ နေပူကြောင့် ဖြစ်လာတဲ့အကျိုးဆက်က . . အရွက်တွေခြောက်ရတယ်၊

ဒီယေဘုယျ သဘောနဲ့ အကြုံးဝင်တယ်ဆိုရင် ဘယ် verb မဆို ဒီပုံစံနဲ့ ရေးလို့ရတယ်၊ ပိုရှင်းအောင် ဇယားလေးလုပ်ပေးလိုက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



| (B) | (sv) | obj | adj | |
|---|---|---|---|---|
| 1. | Raise | your hands | higher. | လက်ကိုမြင့်မြင့်မြှောက်ပါ |
| 2. | We boiled | the meat | soft. | အသားကို နူးအောင်ပြုတ်တယ်။ |
| 3. | Don't fling | the window | open. | ပြူတင်းပေါက်ကို အရမ်းတွန်းမဖွင့်ပါနဲ့။ |
| 4. | He hammered | the iron | flat. | သံပြားကိုပြားအောင်ထုတယ်။ |
| 5. | Don't squeeze | the neck | tight. | လည်ပင်းကိုတင်းကြပ်အောင်မညှစ်နဲ့။ |
| 6. | The baby licked | the spoon | clean. | ကလေးကဇွန်းကိုပြောင်အောင်လျှက်တယ်။ |
| 7. | She paints | her lips | red. | နှုတ်ခမ်းကိုအနီရောင်ဆိုးတယ်။ |
| 8. | He dyes | his hair | grey. | ဆံပင်ကိုအဖြူရောင်ဆိုးတယ်။ |
| 9. | I never leave | the door | open. | တံခါးကိုဘယ်တော့မှမဖွင့်မထားခဲ့ဘူး။ |
| 10. | She sweeps | the floor | clean. | ကြမ်းကိုပြောင်အောင်တံမြက်လှဲတယ်။ |

**မှတ်ချက် —**

ဒီပုံစံနှစ်မျိုး (A နဲ့ B)ဟာ. . . ပုံစံအနေနဲ့အတူတူပါပဲ။ ပိုပြီး သိစေချင်လို့ခွဲပေးလိုက်တာ။ မှတ်ရခက်နေရင်တော့. . . တစ်မျိုးတည်းပဲသဘောထားပြီး လွယ်အောင်ပေါင်းမှတ်လိုက်။ နောက်ပိုင်း အရှည်အဝေးတက်လာပြီဆိုတော့မှ. . . analysis လုပ်ပါ။

**ထူးခြားချက်**

လိုက်နိုင်မယ်ဆိုရင်. . . ဒါလေးမှတ်လိုက်၊ မရသေးရင်လည်း ခဏထားလိုက်။

ဒီပုံစံနဲ့ရေးတဲ့အခါ. . . object က that clause or to-infinitive ဖြစ်နေရင်. . . အဲဒီ clause / phrase တွေကို နောက်ဆုံး ကိုပို့ပေးလိုက်၊ obj ရဲ့ပုံမှန်နေရာ (verb နဲ့ adj ကြား)မှာရှိတဲ့ it ကိုတော့ prepartory it လို့ခေါ်တယ်။ Volume (I) (elementary) မှာပြောပြီးပြီနော်။

**ဒီလို....**

1. I made *it* clear ***that I promised him to get a job.***

သူ့ကိုအလုပ်ရှာပေးဖို့ ကတိပေးထားတဲ့ကိစ္စကို ရှင်းလင်းအောင် (အဆင်ပြေအောင် ပြီးပြတ်အောင်) လုပ်ခဲ့တယ်။

ပုံမှန်အားဖြင့် that - clause ဟာ *it* နေရာမှာရှိရမယ်၊ ရှည်နေလို့ နောက်ဆုံး (adj ရဲ့နောက်) ကိုပို့လိုက်တယ်၊ သူ့နေရာမှန်မှာ *it* ထည့်ပေးလိုက်၊

2. A bad bone in my arm makes *it* painful ***to write.***

လက်မောင်းကမကောင်းတဲ့ အရိုးတစ်ချောင်းကြောင့် စာရေးရင်နာနေတယ်။

- to infinitive ဖြစ်တဲ့ (to write) ကိုနောက်ဆုံးမှာ ထားတယ်၊ သူ့နေရာမှာ it ထည့်ပေး၊

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ခန်း –

ပိုပြီးသဘောပေါက်အောင် ဒါလေးတွေ ဘာသာပြန်ကြည့်ပါ။ ခုရှင်းပြပြီတဲ့ပုံစံ (A + B) မှာ ရှင်းပြထားတဲ့အတိုင်း (sv) + obj + adj ပုံစံနဲ့ရေးပါ။

၁. တံခါးကို တအားမဆွဲလိုက်နဲ့။ (pull....hard)
၂. ဒီကောင်မလေးအမြဲတမ်း အင်္ကျီကိုပြောင်အောင်လျှော်တယ်။ (wash....clean)
၃. ကြက်ဥကိုမာအောင်မပြုတ်ပါနဲ့ ။ (boil....hard)
၄. သူ့မျက်နှာ. . နေလောင်လို့ညိုသွားတယ်။ (burn / make ..... brown)
၅. မိုးကြောင့် အပင်တွေစိမ်းလန်းလာတယ်။ (turn.....green)
၆. ဘာဖြစ်လို့ ဆံပင်ကိုရှည်ရှည်ထားတာလဲ။ (keep....long)
၇. ငါ ဆံပင်ကို. . . တိုတိုမညှပ်ချင်ဘူး။ (cut...short)
၈. မင်းနေမကောင်းဖြစ်အောင် မစားသင့်ဘူး။ (eat yourself sick)
၉. မင်းတို့ဆင်းရဲနေတာကို. . . ငါ နောက်တစ်ကြိမ်မတွေ့ချင်တော့ဘူး။ (find...poor)
၁၀. ငါ့ကိုအရူးလာမလုပ်နဲ့။ (make....fool)
၁၁. ကလေးကိုနွေးနွေးထွေးထွေးထားပါ။ (keep...warm)
၁၂. ငါ့ကို တစ်ယောက်တည်းမထားခဲ့ပါနဲ့။ (leave..alone)
၁၃. တံခါးကို သော့မခတ်ဘဲထားခဲ့ပါ။ (leave...unlocked)
၁၄. ကြောင်လေးတွေဟာ သူ့ကိုယ်သူပြောင်အောင် (သန့်အောင်) လျှာနဲ့လျက်ကြတယ်။ (lick....clean)
၁၅. ငါ အင်္ကျီညစ်ပတ်နေတာကို မကြိုက်ဘူး။ (like....dirty)
၁၆. သူ့ကိုလွှတ်ပေးလိုက်ပါ။ (set....free)
၁၇. စားပြီးတိုင်းစားပြီးတိုင်း လက်ကိုပြောင်အောင်သုတ်ပါ။(wipe...clean)
၁၈. ဒီမိန်းမ. . လောဘကြောင့်ဆင်းရဲသွားပြီ။ (turn....poor)
၁၉. မင်းကြောင့် ငါ့ဘဝ ဝယက်ထသွားပြီ။ (turn....upset)
၂၀. ဒီငနာလေး. . . အချစ်နာကျလို့ရူးမတတ်ပဲ။ (drive....almost mad)

ခက်နေရင် စိတ်ပျက်သွားမှာစိုးလို့ လွယ်အောင် delicate hints တွေပေးထားတယ်။ ကလေးကိုပျားရည်နဲ့ ဆေးတိုက်တဲ့ သဘောပဲ။ ကြိုးစားကြည့်လိုက်စမ်းပါ။ ရေးပေးရတဲ့သူ ပင်ပန်းရကျိုးနပ်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



***Key***

1. Don't ***pull*** the door ***hard.***
2. She always ***washes*** her clothes ***clean.***
3. Don't ***boil*** the egg ***hard.***
4. The (hot) sun ***burnt*** (made) his face ***brown.*** (hot မပါလည်းရတယ်)
5. The rain ***turned*** the trees ***green.***
6. Why do you keep your hair long?
7. I don't want to ***cut*** my hair ***short.***
8. You shouldn't ***eat*** yourself ***sick.***
9. Again, I don't want to ***find*** you ***poor.***
10. Don't ***make*** me ***fool.***
11. ***Keep*** the baby ***warm.***
12. Don't ***leave*** me ***alone.***
13. Don't ***leave*** the door ***unlocked.***

    (unlocked က adj ဆိုပေမယ့်. . . . သူ့ကို past participle (adj) လို့ခေါ်တယ်။ နောက်လာမယ့် ပုံစံ (d) မှာရှင်းပြပေးထားတယ်။ participle တွေချည်းသီးသန့်စိစဉ်ပေးထားတယ်။
14. A cat ***licks*** himself ***clean.*** ( a ပါပေမယ့်. . . အားလုံးကိုပြောတဲ့သဘောပဲ)
15. I don't ***like*** my shirt (dress) ***dirty.***
16. ***Set*** him ***free.***
17. ***Wipe*** your hands ***clean*** after each meal.

    (ဒီနေရာမှာ. . . စားပြီးတိုင်းဆိုတာ. . ထမင်းစားတာကိုပြောချင်တာ။ ဒါကြောင့် meal ပဲသုံး။ food မရဘူး)
18. Greediness ***turned*** her poor. (greediness = လောဘ)
19. You ***turned*** my life ***upset.***

    (ဝါကျကိုတိုက်ရိုက်ပြန်လို့မကောင်းဘူး။ သူက. . . ဘဝမတည်ငြိမ်တာကို ပြောချင်တာ၊ ဒါကြောင့် upset (adj) ကိုသုံးတာပိုကောင်းတယ်။ verb အနေနဲ့သုံးလို့လည်းရတယ်)
20. Being lovesick ***drove*** him alomost ***mad.***

    ( ငနှာ. . . လို့တိုက်ရိုက်ဆိုရင် stupid fellow, foolish guy လို့ပြန်နိုင်တယ်)

www.burmeseclassic.com

www.burmeseclassic.com



**(ဂ). SV + Obj + (to be) adj**

ဒီပုံစံက. . ရှေ့ကပုံစံတွေနဲ့နည်းနည်းကွာတယ်။ object ရဲ့နောက် (adjective ရဲ့ ရှေ့မှာ) (to be)ထည့်လို့ ရတယ်။ မထည့်ဘဲရေးလို့လည်းရတယ်။

ဒီနမူနာတွေကိုကြည့်လိုက်ရင် ရှင်းသွားမယ်. . . . . . . . ။

| | (sv) | o | | adj |
|---|---|---|---|---|
| 1. | He supposed | you | (to be) | *honest.* |
| 2. | They don't think | you | (to be) | *crazy.* |
| 3. | I belived | your suggestion | (to be) | *useful.* |
| 4. | You proved | it | (to be) | *true.* |
| 5. | We found | him | (to be) | *innocent.* |

ဒီစာကြောင်းတွေမှာ (to be) မသုံးလည်းရတယ်၊ နောက်ပြီး . . . complement နေရာမှာ adj or noun.. နှစ်မျိုးလုံး တွေ့ရမယ်။ ဒီလိုဘာသာပြန်လို့ ရတယ်၊

၁. ငါ. . မင်းကိုရိုးသားတယ်လို့ ယူဆတယ်။

၂. သူတို့ကမင်းကို. . . ပေါကြောင်ကြောင်လို့ မထင်ဘူး။

၃. မင်းပေးတဲ့အကြံက. . အသုံးဝင်မယ်လို့ ယုံကြည်တယ်။

၄. မင်းက. . အဲဒါတွေကို မှန်တယ်လို့ သက်သေပြတယ်။

၅. သူမှာ အပြစ်ကင်းတယ်ဆိုတာကို . . ငါတို့တွေ့ရတယ်။

ဒီစာကြောင်း တွေကို. . ဝါကျနှစ်ခုဖြစ်အောင် ခွဲထုတ်ပြီး that နဲ့ဆက်ရေးလို့ရတယ်၊ အဲဒီ. . that ကို ဖြုတ်ထားလို့လည်းရတယ်၊

1. I supposed (that) ***you are*** honest.
2. They don't think (that) ***you are*** crazy.
3. I belived (that) ***your suggestion*** is useful.
4. You proved (that) ***it*** is true.
5. We found (that) ***he*** is innocent.

**ထူးခြားချက်**

- objective နေရာမှာသုံးတဲ့ him, her, you ဆိုတာတွေကို. . subject နေရာမှာသုံးတဲ့ he, she, you ပုံစံတွေပြောင်းပေးရတယ်။

www.burmeseclassic.com

www.burmeseclassic.com



**လေ့ကျင့်ခန်း**

ဒါတွေကို အင်္ဂလိပ်လို ရေးကြည့်ပါ။

၁. အင်္ဂလိပ် စာသင်ရတာ လွယ်တယ်။
(find နဲ့ရေးပါ. . . difficult, easy သုံးလို့ရတယ်)

၂. ပန်းချီပညာ သင်ရတာခက်တယ်။ (find ပဲသုံး)

၃. အဲဒါကို ဈေးကြီးတယ်လို့ ထင်သလား။ (think.... expensive)

၄. အဲဒါကို ဈေးပေါတယ်လို့ မထင်ပါဘူး။

၅. ဒါကို မှန်တယ်လို့. . . ဘယ်လိုသက်သေပြနိုင်မလဲ။ (How....prove...)

၆. ငါ. . သူ့ကိုရိုးသားတယ်လို့ မထင်ခဲ့ဘူး။ (don't suppose...)

၇. ဒီရုပ်ရှင်ကားက စိတ်ဝင်စားစရာ ကောင်းတယ်။ (...find..... interesting)

၈. ငါတို့. . . ပျောက်သွားတဲ့ကလေးကို . . မသေမပျောက်ဘဲ တွေ့ရတယ်။
(found....... alive - adj)

၉. မြို့ကြီး ပြကြီးက အလှအပဆိုတာ ဆေးဆိုးပန်းရိုက် ဖြစ်နေတာကို ငါတွေ့ကြုံခဲ့ရတယ်။
(ဆေးဆိုးပန်းရိုက်ဆိုတာ. . အစစ်မဟုတ်ဘဲ ပြုပြင်ဖန်တီးတာကို ပြောချင်တာ။ ဒါကြောင့် artificial -adj ကိုသုံး ၊ ဟိုဟာက beauty in cities ဆိုရင်ရပါပြီ)

၁၀. ကျေးလက်ဒေသတွေမှာ တွေ့ရတဲ့ အပြုံးတွေဟာ အပြစ်ကင်းစင်တာတွေရတယ်။
(innocent smiles....)

ဒါတွေအားလုံးကို conjuction (that) မပါဘဲ ရေးပါ။

***Keys***

1. I /We find learning English ***easy.***
2. I / We find learning painting ***difficult.***
3. Do you think it ***expensive?***
4. I don't think it ***cheap.***
5. How can you prove it ***true***?
6. I didn't suppose him ***honest.*** (adj)
7. I found (find) this ***interesting.*** (adj)
8. We found the missing child ***alive.*** (adj)
9. I /W e found beauty in cities ***artificial.*** (adj) ( in cities နောက်ဆုံးပို့လို့ရတယ်)
10. I / We find smiles in rural areas ***innount.*** (adj)
(ကျေးလက်ဒေသကို country side, rural areas သုံးလို့ရတယ်)

www.burmeseclassic.com

www.burmeseclassic.com



### (D) (sv) + obj + past participle (adj)

ဒီပုံစံက ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး။ ရှေ့မှာပြောခဲ့တဲ့ ပုံစံမျိုးတွေပါပဲ။ ဒါပေမဲ့ adjectives တွေက past participle adjectives တွေကိုပေးထားတာ။ သာမန်အားဖြင့် adj အချင်းချင်း အတူတူပါပဲ။

| | (sv) | adj | past particle (adj) |
|---|---|---|---|
| 1. | I want | my homework | *finished in time.'* |
| 2. | They found | the room | *burnt.* |
| 3. | He heard | his name | *called.* |
| 4. | We saw | the house | *broken.* |
| 5. | I like | chicken | *roasted.* |
| 6. | I prefer | cold | *iced.* |
| 7. | I felt | the door | *pushed.* |
| 8. | I prefer | fish | *fried.* |

ခုပေးထားတဲ့ စာကြောင်းတွေမှာ ပေးထားတဲ့ adjective တွေဟာ past particle (adj) တွေပါပဲ။ သိစေချင်လို့ သီးသန့်ခွဲပေးထားတာ။ တစ်ချို့စကားလုံးတွေမှာ verb ပုံစံရှိပြီး adj ပုံစံမရှိကြဘူး။အဲဒီစကားလုံးမှာ verbကို past participle (adj) ပုံစံပြောင်းပြီး ရေးလို့ရတာပေါ့။ ဘာသာပြန်လိုက်မယ်ဆိုရင်. . .

၁. ငါ. . အိမ်စာကို အချိန်မှီ ပြီးချင်တယ်။
၂. သူတို့ . . အခန်းကို မီးလောင်ထားတာ တွေ့ရတယ်။
၃. သူဟာ. . သူ့ရဲ့ နာမည်ကို ခေါ်သံကြားတယ်။
၄. အိမ်ပြိုပျက်သွားတာကို. . ငါတွေ့ခဲ့တယ်။
၅. ငါ. . ကြက်သားကင်ကို ကြိုက်တယ်။
၆. ရေခဲထည့်ထားတဲ့ အအေးကို ပိုကြိုက်တယ်။
၇. တံခါးတွန်းလိုက်တာကို ငါသိတယ်။
၈. ကြော်ထားတဲ့ ငါးကို ပိုကြိုက်တယ်။

### (E) causative use of have and get

ဒါက. . . ပုံစံအားဖြင့် ရှေ့ကပြောခဲ့တဲ့ ပုံစံတွေအတိုင်းပါပဲ။ ဒါပေမယ့် ဒီမှာ ***have*** နဲ့ ***get*** ရဲ့သီးခြား အသုံးအနှုန်း ဖြစ်နေတယ်။ နောက်ဆုံးက adj ဟာလည်း အရင်ပုံစံအတိုင်း . . past participle ပါပဲ။ ထူးခြားတာက အဓိပ္ပာယ် သက်ရောက်မှု ၊ ဒီအချက်က သိပ်ပြီးအဓိကကျတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်...

- I *got* my clothes *washed.*

ငါအဝတ်တွေကို လျှော်လိုက်တယ်။

ပြောချင်တာက . . ကိုယ်တိုင်လျှော်တာမဟုတ်ဘူး။ တခြားတစ်ယောက်က လျှော်ပေးတာကို ပြောတာ။ ကိုယ်တိုင်လျှော်တယ်ဆိုရင် I washed my clothes. လို့ရေးမှာပေါ့။ ဒီပုံစံမှာသုံးတဲ့ washed ဟာ past participle (adj) ပုံစံဆိုတာ မမေ့နဲ့။

ဒီပုံစံတွေကို ကြည့်လိုက်. . .

| | (sv) | obj | past participle (adj) | |
|---|---|---|---|---|
| 1. | I *had* | my car | *painted.* | ငါ့ကားကို ဆေးသုတ်ပေးသွားတယ်။ |
| 2. | Can I *have* | my tooth | *pulled out?* | သွားနုတ်ပေးလို့ ရမလား။ |
| 3. | I've to *get* | my hair | *cut.* | ငါဆံပင် ညှပ်ရမယ်။ (သူများက ညှပ်ပေး) |
| 4. | I *got* | my house | *roofed.* | ငါ့အိမ်ကို အမိုးမိုး ပေးခဲ့တယ်။ |
| 5. | You must get | your watch | *reparired.* | မင်းရဲ့ နာရီကို ပြင်ခိုင်းရမယ်။ |
| 6. | Can I *have* | my hair | *dyed.* | ငါ့ဆံပင်ကို ဆေးဆိုးပေးလို့ ရမလား။ |

ဒါတွေအားလုံးကို . . ကိုယ်တိုင်လုပ်တာ မဟုတ်ဘူး။ သူများက ကိုယ့်ကို လုပ်ပေးတာ။ ဒီပုံစံဟာ. . ရှေ့မှာပြောခဲ့တာတွေနဲ့ ကွက်တိပဲ။ အဓိပ္ပာယ်ပဲ မတူတာ။

ထူးခြားချက်

ဒီပုံစံမှာ have (or) get သုံးလို့ရတယ် ဆိုပေမဲ့ တချို့နေရာတွေမှာ get နဲ့ မရဘူး။ have ကိုပဲ သုံးလို့ရတယ်။

ဥပမာ

- I had my arm wounded.

ငါ့လက်မောင်းမှာ ဒဏ်ရာရတယ်။ (တစ်ခုခုကြောင့် ရတဲ့ဒဏ်ရာ)

ဒါက ဝေဒနာခံစားမှုကို ဖော်ပြချင်တာ။ ဒီလိုနေရာမှာ get သုံးလို့မဖြစ်ဘူး။ get ရဲ့သဘောက . . ကိုယ့်မှာရှိတာ၊ ပိုင်ဆိုင်တာ (hold or possess) မျိုးမှာ သုံးလို့သင့်လျော်တယ်။ ဒီလို ခံစားရတာတို့ ၊ ကြုံတွေ့ရတာတို့ (suffer or experience) ဆိုရင် . . *have* ကိုပဲသုံးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါလေးတွေလေ့လာထား...

1. I ***have*** my hand ***cut.***
   ငါ့လက်(ဝဲ) ရှသွားတယ်။
2. The soldier ***had*** his leg ***shot.***
   စစ်သားရဲ့ ခြေထောက် (သေနတ်) မှန်တယ်။
3. He ***had*** his box ***crushed*** under the bus.
   သူ့ရဲ့သေတ္တာ ဘတ်စ်ကားအောက်မှာ ကြေမွသွားတယ်။
4. We have ***had*** our money ***stolen.***
   ငါတို့ ပိုက်ဆံ အခိုးခံလိုက်ရတယ်။
5. I ***had*** my house ***broken*** by the storm.
   ငါ့အိမ် မုန်တိုင်းကြောင့် ပျက်စီးသွားတယ်။
6. She ***had*** a finger ***cut off*** at the hospital.
   ကောင်မလေး လက်ချောင်းတစ်ခု ဆေးရုံမှာ ဖြတ်ပစ်လိုက်တယ်။

ပိုပြီးသဘောပေါက်အောင် ဒါလေးတွေ ဘာသာပြန်ကြည့်. . .।

၁. ငါ့နာရီကို ပြင်လိုက်တယ်။ (repair)
၂. ငါ့စားပွဲကို အရောင်တင်လိုက်တယ်။ (polish)
၃. ငါ့စာအုပ်ကို အဖုံး ဖုံးရမယ်။ (cover)
၄. သူတို့. . . အခန်းကိုဆေးသုတ်ပေးတယ်။ (paint)
၅. သူတို့တံခါးကို အဖျက်ခံလိုက်ရတယ်။ (break)
၆. ကောင်လေး. . . သူ့အချစ်ကို စတေးခံလိုက်ရတယ်။ (sacrifice)
၇. ကောင်မလေး . . . အသဲတဝက်ကို ဖြတ်ထုတ်ပစ်လိုက်ရတယ်။ (cut off)
၈. ဟိုလူကြီး ခြေထောက်တစ်ဖက် နာသွားတယ်။ (hurt)


***Key***

1. I ***got*** my watch ***repaired.***
2. I have ***got*** my table ***polished.***
3. I must ***get*** my book ***covered.***
4. They have ***got*** their room ***painted.***
5. They ***had*** their door ***broken.***
6. The boy ***had*** his love ***sacrificed.***
7. The girl has ***had*** a half of her heart ***cut off.***
8. That man has ***had*** a leg ***hurt.***

www.burmeseclassic.com

www.burmeseclassic.com





Unit (4)

## Sentences with Adverbial Particles

Particles ဆိုတာ. . . ဒီနေရာမှာ. . . အင်္ဂလိပ်ဘာသာစကားမှာသုံးတဲ့ သေးသေးမွှားမွှား စကားလုံးလေးတွေ ကို ဆိုလိုတာပါ။

ဥပမာ-

-up, down, in, out, on, off, away, back ဆိုတဲ့စကားမျိုးတွေပေါ့။ ဒါက. . အများဆုံးသုံးတဲ့ စကားလုံးတွေ ကိုနမူနာပေးတာပါ။ ဒီစကားလုံးတွေကို verb တွေနဲ့ တွဲပြီးသုံးကြတဲ့အခါ. . . Adverb သဘောမျိုးဖြစ်သွားလို့ . . . ဒီအခန်းမှာ Adverbial Particle ဆိုတဲ့ နာမည်နဲ့ လေ့လာကြရအောင်။

ဒီနမူနာ တွေကိုကြည့်လိုက်. . . .

1. Don't *let* him *out*.

   သူ့ကို အပြင်မထွက်စေနဲ့။

   ဒီဝါကျမှာ. . . let က verb ဖြစ်ပြီး out ကို adverbial particle လို့ခေါ်တယ်၊ အစပိုင်းမှာတော့ ခေါ်တာ (term) ကိုမသိသေးရင်လည်း ရပါတယ်၊ အသုံးပြုပုံကို သဘောပေါက်အောင် လေ့လာပါ။

2. *Take* your hat *off*, please.

   ကျေးဇူးပြုပြီး ဦးထုပ်ချွတ်လိုက်ပါ။

   ဒီမှာလည်း အပေါ်ကပုံစံအတိုင်းပါပဲ။ take က verb ဖြစ်ပြီး off က adverbial particle ပဲပေါ့။ ဒီပုံစံမှာ objဖြစ်တဲ့ noun or pronoun ကို verb နဲ့ adverbial particles နှစ်ခုကြားမှာ ထားရတယ်ဆိုတာ မမေ့နဲ့ ၊ ဒါပေမဲ့. . အဲဒါအသေမဟုတ်ဘူးနော်။ နောက်ပိုင်းမှာ နောက်ထပ်ပုံစံတစ်မျိုး ပေးထားသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com




မှတ်ရလွယ်အောင်ပုံစံနဲ့ပေးလိုက်မယ်..

| (A) | (sv) | obj | adverbial particle |
|---|---|---|---|
| 1. | The girl *picked* | her purse | *up.* |
| 2. | I *laughed* | your blow | *off.* |
| 3. | Don't *shout* | him | *down.* |
| 4. | I won't *get* | you | *out.* |
| 5. | *Take* | your shoes | *off.* |
| 6. | *Don't bring* | them | in. |
| 7. | *Send* | the money | *back.* |
| 8. | He *gave* | his wealth | *away.* |
| 9. | *Don't put* | your hat | *on.* |

ဒီမှာ သိထားရမှာက. . verb, object, adverbial particle တွေရဲ့ နေရာအနေအထားပါပဲ။ တဲ. . .

အဲဒါတွေကို ဘာသာပြန်ပေးမယ်၊

၁. ကောင်မလေးက. . . သူ့ပိုက်ဆံအိတ်ကို ကောက်ယူလိုက်တယ်။
၂. မင်းထိုးတာလောက်တော့ ငါက ရယ်တာပေါ့။ (မဖြုံတဲ့သဘော)
၃. သူ့ကို. . . စကားပြောလို့မရလောက်အောင် မအော်လိုက်ပါနဲ့။
၄. ငါ. . မင်းကို အပြင်ထုတ်ပစ်မှာ မဟုတ်ဘူး။
၅. ဖိနပ်တွေ ချွတ်လိုက်ပါ။
၆. သူတို့ကို. . . အထဲမခေါ်ပါနဲ့။
၇. ပိုက်ဆံ. . . ပြန်ပို့ပေးပါ။
၈. သူဟာ. . . သူ့ရဲ့စည်းစိမ်တွေကို စွန့်ကြဲလိုက်တယ်။
၉. ဦးထုပ် မဆောင်းပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ပုံစံ တစ်မျိုး ပြောမယ်…၊

1. Take *off* your shoes.

   မင်းဖိနပ် တွေချွတ်လိုက်ပါ။

   ဒီမှာ ထူးခြားလာပြီနော်. . . off ဟာ take (verb) အနားကို ရောက်သွားပြီး shoes (object) က နောက်ဆုံးကို ရောက်သွားတယ်၊ ဒီလိုပုံစံနဲ့လည်း ရေးလို့ရတယ်၊

2. She picked *up* her purse (that) she got as a present from her mother.

   ကောင်မလေးက. . သူ့အမေဆီက လက်ဆောင်ရထားတဲ့ ပိုက်ဆံအိတ်ကို ကောက်ယူလိုက်တယ်။

ဒီဇယားကိုကြည့်…

| (B) | (sv) | A.particle | noun |
|---|---|---|---|
| 1. | You shouldn't bring | in | the man bothering you often |
| 2. | He gave | away | everything he had. |
| 3. | You must throw | away | everything gone bad. |
| 4. | I picked | up | the visitor from America (at the hotel) |
| 5. | — Take | off | your long coat. |
| 6. | — Put | on | warm cothes. |

ဒီပုံစံတွေမှာ. . . nouns တွေဟာ နောက်ဆုံးကို ရောက်သွားတာ တွေ့ရမယ်။ ဒီ nouns တွေကို verb နဲ့adverbial particle တွေရဲ့ ကြားမှာ ထားလို့လည်းရတယ်။ ဒါပေမယ့် သိပ်ရှည်နေတဲ့ noun ..ဒါမှမဟုတ် အဲဒီ noun ဟာ caluse တွေဖြစ်နေရင်တော့ . . . နောက်ဆုံးမှာ ထားတာပဲကောင်းတယ်။

ဥပမာ No. 5 or 6 မှာပေးထားတဲ့ long coat, warm clothes လိုတိုတာတွေဆိုရင် အလယ်မှာ ထားသုံးတာ ကောင်းပါတယ်။ အဓိပ္ပာယ် ပြန်ကြည့်မယ်။

၁. မင်းကို အနှောက်အယှက်ပေးတဲ့ လူကြီးကို အထဲကိုခေါ်လာဖို့ မသင့်တော်ဘူး။

၂. သူဟာ . . သူ့မှာရှိတာတွေကို အားလုံး စွန့်ကြဲပေးကမ်းခဲ့တယ်။

၃. မင်း. . မကောင်းတာတွေ အားလုံးကို လွှင့်ပစ်လိုက်ပါ။

၄. အမေရိက က ဧည့်သည်တွေကို ငါ. . (ဟိုတယ်မှာ) သွားခေါ်ခဲ့တယ်။

၅. မင်းရဲ့ ကုတ်အင်္ကျီရှည်ကို ချွတ်ပစ်လိုက်ပါ။

၆. အနွေးထည် ဝတ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်

ဒီပုံစံဟာ သိပ်ပြီးအသုံးဝင်တယ်၊ ဒါတွေကို အသေမှတ်လိုက်။

၁. Pronoun (နာမ်စား) ဆိုရင် verb နဲ့ adverbial particles ကြားမှာထားပါ။

၂. တခြား nouns တွေကို သူတို့နှစ်ခုကြား (mid- position) ရော၊နောက်ဆုံး (adverbial particles ရဲ့ နောက်) မှာထားနိုင်တယ်။ end-position ပေါ့။

၃. ဒါပေမဲ့ အဲဒီ noun က ရှည်နေမယ် clause ဖြစ်နေမယ်ဆိုရင်ပဲဖြစ်ဖြစ် . . . အဲဒီ noun ကို အလေးထားဖော်ပြ (emphasis) ချင်ရင်ပဲဖြစ်ဖြစ် နောက်ဆုံး (end-position) မှာပဲထားပါ။

ဒီထဲမှာ object (ကံ) မလိုတဲ့ intransitive verb တွေက ဒါနဲ့ လုံးဝမဆိုင်ဘူး။ သူတို့မှာ object မရှိတော့ . . ပူးသလား. . ခွဲသလား စဉ်းစရာမလိုဘူး။

ဥပမာ-

1. The fire *broke* out last night.
   မနေ့ညက မီးလောင်မှု ဖြစ်ပွားတယ်။
   (obj မပါဘူး ၊ ဒါကြောင့် broke နဲ့ out က ပူးပြီးသားပဲ။

2. I usually *get up* early.
   ငါ..အိပ်ရာက စောစောထလေ့ရှိတယ်။
   (ဒါလည်း ဒီအတိုင်းပဲ ။ object မှမရှိတာ ၊ get up ကခွဲစရာမလိုဘူး ၊ ခွဲလို့လည်း မရဘူး)
   ပိုပြီးသဘောပေါက်အောင်. . . ဒါတွေကို ဘာသာပြန်ကြည့်လိုက်။ နှစ်မျိုးရရင် နှစ်မျိုးစလုံးရေးပါ။

၁. ဆွယ်တာ အင်္ကျီချွတ်မထားနဲ့ ။ (take off)

၂. မင်း. . . ဦးထုပ်ကို ဆောင်းထားပါ။ (put on)

၃. သူ့ကို အပြင်ထုတ်ထားလိုက်။ (take out)

၄. ကလေးကို အပြင်ထုတ်မထားနဲ့။ (take out)

၅. သူ့ကို ဘတ်စ်ကား တိုက်လိုက်တယ်။ (knock down)

၆. ငါ့ကို အိမ်မှာ လာခေါ်ပါ။ (pick up)

၇. ကလေးတွေကို အိမ်မှာလာခေါ်ပါ။ (pick up)

၈. အဲဒါကို သော့ခတ်ထားပါ။ (lock up)

၉. ကားမောင်းသမားကို ပြန်လွှတ်လိုက်ပါ။ (send back)

၁၀. သူ့ကို မောင်းထုတ်ပစ်လိုက်။ (drive out)

၁၁. လမ်းမှာ ကစားနေတဲ့ ကောင်လေးတွေကို မောင်းထုတ်ပစ်လိုက်။

www.burmeseclassic.com

www.burmeseclassic.com



***Key***

1. Don't ***take off*** your sweater.
- Don't ***take*** your sweater ***off.***
2. ***Put on*** your hat.
- ***Put*** your hat ***on.***
3. ***Take*** him ***out.***

   ( ***take out*** him လို့. . . ရေးလို့မရဘူး ၊ him က pronoun ဖြစ်နေတယ်)
4. Don't ***take out*** the baby.
- Don't ***take*** the baby ***out.***
5. The bus ***knocked*** him ***down.***
- (the bus ***knocked down*** him ...လို့. . ရေးလို့မရဘူး။)
6. ***Pick*** me ***up*** at home.


   ( ***Pick up*** me at home ...ဆိုရင် မဖြစ်ဘူး)
7. ***Pick*** the children ***up*** at home.
- ***Pick up*** the children at home.
8. ***Lock*** it ***up.***
- Lock up it ...ဆိုရင် မရဘူး ၊ it က pronoun ...
9. ***Send*** the driver ***back.***
- ***Send back*** the driver.
10. ***Drive*** him ***out.***
- (***drive out*** him မလုပ်လိုက်နဲ့)
11. ***Drive out*** the boys playing in the street.
- ***Drive*** the boys playing in the street ***out.*** ဆိုရင်. . မှားပေမယ့် သိပ်မကောင်းဘူး။

   (drive နဲ့ out သိပ်ဝေးနေတယ်)

www.burmeseclassic.com

www.burmeseclassic.com





## Unit (5)

### Sentences with a verb followed by a Gerund

Gerund အကြောင်းကို to+infinitive နဲ့တွဲပြီး Volume I (elementary) မှာ အသေးစိတ်ရှင်းပြပြီးပြီ မကျေညက်သေးဘူးဆိုရင် ပြန်ကြည့်လိုက်။ ခုဒီမှာ . . Gerund ကို Direct objective အနေနဲ့ ဘယ်လို verbs တွေနဲ့ တွဲသုံးလေ့ရှိတယ်ဆိုတာကို ပြောပြမယ်။

မှတ်ရလွယ်အောင်ဆိုရင် . . .

1. start, begin ဆိုတဲ့ တစ်စုံတစ်ခုကို စတင်လုပ်ဆောင်ခြင်းပြတဲ့ စကားလုံးတွေ. . .
2. keep on, go on, try, practise, continue ဆိုတဲ့ဆက်လက်လုပ်ဆောင်မှုကို ပြတဲ့ စကားလုံးတွေ. .
3. stop, finish, give up, leave off ဆိုတဲ့ ပြီးစီးမှု (မလုပ်တော့တဲ့အကြောင်း) ဖော်ပြတဲ့စကားလုံးတွေ
4. love, hate, like, prefer, enjoy, remember, forget (forbide), bear(endure), mind, miss, fear... ဆိုတဲ့

   ချစ် ၊ မုန်း ၊ ကြိုက် ၊ ပိုသဘောကျ ၊ နှစ်သက်(ခံစား) ၊ မှတ်မိ ၊ မေ့ပျောက် ၊ သည်းခံ ၊ စိတ်ထဲမှာထား ၊ သတိရ (လွမ်းဆွတ်) ၊ ကြောက်. . . ဆိုတဲ့ ခံစားမှုစကားလုံးတွေ. . . . ၊ ဒီလိုစကားတွေနဲ့ gerund ကို တွဲသုံးလေ့ရှိတယ်။ ဒါအကုန်မဟုတ်သေးဘူးနော်၊ အများဆုံးသုံးတာတွေကို မှတ်ရလွယ်အောင် အုပ်စုခွဲပေးလိုက်တယ်။

ဥပမာ-

- They *started fighting* when the teacher left.
  (ဆရာလည်း ထွက်သွားရော. . . သူတို့ရန်စဖြစ်တော့တာပဲ)
- You shouldn't *keep on waiting.*
  (မင်းဆက်ပြီး စောင့်နေဖို့ မကောင်းတော့ဘူး)

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖေယားလေးနဲ့ မှတ်လိုက် ...။

| | sub | verb | gerund | |
|---|---|---|---|---|
| 1. | They | began | fighting | (သူတို့ရန်ဖြစ်ကြတယ်) |
| 2. | You | should keep on | working. | (မင်း. . အလုပ်ဆက်လုပ်သင့်တယ်) |
| 3. | We | must practise | speaking. | (စကားပြောလေ့ကျင့်သင့်တယ်) |
| 4. | — | Don't stop | working. | (အလုပ်လုပ်တာ မရပ်ပါနဲ့) |
| 5. | We | have finished | talking. | (ငါတို့ စကားပြောလို့ပြီးသွားပြီ) |
| 6. | I | gave up | smoking. | (ငါဆေးလိပ် မသောက်တော့ဘူး) |
| 7. | He | loves | singing. | (သူ. . သီချင်းဆိုတာကို ကြိုက်တယ်) |
| 8. | I | hate | gossiping. | (အတင်းပြောတာကို ငါမကြိုက်ဘူး) |
| 9. | She | likes | dancing. | (သူ(မ) ကတာကို သဘောကျတယ်) |
| 10. | I | enjoy | playing the guitar. (ဂစ်တာတီးရတာပျော်တယ်) | |
| 11. | — | Don't forget | staying with you. (ငါနဲ့ အတူနေခဲ့တာကိုမမေ့နဲ့) | |
| 12. | I | wouldn't mind | drinking (ငါ. . လက်ဖက်ရည်သောက်လည်းရပါတယ်) | |

**ထူးခြားချက်**

stop ကို သုံးတဲ့အခါ သတိထားရမယ် .

- We stopped working. (အလုပ်လုပ်နေတာကို ရပ်လိုက်တာ)
- We stopped to work . (အလုပ်လုပ်ဖို့ အတွက် တခြားကိစ္စကို ရပ်လိုက်တာ)

Excuse *my smoking*... လို့ မပြောချင်ရင်. . .

Excuse *me for smoking* ... သုံးနိုင်တယ် ၊

would, should နဲ့ဆိုရင် to infinitive ကို ပိုပြီးသုံးတယ် ၊

- I like singing .... အစား
- I would like to sing အသုံးများတယ် ။ဒီနှစ်မျိုးက သိပ်ပြီးခြားနားမှု မရှိပါဘူး။ ဒါပေမယ့် ထပ်နေရင် မကောင်းဘူး။ ဥပမာ-
- They are beginning *playing* . (မကောင်းဘူး ing ပုံစံနှစ်ခုထပ်နေတယ်)
- They are beginning to *play.* (ကောင်းတယ်)

Remember, forget, regret ဆိုတဲ့ ပြီးတဲ့ကိစ္စကို ဖော်ပြတဲ့စကားလုံးတွေကို to-infinitive သုံးမယ့်အစား ခုလို greund ကိုသုံးတယ် ၊

www.burmeseclassic.com

www.burmeseclassic.com



- I *remember* visiting your village.
- I never *forget* swimming with you.
- I *regret* not having worked hard in my young age.

**လေ့ကျင့်ခန်း**

ဒါတွေကို အင်္ဂလိပ်လို ပြန်ကြည့်လိုက်ပါ။

၁. သူတို့ အိမ်စာစပြီး လုပ်ကြတယ်။ (start)
၂. အခန်းထဲမှာ ငါတို့စပြီး စကားပြောကြတယ်။ (began)
၃. မင်းအလုပ် ဆက်လုပ်သင့်တယ်။ (go on)
၄. နိုင်ငံခြားသားတွေနဲ့ အင်္ဂလိပ်စကားပြောဖို့ ကြိုးစားပါ။ (try)
၅. ငါတို့ အင်္ဂလိပ်စာကို ဆက်ပြီးသင်ယူသင့်တယ်။ (continue)
၆. မင်း. . ငါ့ကို နှောက်ယှက်တာ ရပ်တန်းကရပ်သင့်ပြီ။ (stop)
၇. မင်း. . . အရက်ဖြတ်လိုက်ပြီလား။ (give up)
၈. အပြင်မှာ စောင့်ပေးလို့ရမလား။ (would.... mind)
၉. သူဆေးလိပ်သောက်နေတာကို ငါကြည့်မနေဘူး။ (bear/ endure)
၁၀. ဒီကောင်မလေး. . ညဘက်အပြင်ထွက်ရတာကို ကြောက်တယ်။ (fear)
၁၁. ငါ. . ငြိမ့်ညောင်းသာယာတဲ့ ဂီတသံကို နားထောင်ရတာ သဘောကျတယ်။ (enjoy)
၁၂. အရှုပ်ချိုးပန်း ဂီတသံနားထောင်ရတာကို မကြိုက်ဘူး။ (hate)
၁၃. တစ်ယောက်တည်း သီချင်းဆိုပြီး နေရတာကို ကြိုက်တယ်။ (love)

## Key

1. They ***started doing*** homework.
2. We ***began talking*** in the class.
3. You should ***go on working.***
4. ***Try speaking*** with foreigners. (လက်တွေ့မှာ try to speak .... ကိုသုံးတယ်)
5. We should ***continue learning*** English.
6. You should ***stop disturbing*** me.
7. Have you ***given up drinking?***
8. Would you ***mind waiting*** out?

www.burmeseclassic.com

www.burmeseclassic.com




9. I can't ***bear seeing*** him smoke.
10. She ***fears going*** out at night.
11. I ***enjoy listening*** to soft music.
12. I ***hate listening*** to ridiculous music.
13. I ***love singing*** and ***staying*** a lone.

**မှတ်ချက်**

-need နဲ့ want ကို သုံးတဲ့အခါ subject ဟာ ပြုလုပ်ခံရသူ (pasive form) သဘောဖြစ်သွားမယ်၊

ဥပမာ-


1. My watch wants ***respairing.*** (ငါ့နာရီ ပြင်ဖို့ လိုနေတယ်)
   My watch needs ***to be repaired.***
   ဒီလိုပြန်ရေးတဲ့အခါ passive form ဖြစ်သွားတယ်၊ ဒါကြောင့် to be repaired... ကို psssive infinitive လို့ခေါ်တယ်၊ to repair လို့ သွားမလုပ်နဲ့ .
2. Your essay needs ***correcting.*** (အက်ဆေးက ပြင်ပေးဖို့ လိုတယ်)
   your essay needs ***to be corrected.***
   -to be corrected ဟာ passive infinitive ပဲ၊ to correct သုံးလို့မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com





## Unit (6)

### To and for in the sentences with double-objects

Object နှစ်ခု (Direct obj / Indirect obj) နဲ့ တရေးပုံကို Volume (Elementary) မှာ ပြောပြီးပြီ ၊ မတွေ့ညက်သေးရင် ပြန်ကြည့်လိုက်။ ဒီမှာတော့ အဓိကအနေနဲ့. . . ဘယ်လိုစကားလုံးတွေကို to (or) for နဲ့ တွဲသုံးတယ်ဆိုတာကို ပြောမယ်။

1. Mg Mg gave ***me a book.***
   မောင်မောင်. . ငါ့ကိုစာအုပ်တစ်အုပ်ပေးတယ်။
   (me က indirect object ဖြစ်ပြီး a book က direct object ၊ ဒီမှာ to / for မလိုဘူး)
   Mg Mg gave a book ***to*** me.
   Objective နှစ်ခု (a book / me) နေရာပြောင်းသွားပြီ။ ဒီတော့ to ထည့်ပေးရတယ်။ ဒီနေရာမှာ to အစား for သွားထည့်လို့မရဘူး။
   - Mg Mg gave a book ***for*** me ...ဆိုရင် မဖြစ်တော့ဘူး။
2. He saves ***me some money.***
   သူ. . ငါ့အတွက် ပိုက်ဆံစုပေးတယ်၊
   - He saves some money ***for*** me.
   object နှစ်ခုရွေ့. . . နောက်ပြောင်းသွားတယ်၊ ဒီတော့ for ထည့်ပေးရတယ်၊ ဒီမှာ to သွားထည့်လို့ မရဘူး။
   - He saves some money ***to*** me... ဆိုရင် ဘယ်ဖြစ်မလဲ။

တစ်ချို့စကားလုံးတွေကျတော့ to or for နှစ်မျိုးလုံးရတာတွေရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



## For

ဒီလိုစကားလုံးတွေကို for နဲ့သုံးလေ့ရှိတယ်။

- get, reach, make, cook, get, choose, buy, leave, order, save

1. Get me a chair. (ကုလားထိုင်တစ်လုံးယူပေးပါ)
- Get a chair *for* me.
2. Reach me the book. (စာအုပ်ယူပေးပါ)
- Reach the book *for* me.
3. Mother makes me tea. (အမေက ကျွန်တော့ကို လက်ဖက်ရည်ဖျော်ပေးတယ်)
- Mother makes tea *for* me.

ဒါတွေကို နှစ်မျိုးရေးလို့ရတဲ့ စာကြောင်းအနည်းငယ်လောက် နမူနာပေးလိုက်တာ။ နှစ်မျိုးလုံးရတယ် ဆိုပေမယ့် indirect object က ရှည်နေမယ်၊ ဒါမှမဟုတ် clause ဖြစ်နေမယ်ဆိုရင် နောက်ဆုံးမှာထားပြီး for သုံးမှကောင်းတယ်။

ဥပမာ-

- Mother made tea for *the visitiors who came from Mandalay.*

အမေက. . မန္တလေးကလာတဲ့ ဧည့်သည်တွေကို (အတွက်) လက်ဖက်ရည် ဖျော်ပေးတယ်။
ဒီလိုပုံစံတွေကို for သုံးပြီးရေးရတယ်။

**ဒါလေးတွေကို ဆက်ကြည့်လိုက်...**

4. They cooked some curries *for* us.
သူတို့က. . . ငါတို့အတွက် ဟင်းတွေချက်ပေးတယ်။
5. Yazar is painting a picture *for* his girlfriend.
ရာဇာ. . သူ့ကောင်မလေးအတွက် ပန်းချီကားတစ်ခု ရေးဆွဲနေတယ်။
6. I can get a job *for* you.
မင်းအတွက်. . ငါအလုပ်ရှာပေးလို့ရတယ်။ (ရှာပေးနိုင်တယ်)
7. They choose a right place *for* me.
သူတို့က. . . ငါ့အတွက် သင့်တော်တဲ့နေရာကို ရွေးချယ်ပေးတယ်။
8. He bought a bunch of flower *for* the girls.
သူ. . . ကောင်မလေးတွေအတွက် ပန်းတစ်စီးဝယ်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



9. He left nothing *for* his friends.
   သူ. . သူ့သူငယ်ချင်းတွေအတွက် ဘာမှချန်မထားခဲ့ဘူး။
10. They ordered some snacks *for* you.
   သူတို့က. . မင်းအတွက် မုန့်တွေမှာထားပေးခဲ့တယ်။
11. He saves money *for* his wife and three kids.
   သူ့ဇနီးနဲ့ ကလေးသုံးယောက်အတွက် သူပိုက်ဆံစုတယ်။

## To

ဒီလိုစကားလုံးတွေကော့ toနဲ့ထည့်သုံးလေ့ရှိတယ်၊

- send, sell, show, teach, often, lend, pass, give, read, pay,promise, owe, tell, present,etc....၊ ဒါက သုံးလို့လွယ်အောင် နမူနာအနေနဲ့ ထုတ်ပေးလိုက်တာ။ ကျန်သေးတယ်။

ဥပမာ-

1. I will send you the money. (မင်းဆီကို. . ငါပိုက်ဆံပို့လိုက်မယ်)
   - I will send the money *to* you.

   ဒီနေရာမှာ for သုံးရင် ဝါကျအနေအထားအရ မမှားဘူး။ ဒါပေမယ့် အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားမယ်။ 'မင်းဆီကို' မဟုတ်တော့ဘူး။ 'မင်းအတွက်'. . ဖြစ်သွားမယ် ။
2. He sold me his car. (သူကား. . ငါ့ကိုရောင်းခဲ့တယ်)
   - He sold his car *to* me.
3. She didn't show him her photo. (ကောင်မလေးက သူ့ဓာတ်ပုံ ကောင်လေးကိုမပြဘူး)
   - She didn't show her photo *to* him.

   ဒါလည်းစောစောက ပြောခဲ့သလိုပါပဲ ၊ indirect object ကရှည်နေမယ်။ ဒါမှမဟုတ် အလေးထားပြောချင်တဲ့ အခါမျိုးမှာ . to သုံးပြီး နောက်ဆုံးမှာပဲထားပြီးရေးတာကောင်းတယ်။

ဥပမာ-

She didn't show her photo *to* the boy she met at the pagoda.
(ဘုရားမှာတွေ့ခဲ့တဲ့ ကောင်လေးကို . . . ကောင်မလေးက သူ့ဓာတ်ပုံ မပေးဘူး)
ဒီလိုမျိုး ရှည်နေတဲ့ object ဆိုရင်နောက်ဆုံးမှာထားပြီး to နဲ့ ပဲရေးပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဒါတွေကို လေ့လာကြည့်...**

4. Aung Naing teaches Tizar Maw English.
   အောင်နိုင်က တင်ဇာမော်ကို အင်္ဂလိပ် စာသင်ပေးတယ်။
- Aung Naing teaches English ***to*** Tizar Maw.

5. We offered Sayadaw alms food.
- We offered alms food ***to*** Sayadaw.
   ငါတို့. . ဆရာတော်ကို ဆွမ်းကပ်တယ်။

6. You lent me some money.
- You lent some money ***to*** me.
   မင်း. . ငါ့ကို ပိုက်ဆံနည်းနည်း ချေးတယ်။

7. Pass him the book.
   သူ့ကို စာအုပ်ကမ်းပေးလိုက်ပါ။
   Pass the book to the boys sitting at the back.
   နောက်ဘက်မှာ ထိုင်နေတဲ့ကောင်လေးတွေကို စာအုပ်ကမ်းပေးလိုက်ပါ။

8. Could you give him my message?
   Could you give my message ***to*** him?
   သူ့ကို ကျွန်တော် လာသွားတယ် (မေးတယ်. . . တစ်ခုခုပေါ့) လို့ပြောပေးပါ။

9. Read them the story.
- Read the story ***to*** them.
   သူတို့ကို ပုံပြင်ဖတ်ပြ လိုက်ပါ။

10. You owe him the money.
   You owe the money ***to*** him.
   မင်း. . သူ့ကို ပိုက်ဆံပေးဖို့ ရှိတယ်။

11. Tell me the reason.
   Tell the reason ***to*** me.
   အဲဒီအကြောင်း ငါ့ကိုပြောပြပေးပါ။
   ဒါပေမဲ့. . .
- Tell me ***the reason why you were absent.***
   ဒီလိုမျိုး direct object ကသိပ်ရှည်နေတယ်၊ clause တွေ phrase တွေဖြစ်နေရင် . . ခုပုံစံအတိုင်း နောက်ဆုံးမှာထားပြီးရေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာကြည့်. . .

- Tell *the reason why you were absent* to me.

  ဒီပုံစံဆိုရင် လုံးဝမကောင်းဘူး၊အလယ်မှာ ထားတဲ့ object .. ကသိပ်ရှည်ပြီး နောက်ဆုံး object ကသိပ်တိုနေတယ်။

## To and for

တစ်ချို့ စကားလုံးတွေ ကျတော့ to or for နှစ်မျိုးလုံးနဲ့ သုံးလို့ရတယ်၊

ဥပမာ- bring, fetch, write, etc..ဆိုတာမျိုးတွေပေါ့၊

1. Bring me some snacks. (ငါ့ဆီကို မုန့်နည်းနည်းယူလာပေးပါ)
   - Bring some snacks *to* me. (အပေါ်ကအတိုင်းပဲ)
   - Bring some snacks *for* me. (ငါ့အတွက်ယူလာပေးပါ)


   ဒီမှာ to or for က အဓိပ္ပာယ် သိသိသာသာကြီး ကွာသွားတာမဟုတ်ဘူး၊ sentence construction သဘောအရနှစ်မျိုးလုံးသုံးလို့ရတယ်၊

2. I'll fetch you a book. ( မင်းဆီကို စာအုပ်တစ်အုပ် ယူလာမယ်)
   - I'll fetch a book *to* you. (မင်းဆီကို. . . ယူလာမယ်)
   - I'll fetch a book *for* you. (မင်းအတွက် . . . ယူလာမယ်)
3. I wrote you a letter. (မင်းဆီကို စာရေးခဲ့တယ်)
   - I wrote a letter *to you.* (မင်းဆီကို . . . ရေးခဲ့တယ်)
   - I wrote a letter *for* you. (မင်းအတွက်. . . ရေးခဲ့တယ်)

www.burmeseclassic.com

www.burmeseclassic.com





## Unit (7)

### Sentences with a verb followed by an Adjective

သာမန်အားဖြင့်ဆိုရင် adjective တစ်လုံးဟာ noun ကို ပဲအထူးပြုရမယ်။ ဒါ. . အခြေခံအဆင့်မှာ သိပြီးသား။ ခုပြောနေတဲ့ အဆင့်မှာတော့ အဲဒီလောက်နဲ့ မရတော့ဘူး။ verb ကို adjective နဲ့ တွဲသုံးတဲ့ ပုံစံတွေကို ရှင်းပြမယ်။ unit (3) မှာပေးခဲ့တဲ့သဘောမျိုးပဲ. . ။

ဥပမာ

1. <u>He looks</u> <u>simple.</u> (သူ. . နုံပုံပေါ်တယ်)
   sv adj
2. <u>He looks</u> <u>happy.</u> (သူ. . ပျော်နေပုံရတယ်)

မသေချာဘူးနော် ၊ ထင်ရတဲ့ သဘောကိုပြောတာ။ အငြင်းလုပ်ချင်ရင်လည်း အလွယ်လေးပဲ။

- He doesn't look happy. (သူ. . . ပျော်ပုံမရဘူး)

ဒီပုံစံတွေမှာ verb ကို adjective နဲ့တွဲသုံးတာတွေရမယ်။ တကယ်တော့ ဒီ adjective ဟာ (subject) ရဲ့ completement ပါပဲ။ မခေါ်တတ်လည်းရပါတယ်။ သုံးတတ်ရင် ပြီးတာပဲ။

ပိုရှင်းအောင်ပုံစံလေးလုပ်ပေးလိုက်မယ် . . . .

www.burmeseclassic.com

www.burmeseclassic.com



| | S + V | Adj | |
|---|---|---|---|
| 1. | You look | young. | (မင်း. . နုပျိုတယ်) |
| 2. | You look | much older. | (မင်း. . သိပ်ရင့်ရော်သွားပြီ) |
| 3. | You seem | much older. | (မင်း. . သိပ်ရင့်ရော်သွားပြီ) |
| 4. | He seemed | active. | (သူ. . ဖျတ်လတ်တက်ကြွပုံရတယ်) |
| 5. | They remained | silent. | (သူတို့တိတ်ဆိတ်နေတယ် (နေတုန်း) ) |
| 6. | My dreams came | true. | (ငါ့အိမ်မက်တွေ တကယ်ဖြစ်လာပြီ) |
| 7. | The door flung | open. | (တံခါး ရုတ်တရက် ပွင့်တယ်) |
| 8. | They kept | silent. | (သူတို့ တိတ်ဆိတ်နေတယ်) |
| 9. | He died | young. | (သူငယ်ငယ် ရွယ်ရွယ်နဲ့ ဆုံးသွားတယ်) |
| 10. | She married | young . | (သူ(မ) ငယ်ငယ်ရွယ်နဲ့ အိမ်ထောင်ကျတယ်) |
| 11. | The curry smells | bad. | (ဟင်းက. . နံနေပြီ) |
| 12. | The flower turns | grey. | (ပန်း. . ရော်သွားပြီ) |
| 13. | He's gone | mad. | (သူ ရူးသွားပြီ) |
| 14. | The curry went | bad. | (ဟင်း. . သိုးသွားပြီ) |
| 15. | The phone went | dead. | (ဖုန်းပျက်သွားပြီ) |
| 16. | Your idea sounds | good. | (မင်း စိတ်ကူး သိပ်ကောင်းတယ်) |
| 17. | I feel | good. | (ငါနေကောင်းတယ်) |
| 18. | Her face feels | smooth. | (သူ (မ) မျက်နှာချောမွတ်တယ်) |
| 19. | All the town lies | sleeping. | (တမြို့လုံး အိပ်ပျော်နေတယ်) |
| 20. | He grew | angry. | (သူဒေါသ ထွက်သွားတယ်) |

**ထူးခြားချက်**

look နဲ့ seem ဟာ အသုံးများပြီး. . . ပုံစံအမျိုးမျိုးနဲ့ သုံးလို့ရတယ်။ ဒီနှစ်ခုက အနေအထားနဲ့ သုံးပုံသုံးနည်း တူတယ်။ နောက်က adjective အပြင် noun လည်းလာ လို့ရတယ်။ seem မှာဆိုရင် to ခံပြီး infinitive လည်းလာနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီနမူနာတွေကိုကြည့်. . . .

1. You look <u>*sleepy.*</u> (အိပ်ချင်နေပုံရတယ်)
adj

2. You look <u>*20.*</u> (အသက် နှစ်ဆယ် ရှိပုံရတယ်)
n

3. You don't look <u>*20.*</u> (အသက်နှစ်ဆယ်လို့ မထင်ရဘူး)
n

4. That looks <u>*an interesting book.*</u> (အဲဒီစာအုပ် စိတ်ဝင်စားစရာ ကောင်းမယ့်ပုံပေါ်တယ်)
n

5. You look <u>*as if you had swum across the ocean.*</u> (သမုဒ္ဒရာကို ဖြတ်ကူးလာရတဲ့ ပုံပေါ်နေတယ်)
clause

6. He seemed (to be) <u>*bored*</u> (ပျင်းနေပုံရတယ်) to be မပါလည်း ဖြစ်တယ်
adj

7. He seems (to be) <u>*nice.*</u> (ကောင်းပုံရတယ်)
adj

8. He seems to be <u>*a nice man.*</u> (ကောင်းတဲ့လူတစ်ယောက် ဖြစ်ပုံရတယ်)
n

9. It seems to <u>*rain*</u>. (မိုးရွာမယ့်ပုံ ရှိတယ်)

သတိထားစရာရှိတာက . . . look နောက်မှာ to + v မလာဘူးဆိုတာပဲ။

<u>ဥပမာ</u>

- He looks to be happy . လို့မသုံးဘူး။
  look, seem တို့နဲ့ အဓိပ္ပာယ် ဆင်တာကတော့ likely, possible ဆိုတာတွေပဲ။ ဒါတွေက adj တွေဖြစ်လို့ be တစ်လုံးလိုတယ်။
- It is <u>*likely*</u> to rain. (မိုးရွာနိုင်တယ်)
- Things are <u>*likely*</u> to be going up.(ကုန်ဈေးနှုန်းတွေ တက်လာနိုင်တယ်)
- He is <u>*possible*</u> to come. (သူလာချင်လာမယ်)

www.burmeseclassic.com

www.burmeseclassic.com



**လေ့ကျင့်ခန်း**

ခုပြောခဲ့တဲ့ ပုံစံမျိုးတွေပေးမယ်။ ကြိုးစားကြည့်ပါ။

၁. ကောင်မလေးအိမ်ထောင် ကျသွားတော့. . . သူမှာအပြောင်းအလဲမရှိပဲ ကျန်ခဲ့တယ်။ (remained unchanged)

၂. ရန်ပွဲပြီးသွားတော့. . . အားလုံးငြိမ်ငြိမ်သက်သက် ဖြစ်နေတယ် . (remained motionless)

၃. မင်းရဲ့ ရည်မှန်းချက်တွေ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။

၄. မင်းချက်ထားတဲ့ဟင်းက မွှေးတယ်။ (smells good)

၅. ဆရာရောက်လာလို့ ကျောင်းသားတွေ ငြိမ်ငြိမ်သက်သက် ဖြစ်နေကြတယ်။ ( keep quiet)

၆. မင်းရဲ့မျက်နှာ. . . ဘာဖြစ်လို့ဖြူဖတ်ဖြူရော် ဖြစ်နေတာလဲ။ (turn pale)

၇. သူအသက်ကြီးမှ အိမ်ထောင်ပြုတယ်။

၈. သူဝမ်းနည်းနေပုံရတယ်။

၉. မင်းဟာ အသက်နှစ်ဆယ်ကျော်လို့ မထင်ရဘူး။

၁၀. မင်းဟာ ငါ့ထက်ပိုငယ် ပုံရတယ်။


***Keys***

1. When she ***got married,*** he ***remarried unchanged.*** (ed ပါမှရတယ်နော်)
2. After the fight, everything ***remaind motionless.*** (silent)
3. Your dreams will never ***come true.*** (truth မဟုတ်ဘူးနော်)
4. The curry you cooked ***smells good.*** (sweet)
5. As the teacher came, the students ***kept quite.*** (silent)
6. Why is your face ***turning pale?***
7. He ***married old.***
8. He ***looks (seems) sad.***
9. You don't ***look over twenty. (twenty over)***
10. You ***look (seem) younger*** than me.

www.burmeseclassic.com

www.burmeseclassic.com





## Inchoative Verbs

အခြေအနေတစ်ခု. . . တဖြည်းဖြည်းဖြစ်ပေါ်ပြောင်းလဲမှု (a gradual change of condition) ကိုဖော်ပြတဲ့ ကြိယာစကားလုံးတွေကို inchoative verbs တွေလို့ခေါ်တယ်။ ဒီအခန်းမှာ ပြောနေတဲ့ adjective နဲ့တွဲပြီးရေးရတဲ့ စကားလုံးတွေပါပဲ။

အဲဒါတွေက. . . ***turn, go, grow, get, come, become, run, fall,wear, etc...*** ဆိုတဲ့စကားလုံးမျိုးတွေ ပါပဲ။ ဒါတွေဟာ သိပ်ပြီး အသုံးများတဲ့စကားလုံးတွေ၊ ကြိုက်တဲ့ tense နဲ့သုံးလို့ရတယ်။

ဒီလို. . .

1. Leaves are ***turning yellow*** .
   အရွက်တွေ ဝါတယ် (တဖြည်းဖြည်းနဲ့ ဝါလာတာကို ပြောချင်တာ)
2. The milk has ***gone sour.***
   နို့က ချဉ်သွားပြီ။
3. Her hair is ***going grey.***
   သူ့(မ) ဆံပင်တွေ တဖြည်းဖြည်းနဲ့ ဖြူလာပြီ။
4. The problem ***grows bigger.***
   ပြဿနာ ကြီးလာတယ်။
5. Really he's gone wrong.
   တကယ်ပဲ. . . သူမှားသွားပြီ။
6. You ***grow taller.***
   မင်းအရပ်ရှည်လာတယ်။
7. It is growing dark.
   မှောင်လာပြီနော်။
8. I ***get bored.***
   ငါ. . ပျင်းလာပြီ။ (ငြီးငွေ့လာပြီ)

> ဒီ verbs တွေနောက်က
> adjective တွဲပေးရတယ်
> *turn* + adj
> *go* + adj
> *grow* + adj
> etc...

www.burmeseclassic.com

www.burmeseclassic.com



9. Do you ***get angry?***
မင်း. . . စိတ်ဆိုးသွားလား။
10. She is ***getting fat.***
ကောင်မလေး ဝလာတယ်။
11. He will ***get married*** soon.
သူမကြာခင် အိမ်ထောင်ပြုတော့မယ်။
12. I ***got annoyed.***
ငါစိတ်ညစ်သွားတယ်ကွာ။
13. Don't ***get angry.***
စိတ်မဆိုးပါနဲ့။
14. It is ***getting warm.*** hot /cold /dark.
နွေး / ပူ / အေး / မှောင် လာတယ်။
15. Nothing will ***come cheap.***
ဘယ်ဟာမှ. . . ဈေးသက်သာမှာ မဟုတ်ဘူး။
16. Everything ***will come right*** later.
နောက်ပိုင်းမှာ . . အားလုံးအဆင်ပြေလာမှာ (ကောင်းလာမှာပါ)
17. The doorknob ***comes loose.***
တံခါး လက်ကိုင် (ဘု) ချောင်လာပြီ။
18. The problem ***became*** confused.
ပြဿနာက. . . ရှုပ်ထွေးလာတယ်။
19. It is ***becoming more difficult*** to live on my salary only.
ငါ့လစာတစ်ခုတည်းနဲ့ . . . စားရေးသောက်ရေးပိုပြီးခက်ခဲလာပြီ။
20. One day, you will ***become rich.***
တနေ့တော့. . မင်းချမ်းသာလာမှာပါ။
21. This river ***ran dry.***
ဒီမြစ်. . ခန်းခြောက်သွားပြီ (ရေမစီးတော့ဘူး)
22. We have ***run short*** of food.
ငါတို့မှာ စားစရာမရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



23. Customers are ***running slow.***
ဖောက်သည်တွေ နည်းသွားပြီ။

24. All the house ***fell silent*** when father came.
အဖေရောက်လာတဲ့အခါ. . တစ်အိမ်လုံး မီးကိုရေနဲ့လောင်းလိုက်သလိုပဲ။

25. The girl had ***fallen asleep*** in bed.
ကောင်မလေး အိပ်ယာပေါ်မှာ အိပ်ပျော်နေတယ်။

26. With the coming of a soft wind, the book ***fell open.***
လေညှင်းအသွဲ့မှာ. . စာအုပ်ပွင့်သွားတယ်။ (လန်သွားတယ်)

27. He never ***wears*** his hair ***long.***
သူဘယ်တော့မှ ဆံပင်ရှည်ရှည် မထားဘူး။

28. The stones have been ***worn smooth*** by constant flow of water.
ရေအဆက်မပြတ် တိုက်စားလို့ ကျောက်ခဲတွေ ချောမွတ်လာပြီ။

29. The carpet is ***wearing thin.***
ကော်ဇောက ပါးလာပြီ။

**မှတ်ချက်**

တစ်ချို့စကားလုံးတွေကျတော့ အမျိုးမျိုးတွဲလို့ရတယ်။

ဥပမာ -

- It is ***getting dark.***
- It is ***growing dark.***
- It is ***comming dark.***

ဒီအဆင့်မှာ. . ဒီလောက်နဲ့ပဲ ထားလိုက်ရအောင်။



www.burmeseclassic.com

www.burmeseclassic.com





## Unit (8)

### The use of *which* with some prepositions

တခြေားတဲ့နေရာမှာ . . . which ကို preposition တွဲလိုက်ရင် where (နေရာ) ၊ when (အချိန်) whose (ပိုင်ဆိုင်ခြင်းပြ) ၊ နဲ့ why (အကြောင်းပြ) ဆိုတဲ့စကားလုံးတွေ အစားသုံးနိုင်တယ် ၊ အနေအထားတော့ ပြောင်းသွားတာပေါ့။ ဒါက မသိမဖြစ် သိထားသင့်တဲ့ပုံစံနော်။

ဒီပုံစံတွေကို ကြည့်လိုက်. . .

1. I never forget the village ***where*** I lived.
   I never forget the village ***in which*** I lived.
   I never forget the village I lived ***in.***

- ငါနေခဲ့တဲ့ ရွာကလေးကို ဘယ်တော့မှမမေ့ဘူး။
- ပထမဆုံးပုံစံမှာ where သုံးတယ်.
- ဒုတိယပုံစံမှာ where အစား in which သုံးတာတွေ့ရမယ်။ နေရာကို ဖော်တဲ့စကားစု ဖြစ်သွားတာပေါ့။
  (where = in which)
- တတိယပုံစံမှာ . . . in (preposition) ကို နောက်ဆုံးပို့လိုက်တယ်။ which မလိုတော့ဘူး။
  နောက်တစ်ခုကြည့်လိုက်. . .။

2. I like the tea shop ***where*** we drank tea.

- I like the tea shop ***at which*** we drank tea.
- I like the tea shop we drank tea ***at.***
  ငါတို့ လက်ဖက်ရည်သောက်ခဲ့တဲ့ လက်ဖက်ရည်ဆိုင်ကို သဘောကျတယ်။
  စောစောက ပြောခဲ့တဲ့အတိုင်းပါပဲ။. . .
- ပထမဆုံးပုံမှာ where သုံးတယ်။
- ဒုတိယပုံစံမှာ where အစား which ကို at (preposition) တွဲပေးတယ်။ ဆိုင်ကသေးတယ်ဆိုတော့ in ဆိုရင်မကောင်းဘူး။ ဒါကြောင့် at ထည့်ပေးလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



- တတိယပုံစံကျတော့ preposition နောက်ဆုံးပို့လိုက်လို့ which မလိုတော့ဘူး။
  နေရာတိုင်းမှာတော့ which ဖြတ်ပြီး. . . . preposition ကို နောက်ပို့လို့ မရဘူး။

ဒီပုံစံကို ကြည့်လိုက်၊ . . . .

3. The office *whose* floor is booken is rather old.
- The office ***of which*** the floor is broken is rather old.

ကြမ်းခင်းပျက်နေတဲ့ ရုံးက. . . အတော်ကိုဟောင်းနေပြီ။

အပေါ်ကစာကြောင်းမှာ သက်မဲ့ဖြစ်တဲ့ office ဆိုတဲ့ ပိုင်ဆိုင်မှုသဘောကို whose သုံးပေးထားတယ်။ လူတွေအတွက်မှာပဲ whose ကို သုံးတာ၊ ဒီလိုနေရာ မှာဆိုရင် (of) which ပဲသုံးလိုက်. . .

ဒုတိယပုံစံမှာ —— of which သုံးထားတယ်။ (Who = of which) ... is နှစ်ခါကြိမ်ပါနေတာကို တစ်မျိုးထင်မနေနဲ့။

ဒါကို. . . which ဖြတ်ပြီး of ကိုနောက်ပို့လို့မရဘူး။ ဒါပေမဲ့ နောက်တစ်မျိုးလှလှရေးလို့ရတယ်။

- The office ***with the broken floor*** is rather old.

ကြိုတုန်း ဒီပုံလေးတွေပေးလိုက်မယ်၊

- The man ***whose*** leg is broken can sing.
- The man ***with a broken*** leg can sing.
- The ***broken-legged*** man can sing.

ခြေထောက်(တစ်ချောင်း) ကျိုးနေတဲ့ လူကြီးက သီချင်းဆိုတတ်တယ်။ တတိပုံစံကတော့တွေ့ဖူး အောင်ပေးလိုက်တာ၊ ကိုယ့်သဘောနဲ့ကိုယ်တီထွင်ပြီးရေးဖို့တော့လွယ်ချင်မှလွယ်မယ်၊ နောက်တစ်ဆင့်ကျရင် ဒါမျိုးတွေများများပေးမယ်၊ လိုက်နိုင်မယ်ဆိုရင် နည်းနည်းမှတ်လိုက်. . ဒီမှာ with ဟာ having နဲ့အတူတူပဲ၊

- The man ***having*** a broken leg....ဆိုတဲ့သဘော၊
- The girl ***whose*** hair is long is graceful.
- The girl ***with long hair*** is graceful.

ဆံပင်ရှည်ရှည်နဲ့ကောင်မလေးက ကျက်သရေရှိတယ်၊ ဒါကြုံလို့ ထည့်ပေးလိုက်တာ၊ ရှေ့ကရှင်းပြတာတွေ ပြန်ဆက်ရအောင်. . . ။

4. It was the day ***when*** we first met.
- It was the day ***on which*** we first met.

အဲဒါငါတို့စတွေ့ဆုံခဲ့တဲ့နေ့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီပုံစံမှာ. . . . *when* အစား (အချိန်ပြစကားလုံး) which ကို *on* နဲ့တွဲပေးလိုက်တယ်။ နေ့ (day) ဖြစ်နေလို့ on သုံးတာ၊ အသေတော့မဟုတ်ဘူး။ ဥပမာ - နှစ် (year) ဆိုရင် on နဲ့ဘယ်ရမလဲ၊ in ဖြစ်သွားမှာပေါ့။

အကြောင်းပြချက် (reason)ကိုဖော်ပြတဲ့ why အတွက်လည်း which ကို preposition နဲ့တွဲပြီး သုံးတယ်။

5. The reason ***why*** he went abroad was to make money.

- The reason ***for which*** he went abroad was to make money.
- The reason .... he went abroad was to make money.

သူနိုင်ငံခြားသွားတဲ့အကြောင်းက ငွေရှာဖို့ပဲ ၊

- ပထမပုံစံက သမရိုးကျ why ရေးထားတာ ၊
- ဒုတိယပုံစံမှာ why ကို for which နဲ့ပြောင်းရေးတယ်၊
- တတိယပုံစံမှာ why or for which ကိုလုံးဝမသုံးဘဲ ချန် (omitted) ပြီးရေးတယ်။

ဒီလိုလည်း ရေးသေးတယ်. . .

- The reason ***for his going*** abroad is to make money.
- ***His*** reason for going abroad is to make money.

ဒါတွေက ကျွမ်းကျင်လာတဲ့ အဆင့်မှာ ကြိုက်သလို မွှေနှောက်ရေးနိုင်တယ် ၊

**ထူးခြားချက်**

Why ကိုတစ်ချို့ရာတွေမှာ for what နဲ့ပြောင်းရေးနိုင်တယ်။

ဒီပုံစံမျိုး . . . .

— ***Why*** do you need money?

— ***For what*** do you need money?

— ***What*** do you need money ***for***?

မင်းဘာလုပ်ဖို့ (ဘာအတွက်) ပိုက်ဆံလိုအပ်နေတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



## Unit (9)

### Sentences with front-position participles

Present particle (ving) နဲ့ past participle (-ed / en) တွေကို adjective အနေနဲ့ သုံးတဲ့အကြောင်း ပြောပြီးပြီနော် ၊ ving ကို adverb အဖြစ်သုံးပုံကိုလည်း သိပြီးရောပေါ့။ ခုပြောမှာက ဒီစကားလုံးတွေကို conjuction အနေနဲ့ သုံးပုံအကြောင်းပဲ။

ဒီပုံစံတွေကိုကြည့်

1. ***Dressed*** neatly, he came out.
   သပ်သပ်ယပ်ယပ် ဝတ်စားပြီး သူအပြင်ကို ထွက်လာတယ်။
   Dressed neatly က clause သဘောပဲ။ သူတစ်ခုတည်း ရပ်တည်လို့မရဘူး။
   He came out ကတော့ သူ့ဟာနဲ့သူ ရပ်တည်လို့ရတယ်။
2. ***Seen*** from the hills, the town looked beautiful.
   တောင်ကုန်းပေါ်က ကြည့်လိုက်တော့. . . မြို့ကလေးဟာ လှပနေတယ်။
3. ***Checked*** the money, she went shopping.
   ပိုက်ဆံတွေကို ရေတွက်စစ်ဆေးပြီး ကောင်မလေး ဈေးဝယ်ဖို့သွားတယ်။
4. ***Exhausted*** by his journey, he soon fell asleep.
   ခရီးပန်းသွားပြီး. . သူမကြာခင် အိပ်ပျော်သွားတယ်။
5. ***Accompanied*** by his friends, he arrived late in the evening.
   သူငယ်ချင်းတွေနဲ့အတူ သူညနေမိုးချုပ်အမှ ရောက်လာတယ်။
6. ***Attached*** to a bamboo, the boy swam across the river.
   ဝါးလုံးတစ်လုံးလုံးနဲ့ ဖူးကပ်ချည်နှောင်ပြီး ကောင်လေးဟာ မြစ်ကို ဖြတ်ကူးတယ်။
   ( attached က. . ပြီး / လျှက်/ ၍. . ဆိုတဲ့သဘောမျိုးရတယ်)
   ဒါတွေက past participle နဲ့ရေးထားတာ၊ present participle နဲ့ ရေးတဲ့ပုံစံတွေကိုလည်း
   ကြည့်လိုက်. . .
7. ***Seeing*** a tiger, the deer ran way.
   ကျားကိုမြင်လို့. . သမင်ပြေးတယ်။
   (ဒီမှာ seeing က "မြင်လို့" ဆိုတဲ့ " reason" သဘောနဲ့ သုံးထားတာ)

www.burmeseclassic.com

www.burmeseclassic.com



8. ***Hearing*** a noise, the girls rushed out.
   ဆူဆူညံညံ ကြားလိုက်ရလို့. . . ကောင်မလေးတွေ ပြေးထွက်သွားတယ်။
9. ***Opening*** the window, we saw the night dark.
   ပြူတင်းပေါက်ဖွင့်ကြည့်လိုက်တော့. . ညမှောင်နေတာကို ငါတို့တွေ့ရတယ်။
10. The sun ***having set,*** the workers returned to the village.
    နေဝင်သွားလို့ (နေဝင်သွားတဲ့အခါ) အလုပ်သမားတွေရွာကို ပြန်သွားကြတယ်။
    (ရှေ့မှာ sub ပါနေရင် သူ့နောက်က verb ကို -ving ပုံစံပြောင်းလိုက်ရုံပဲ)
11. The bell having rung , the students went to the class.
    ခေါင်းလောင်းထိုးလို့ ကျောင်းသားတွေ စာသင်ခန်းကို သွားကြတယ်။
    (ran ($v_2$)ကို -ving ပေါင်းလို့မရလို့ having run ဖြစ်သွားတာနော် ၊ sub နောက်က verb ကို
    ving ပုံစံ ပြောင်းတာလည်းမမေ့နဲ့)
12. Money ***being away,*** love will dry up.
    ငွေကြေးမရှိဘူးဆိုရင်. . . မေတ္တာဆိုတာခမ်းခြောက်သွားလိမ့်မယ်။
    (ဒါက future အနေနဲ့သုံးတာ၊ is ကို ing ပေါင်းတော့ being ပေါ့)
13. Dinner ***being ready,*** they sat at the table.
    ညနေစာ အသင့်ဖြစ်တဲ့အခါ သူတို့ထမင်းစားပွဲမှာ ထိုင်ကြတယ်။
    (was ကလာရင်လည်း being ပဲနော်)
14. It ***being late,*** we went to bed at once.
    မိုးချုပ်သွားတာနဲ့. . ငါတို့အိပ်ယာဝင်ခဲ့ကြတယ်။
    ဒါကို သမရိုးကျရေးရင် ဒီလို. . .
15. As it was late, we went to bed at once.
    Weather ***permitting*** , we shall have a picnic tomorrow.
    ရာသီဥတုကောင်းလျှင် ငါတို့မနက်ဖန်မှာ ပျော်ပွဲစား ထွက်ကြမယ်။

ကဲ. . ဒီစာကြောင်းတွေမှာ ရေးထားပုံတူပေမယ့် အဓိပ္ပာယ်ပြန်တဲ့အခါ တစ်ချို့နေရာတွေမှာ မသိမသာကွာတာကိုတွေ့ရမယ်၊ များများဖတ်ပေးရင်တော့ သဘောပေါက်လာမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



## Unit (10)

### The use of something, anything, nothing + Adjective

ခုပြောမယ့် စကားလုံးတွေဟာ စကားပြောရာမှာရောစာရေးတဲ့နေရာမှာပါ. . သိပ်ပြီးအသုံးဝင်တယ်။ သူတို့မပါရင် မပြီးသလောက်ပဲ ၊ အဲဒါတွေကတော့. . .

- **something, someone (somebody)**
- **anything, anyone (anybody)**
- **nothing, no one (nobody)** (no-one လို့ရေးနိုင်တယ်)

ဒီစကားလုံးတွေကို နောက်က adjectives တွဲပြီးဒီလိုရေးတယ်၊

1. I feel **something strange.**
   ငါတစ်မျိုးကြီး ခံစားရတယ်။
2. **Something wrong** with your computer.
   မင်းရဲ့ကွန်ပျူတာ တစ်ခုခုတော့ဖြစ်နေပြီ။
3. Can I have **something sweet?**
   ချိုတာလေးတစ်ခုခုလောက် စားလို့ရမလား။
4. We are in need of **someone active.**
   တက်တက်ကြွကြွရှိတဲ့ လူတစ်ယောက် ငါတို့လိုအပ်နေတယ်။
5. My boss is looking for **someone hardworking.**
   ငါတို့အလုပ်ရှင်က ကြိုးစားတဲ့လူတစ်ယောက်ရှာနေတယ်၊
6. Do you want to marry **someone rich** or handsome?
   ချမ်းသာတဲ့လူကိုလက်ထပ်မှာလား. . . ရုပ်ချောတဲ့လူကို လက်ထပ်မှာလား။
7. I don't do **anything wrong.**
   ဘာအမှားကိုမှ ငါမလုပ်ဘူး။
8. You don't say **anything good**.
   မင်း. . ကောင်းတာကိုမပြောဘူး။
9. I don't want to meet **anyone talkative.**
   စကားများများပြောတဲ့လူကို ငါမတွေ့ချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



10. He doesn't like ***anyone curious.***

စပ်စပ်စုစု လုပ်တဲ့သူကို သူမကြိုက်ဘူး။

11. I met nobody **good here.**

ဒီမှာ ကောင်းတဲ့သူကို မတွေ့ရဘူး။

12. They want **nobody ugly.**

သူတို့က ရုပ်ဆိုးတဲ့သူတွေကို မလိုချင်ကြဘူး။

13. We found **nothing interesting.**

ငါတို့. . စိတ်ဝင်စားစရာကောင်းတာကို မတွေ့ခဲ့ရဘူး။

14. There is **nothing strange** for you to read.

မင်းအတွက်. . ဖတ်စရာဆန်းဆန်းပြားပြား မရှိပါဘူး။

15. I saw **noting beautiful.**

ချောတာဆိုလို့ တွေ့ကိုမတွေ့ရဘူး။

16. They say **nothing bad** about you.

သူတို့က မင်းအကြောင်း မကောင်းတာမပြောဘူး။

**ဖြည့်စွက်ချက်**

**No , None**

ဒီအသုံးအနှုန်းတွေကို ပြောရင်းနဲ့. . သတိရလို့ . . ဆက်စပ်နေတဲ့ No နဲ့Noneအကြောင်းထည့်ပြောမယ်။ No ကို adjective အနေနဲ့ noun တစ်ခုရဲ့ရှေ့မှာ အငြင်းသဘောပြောချင်တဲ့အခါ သုံးတယ်။

1. **No** tiger is vegetarian.

ဘယ်ကျားမှ သက်သက်လွတ်မစားဘူး။

2. **No** two lions live together in a same cave.

ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင် မအောင်းနိုင်ဘူး။

3. **No** cat avoids fried fish.

ငါးကြော်မကြိုက်တဲ့ ကြောင်မရှိဘူး။

4. **No** doctor can cure his being lovesick.

သူ့ရဲ့ အချစ်ရူးရောဂါကို ဘယ်ဆရာဝန်မှ မကုနိုင်ဘူး။

5. **No** words can express my grief.

ငါ့ရဲ့ကြေကွဲမှုကို ဖော်ပြဖို့ စကားလုံးမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



6. No one is better than parents.
   မိဘထက် ကောင်းတဲ့သူဆိုတာ မရှိဘူး။
7. No man is perfect.
   ပြည့်စုံတဲ့သူဆိုတာ မရှိဘူး။
8. No pain, no gain.(ဆိုရိုးအနေနဲ့ အတိုချုပ်ပြီး ရေးထားတာ)
   အနာမခံရင် အသာမစံရဘူး။
9. No friendly relations, no attachment.
   ရင်းရင်းနှီးနှီးဆက်ဆွယ် (ဆက်ဆံ) မှုမရှိဘဲ သံယောဇဉ်ဆိုတာမရှိနိုင်ဘူး။
10. No love, no existence of the world.
    အချစ်မရှိရင် ကမ္ဘာကြီးမတည်မြဲနိုင်ဘူး။
11. No heart, no love.
    အသည်းနှလုံးမရှိရင် အချစ်ဆိုတာ မရှိနိုင်ဘူး။
12. I like none of you.
    မင်းတို့ထဲက တစ်ယောက်ကိုမှ ငါသဘောမကျဘူး။
13. None of you deserves my trust.
    မင်းတို့ထဲက ဘယ်သူမှ ငါ့ရဲ့ယုံကြည်စိတ်ချမှုနဲ့ မထိုက်တန်ဘူး။
14. I like none of you. (none ပါတဲ့ noun phrase ကို sub or obj အနေနဲ့ သုံးနိုင်တယ်)
    မင်းတို့ထဲက ဘယ်သူ့ကိုမှ ငါမကြိုက်ဘူး။
15. None of these girls are from Yangon.
    ဒီကောင်မလေးတွေထဲက တစ်ယောက်မှ ရန်ကုန်က မဟုတ်ဘူး။
16. None of us can write English.
    ငါတို့ထဲက ဘယ်သူမှ အင်္ဂလိပ်စာ မရေးတတ်ဘူး။
17. None of them are out of work.
    သူတို့ထဲက ဘယ်သူမှ အလုပ်လက်မဲ့ မဖြစ်ကြဘူး။
18. None of those boys are from our class.
    ဟိုကောင်လေးတွေထဲက ဘယ်သူမှ ငါတို့အခန်းထဲက မဟုတ်ဘူး။

None ကအများထဲက တစ်ခုမှမဟုတ်ဘူး ၊ မရှိ ၊ မဖြစ်ဆိုတဲ့ negative သဘောကို ဖော်ပြတယ်။ ဒီတော့ အများထဲက နည်းနည်းပါးပါး တချို့တဝက် ၊ အကုန်လုံး. . . . စသည်ဖြင့် ပမာဏကိုတိုင်းတွာဖော်ပြတဲ့ စကားလုံးတွေကြောင်းကိုပါ တပါတည်းပြောမှ ဖြစ်တော့မယ်။ကဲ. . ကြည့်ရအောင်. . . .၊

www.burmeseclassic.com

www.burmeseclassic.com




## none, a few, few , some, many , lot, all

| | |
|---|---|
| none | = လုံးဝမဟုတ်၊ မရှိ |
| few | = အနည်းငယ် (ရေတွက်လို့ရတာမှသုံး) |
| very few | = few ထက်ပိုနည်း |
| some | = တစ်ချို့တဝက် (ရေတွက်လို့ရတာရော ၊ မရတာရော) |
| many | = များသော (ရေတွက်လို့ရ) |
| too many | = many ထက်ပိုများသော |
| lot | = အများ (ရေတွက်လို့ရတာရော ၊ မရတာအတွက်ပါသုံး) |
| all | = အားလုံး(ရေတွက်လို့ရတာရော ၊ မရတာအတွက်ပါသုံး) |

ရေတွက်လို့မရတာ (uncountable) အတွက်ဆိုရင်. . . ဒါလေးတွေမှတ်လိုက် ၊

| | | | |
|---|---|---|---|
| - | a little | = | နည်းနည်း |
| | little | = | a little ထက်ပိုနည်း |
| | very little | = | little ထက်ပိုနည်း |
| - | much | = | များသော၊some ထက်ပိုများ |
| | very much | = | much ထက်ပိုများ |
| | too much | = | very much ထက်ပိုများ |

ဒီပုံစံလေးနဲ့မှတ်. . .




www.burmeseclassic.com

www.burmeseclassic.com



- some ကတချို့တဝက်ကို ပြောတာ။ သူ့အပေါ်ဘက်ကို တဖြည်းဖြည်း များသွားပြီး အကုန်လုံးပြောချင်ရင် all မှာသုံးတယ်၊ အောက်ဘက်ကို တဖြည်းဖြည်းနည်းလာပြီး ဘာမှမရှိတော့ဘူးဆိုရင် none (for countables) မှာသုံးတယ်။
- ဒါတင်မကသေးဘူး ၊ သိပ်များတာအတွက် a large number of (for countables) နဲ့ plenty of (for both countables and uncountables) ဆိုတာတွေ ရှိသေးတယ်။
- သုံးလေးခုလောက်ပဲဆိုရင် several (for countables) ကိုသုံးနိုင်တယ်။

သုံးတဲ့ပုံစံတွေကို ကြည့်လိုက်...

1. *All* of you . (မင်းတို့အားလုံး)
2. All of the students. (ကျောင်းသားထဲက အများစု) *the* ပါတယ်နော်
3. *Many* of you .(မင်းတို့ထဲကအများစု)
4. *Much* of that.(အဲဒီအထဲကအများစု)
5. *Some* of you. (မင်းတို့ထဲက တချို့)
6. *A few* of you. (မင်းတို့ထဲက အနည်းငယ်)
7. *Few* of you. (မင်းတို့ထဲက အနည်းငယ်)
8. *Very few* of you. (မင်းတို့ထဲက နည်းမှ. . . နည်းနည်းလေး)
9. *A little* of this. (ဒီအထဲက အနည်းငယ်)
10. *Little* of this. (ဒီအထဲက အနည်းငယ်)
11. *Very little* of this. (ဒီအထဲက သိပ်ပြီးနည်းနည်းလေး)
12. *None* of you. (မင်းတို့အထဲက လုံးဝကို မရှိ / မဟုတ်)
13. *One* of you. (မင်းတို့ထဲက တစ်ယောက်)
14. *Two* of you. (မင်းတို့ထဲက နှစ်ယောက်)

ဒီမှာ. . . one, two, three ဆိုတဲ့ အရေအတွက်စကားလုံးတွေလည်း ထည့်ပေးထားတယ်။ နောက်တစ်ခုက a lot of ...နဲ့ lots of ကြိုက်တာသုံး အတူတူပဲ ၊ရေတွက်လို့မရတဲ့ uncountables တွေအတွက် much မသုံးဘဲ a great deal of or a good deal of ဆိုတာတွေလည်း သုံးလို့ရတယ်။

***Both* , *Each*** ...ဆိုတာတွေလည်း ကြုံတုန်းမှတ်လိုက်ပါ ၊ လွယ်ပါတယ် ၊

— *Both* of you can leave. (မင်းတို့နှစ်ယောက်လုံး သွားလို့ရပြီ)
— *Each* of you will be interviewed. (မင်းတို့. . . တစ်ယောက်စီကို လူတွေ့စစ်ဆေးလိမ့်မယ်)
— both ကနှစ်ခုလုံးကို ပေါင်းပြောတာ ၊ each ကတစ်ခုစီ ခွဲပြီးပြောတယ်။

ခုပြောခဲ့တာတွေဟာ ဒီစကားလုံးတွေရဲ့ usage မကုန်သေးဘူးနော်၊ လောလောဆယ် ဆက်စပ်နေတဲ့ အတိုင်းအတာလောက်ထိပဲ ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



....... **with more**

ခုပြောခဲ့တဲ့ စကားလုံးကို more နဲ့တွဲပြီးသုံးတဲ့ပုံစံဟာ သိပ်ပြီးအသုံးများတယ် ၊ ထိရောက်တယ်၊ အထူးသဖြင့် စကားပြောတဲ့အခါ လက်တွေ့နယ်ပယ်မှာ အရေးပါတယ်။

ဒီပုံစံတွေကို ကြည့်လိုက်. . .

1. I want ***a few more*** oranges.
   လိမ္မော်သီး နောက်ထပ် နည်းနည်းလိုချင်တယ်။
   သဘောက. . လိမ္မော်သီးကို အရင်ယူပြီးပြီ၊ အဲဒီအပြင် နောက်ထပ်ပြီး ယူချင်သေးတဲ့သဘော၊ ဒီလိုအနေအထား (context) မှာ moreကို a few ...etc...နဲ့တွဲပေးလိုက်တယ်။
2. I want ***one or two more*** oranges. (လိမ္မော်သီးနှစ်လုံး / နှစ်လုံးနောက်ထပ်လိုချင်တယ်)
3. I want ***several more*** oranges. (နောက်ထပ်လိမ္မော်သီး များများ)
4. I want ***some more*** oranges. (နောက်ထပ် . . . . . . တချို့)
5. I want ***many more*** oranges. (နောက်ထပ် . . . . . များများ)
6. I want ***a lot more*** oranges. (နောက်ထပ် . . . . . . များများ)
7. I want ***lots more*** oranges. (နောက်ထပ် . . . . . . များများ)
8. I want ***plenty more*** oranges. (နောက်ထပ်. . . . . . များများ)
9. I want ***no more*** oranges. (နောက်ထပ် . . . . . မယူတော့ဘူး)

ခုပြောတာတွေက countables တွေနော်၊ uncountables တွေအတွက်လည်း ပြောမယ်။

10. I want ***a little more*** rice. (နောက်ထပ် ထမင်းနည်းနည်း လိုချင်)
11. I want ***some more*** rice. (နောက်ထပ် ထမင်းနည်းနည်း / အပေါ်မှာထက်ပိုများ)
12. I want ***much more*** rice. (နောက်ထပ် . . . . . များများ)
13. I want ***a lot more*** rice. (နောက်ထပ် . . . . . များများ)
15. I want ***lots more*** rice. (နောက်ထပ် . . . . . . များများ)
16. I want ***plenty more*** rice.(နောက်ထပ်. . . . . များများ)
17. I want ***no more*** rice. (နောက်ထပ် . . . . . . များများ)

▭ မေးခွန်းမှာကျတော့. . . .

Do you want ***some more*** rice?

ထမင်းနောက်ထပ် ယူဦးမလား။

ယူမယ်ဆိုတဲ့သဘောကို မျှော်လင့်ပြီး မေးရင် some သုံးတယ်။

သမရိုးကျဆိုရင်. . .

Do you want ***any more*** rice?

www.burmeseclassic.com

www.burmeseclassic.com



## happen to, by chance, by accident

ခုပြောမှာက. . . ဒီစကားလုံးတွေရဲ့မူရင်းအဓိပ္ပာယ် ၊ အသုံးအနှုန်း (သမန်ကျအသုံးအနှုန်း) မဟုတ်ဘူးနော်။ ထူးထူးခြားခြား ပုံစံမျိုး။

Action တစ်ခု. . မမျှော်လင့်ဘဲ ဖြစ်တာမျိုး ၊ ကြိုတင်ပြင်ဆင်မှုမရှိဘဲ (without planning) ဖြစ်တာမျိုးမှာ ဒီသုံးမျိုးလုံးနဲ့ သုံးလို့ရတယ် ၊ အဓိပ္ပာယ် အတူတူပဲ။

ဥပမာ -

1. Did you ***happen to*** meet him at the station?
   သူ့ကို ဘူတာရုံမှာ တွေ့မိလိုက်သေးသလား။
   (ကြိုတင် မျှော်လင့်မထားဘဲ တွေ့တဲ့သဘောမျိုး)
2. I met him ***by chance*** at the station?
   သူ့ကို ဘူတာရုံမှာ မမျှော်လင့်ဘဲ (အမှတ်မထင်) တွေ့လိုက်တယ်။
3. I met him ***by accident*** at the station.
   သူ့ကို မမျှော်လင့်ဘဲ ဘူတာရုံမှာ တွေ့လိုက်တယ်။
   (အဓိပ္ပာယ် ထပ်တူပဲနော် ၊ စကားလုံးသာ ပြောင်းတာ)
4. We ***happened to*** know in the class.
   ငါတို့ (မမျှော်လင့်ဘဲ) အတန်းထဲမှာသိခဲ့ကြတယ်။
5. We knew ***by chance*** in the class.
   ငါတို့ မမျှော်လင့်ဘဲ အတန်းထဲမှာ သိကျွမ်းခဲ့ကြတယ်။

   We knew ***by accident*** in the class.
   ငါတို့ မမျှော်လင့်ဘဲ အတန်းထဲမှာ သိကျွမ်းခဲ့ကြတယ်။
7. Did you ***happen to*** see the girls?
   ကောင်မလေးတွေကို တွေ့လိုက်သေးလား။
8. I didn't see the girls by chance.
   ကောင်မလေးတွေကို မတွေ့လိုက်မိဘူး။
9. I didn't see the girls by accident.
   ကောင်မလေးတွေကို မတွေ့မိလိုက်ဘူး။

ဒါလောက်ဆိုရင် သဘောပေါက်လောက်ပါပြီ ၊ သိပ်ပြီး ရှည်ရှည်ဝေးဝေး မလိုတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## use of the way as a manner

The way ကို manner or behaviour အနေနဲ့ sentence တစ်ခုရှေ့မှာထားပြီးသုံးတယ်။ ဒီလို. . . .

1. I don't like the way you behave.
မင်းအပြုအမူ (ပြုမူပုံ) ကို ငါသဘောမကျဘူး။
2. He likes the way you speak English.
မင်းအင်္ဂလိပ် စကားပြောပုံဆိုပုံကို သူသဘောကျတယ်။
3. They hate the way you dress.
မင်းဝတ်ပုံစားပုံကို သူတို့သဘောမကျဘူး။ (မုန်းတယ်လို့ ပြန်ရင်မကောင်းဘူး)
4. The way he dresses is clumsy.(သူဝတ်တာစားတာ ပုံပန်းမကျဘူး)
ဒီနမူနာတွေမှာ intranstive verbs တွေသုံးထားတယ်။ ခုထပ်ပြီး transtive verbs တွေပေးမယ်။
5. What do you think the way I *do* it?
အဲဒီကိစ္စ ငါလုပ်လိုက်တာကို မင်းဘယ်လိုမြင်သလဲ။ (အဲဒါကို ပြည့်ပြည့်စုံစုံ ရေးမယ်ဆိုရင်. . .)
— What do you think the way ***in which*** I do it? (or)
— What do you think ***my way*** of doing it.
6. I agree to the way he ***said*** it.
အဲဒီကိစ္စ သူပြောလိုက်တာကို ငါသဘောတူတယ်။
— I agree to the way ***in which*** he said it.
— I agree to ***his way*** of saying it.
7. We dislike the way you ***drive*** the car. (မင်းကားမောင်းပုံကို ငါမကြိုက်ဘူး)
— We dislike the way ***in which*** you drive the car.
— We dislike ***your way*** of driving the car.
8. My boss appreciates the way I ***solved*** the problem.
ငါ. . ပြဿနာဖြေရှင်းပုံကို ငါ့အလုပ်ရှင်က သဘောကျတယ်။
— My boss appreciates the way ***in which*** I solved the problem.
— My boss appreciates ***my way*** of solving the problem.
9. I don't know the way he ***gets*** the money.
သူဘယ်ပုံဘယ်နည်း ပိုက်ဆံရတယ်ဆိုတာ. . . ငါမသိဘူး။
— I don't know the way ***in which*** he gets the money.
— I don't know ***his way*** of getting the money.

www.burmeseclassic.com

www.burmeseclassic.com



## Section Three
## Key to the use of prepositions

Prepositions တွေဟာ အကောင်းသေးသလောက်အဆိပ်ပြင်းတယ်နော်။ ဖြီးဖြန်းပြီး သုံးလိုက်လို့ကတော့ အဖတ်ဆယ်လို့မရအောင် ဖြစ်သွားမယ်။ ကျွမ်းကျင်တတ်မြောက်ပြီးတဲ့သူတွေတောင် ဒီ prepositions တွေကြောင့် ဒုက္ခရောက်တတ်တယ်။ ခုရေးနေတဲ့ ဆရာကိုယ်တိုင်လည်း မသေချာဘဲ အရမ်းမရေးရဲဘူး။ သူကိုသုံးရတာ၊ ကိုင်တွယ်ရတာ (hand!e) ကကျားကို ဖမ်းရသလိုပဲ. . . တောရိုင်းဆင်ကြီးကို လှံနဲ့ထိုးပြီး ဖမ်းရသလိုပဲ။ ချက်ကောင်းကိုမထိလို့ကတော့ သေဖို့သာပြင်တော့။

မလိုအပ်ဘဲ preposition သုံးလို့မရသလို လိုနေတဲ့နေရာမှာလည်း ဖယ်ထား(leave out) လို့မရဘူး။ နောက်ပြီး ဘယ်လိုစကားလုံးအတွက် ဘယ်လို preposition သုံးရမယ်ဆိုတာ အသေမှတ်ထားရမယ်။ ဒါနဲ့လည်း မပြီးသေးဘူး ၊ ဘယ်လိုနေရာ (context) မှာ ဘယ်လို preposition နဲ့တွဲရတယ်ဆိုတာကိုပါ အသေမှတ်ရတယ်။ ဒီထက်လွယ်တဲ့နည်းကို ရှာနေရင်. . . နောက်ဘဝရောက်သွားလိမ့်မယ်။

ဥပမာ-

- A powerful earthquake ***broke out*** in America.
  အမေရိကန်မှာ အင်အားပြင်းတဲ့ ငလျင်လှုပ်ခဲ့တယ်။
- A man ***broke into*** their house last night.
  မနေ့ညက သူတို့အိမ်ကို. . . လူတစ်ယောက်ဖောက်ထွင်းခဲ့တယ်။

ကဲ. . တွေ့ပြီလား ၊ broke out နဲ့ broke into မတူဘူးလေ။ ဒီအကြောင်းပြောရင် သီးသန့်စာအုပ်တစ်အုပ် ဖြစ်သွားမယ်။ ဒီတော့မသိမဖြစ်အရေးကြီးတဲ့ ၊ အမှားများတာလေးလောက်ပဲ ပြောမယ်။

**မှတ်ရလွယ်အောင် ခွဲပေးလိုက်မယ်....**

A. Preposition after an Adjective.
B. Prepositions before and after a Noun.
C. Prepositions after a Verb.
D. Preposition after a Preposition.

အာရုံတော့စိုက်နော် ၊ အခြေခံအားနည်းသေးရင် ဒါကိုနားလည်ဖို့ ခက်ခဲချင် ခက်ခဲနေမယ်။ ထပ်ခါထပ်ခါ ဖတ်ပေး။ အင်္ဂလိပ်စာရေးနေသူတွေအတွက်ပါ ဆရာစားမချန် အကုန်ပေးလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



## A. Preposition after an Adjective.

Adjective နောက်က လိုက်လာတတ်တဲ့ prepositions တွေအကြောင်းပြောမယ်။ တစ်ခုရှိတာက . . adj တိုင်းနောက်က preposition မလာဘူးနော်၊ လျှော့တွေးထင် မမှတ်နဲ့။

ဥပမာ-

1. He is a ***good*** man. (good - adj)
   သူ. . . လူကောင်းတစ်ယောက်ဖြစ်တယ်။
2. He is ***good at*** English. (good + at + English)
   သူ. . အင်္ဂလိပ်စာတော်တယ်။

ဒီအကြောင်းနှစ်ခုလုံးမှာ good (adj) ကို အတူတူပဲသုံးထားတယ်။ ရှေ့မှာ ကြည့်လိုက်ရင်လည်း be (is) ကို အတူတူပဲ သုံးထားတာ တွေ့ရမယ်။ နောက်မှာလည်း nouns တွေအတူတူပဲပါနေတယ်။ ဒါဒီမတူတာက preposition (at)ပဲ. . . .

ဖြစ်ပုံက ဒီလို. .

- *နံပါတ်(၁)မှာ **good (adj)** က **man (noun)** ကိုအထူးပြုတယ်။ ဒီစာကြောင်းမှာ **verb** က **is** ပဲနော်၊ သူ့ကို **main verb** အနေနဲ့ သုံးထားတာ။*
- *နံပါတ်(၂) မှာ **good (adj)** ဟာ နောက်က **English (noun)** ကို အထူးပြုတာမဟုတ်ဘူး။ တနည်းအားဖြင့် **noun modifier** မဟုတ်ဘူး။ ရှေ့မှာ ရှိတဲ့ **be (is)** နဲ့ပေါင်းပြီး "**is + good** = ကောင်းသည်" ဆိုတဲ့ **verb** တစ်လုံးဖြစ်လာတယ်။ ဒီထက်တိတိကျကျဆိုရင် **good** ကို **is** ရဲ့ **complement** လို့ခေါ်နိုင်တယ်။ ဒါကြောင့် သူ့နောက်က **noun** တစ်ခုပါလာရင်. . တန်းပြီး လာလို့မရဘူး။ **preposition** တစ်လုံးခံပြီးမှ လာလို့ရတယ်။ ဒီစာကြောင်းမှာ **good** နဲ့တွဲဖို့ **at** ထည့်ပေးရတယ်။*

ထပ်ပြီးသိရမှာက . . . နေရာတကာ at လာနေလို့ဘယ်ရမလဲ။ အသုံးအနှုန်းအနေအထား (context) ပေါ် မူတည်တယ်။ တစ်ခုခုမှာ ကောင်းတယ်၊ တော်တယ်ဆိုရင် " be + good + at " ဆိုတာအသေမှတ်လိုက်။

> **ဒါကို နောက်ဘဝအထိမှတ်လိုက်**
>
> - adj တစ်ခုဟာ သူ့နောက်က noun ကို အထူးပြုတယ်ဆိုရင် preposition လုံးဝ (လုံးဝ) မလိုဘူး။
> - adj တစ်ခုဟာ နောက်က noun ကိုအထူးမပြုဘဲ. . သူ့ရှေ့က be နဲ့ပေါင်းပြီး verbတစ်လုံးဖြစ်လာတယ် ( be ရဲ့ complement အလုပ်ကို လုပ်တယ်) ဆိုရင်. . . သူ့နောက်က preposition မပါဘဲ noun ကပ်လိုက်လို့ လုံးဝ (လုံးဝ) မရဘူး။ ရှင်းတယ်နော်. . .၊

www.burmeseclassic.com

www.burmeseclassic.com



**နောက်ထပ် ဥပမာပေးမယ်...**

1. He is *interested* ........ stories. (interested - adj)
   သူဟာ ပုံပြင်တွေကို စိတ်ဝင်စားတယ်။
2. It is an *interesting* ......... story. (interesting - adj)
   အဲဒါဟာ.. စိတ်ဝင်စားစရာကောင်းတဲ့ ပုံပြင်ပဲ။

ကဲ... နှစ်ခုမှာ ကွက်လပ်တွေ ပေးထားတယ်။ ဘယ်ဟာမှာ preposition လိုနေသလဲ၊ မလိုတာ ဘယ်ဟာလဲ၊ လိုတယ်ဆိုရင်.. ဘာကိုထည့်မလဲ၊ preposition လိုရင်ရော... ဘာကြောင့်လိုသလဲ။ မလိုရင်ရော... ဘာကြောင့်မလိုတာလဲ။ ရအောင်စဉ်းစား။ ရှေ့ဆက်မဖတ်နဲ့... ဒီမှာတင် ရပ်ပြီးစဉ်းစား။

နံပါတ်(၁)မှာ ( is + interested) ဆိုတာကို တွေ့ရမယ်။ "စိတ်ဝင်စားသော" ကို is နဲ့ပေါင်းရင် "စိတ်ဝင်စားသည်" ဖြစ်သွားတယ်။နှစ်ခုပေါင်းတော့ verb တစ်ခုဖြစ်လာတယ်။ အဲဒီမှာ interested ဟာ stories ကိုအထူးပြုတာမဟုတ်ဘူး။ ဒါကြောင့် preposition တစ်ခုလိုတယ်။ အရမ်းထည့်လို့ မရဘူး... သူနဲ့တွဲဖို့က in တစ်လုံးပဲ ရှိတယ်။

– He is interested *in* stories. ပဲဖြစ်မယ်။

နံပါတ်(၂) မှာ is + interesting မဟုတ်ဘူးနော်။ အလယ်မှာ *an* တစ်လုံးရှိနေတယ်။ ဒီမှာ interesting က story ကိုအထူးပြုတယ်။ ... interesting story လို့ပဲရေးရမယ်။ preposition မလိုဘူး။

ကဲ... နမူနာတွေပေးမယ်။

preposition ပါသလား ၊မပါသလား / ဘာကြောင့်ပါသလဲ... ဘာကြောင့်မပါသလဲ... မြင်အောင်ကြည့်....

1.(a) Smoking is ***harmful to*** health.
   ဆေးလိပ်သောက်တာ ကျန်းမာရေးကို ထိခိုက်စေတယ်။
 (b) Do you know the ***harmful*** effects of smoking?
   ဆေးလိပ်သောက်ခြင်းရဲ့ ဆိုးကျိုးကို မင်းသိသလား။
2. (a) He is ***weak*** in Physics.
   သူ... ဓာတ်ဆစ်ဘာသာရပ်မှာ ညံ့တယ်။
 (b) He is a ***weak*** student.
   သူဟာ.. ညံ့တဲ့ကျောင်းသားတစ်ယောက်ဖြစ်တယ်။
3. (a) Be ***careful of*** the dog.
   ခွေးသတိပြုပါ။
 (b) He is a ***careful*** driver.
   သူဟာ သတိရှိတဲ့ ဒရိုင်ဘာတစ်ယောက် ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



4. (a) You are ***afraid of asking*** for help if you need it.
လိုအပ်ရင် အကူအညီတောင်းဖို့ မင်းကြောက်ရွံ့နေတယ်။

(b) Don't be ***afraid*** to ask for help if you need it.
လိုအပ်ရင် အကူအညီတောင်းဖို့ မကြောက်ရွံ့ပါနဲ့။

5. (a) She is ***curious about*** his personal affairs.
ကောင်မလေးက သူ့ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို စပ်စုတယ်။

(b) She is a ***curious*** girl.
ဒီကောင်မလေးက စပ်စုတတ်တဲ့ ကောင်မလေးပဲ။

6. (a) You are ***good at*** football.
မင်းဟာဘောလုံးကစားရာမှာ တော်တယ် ။ (ကောင်းတယ်)

(b) You are a ***good*** footballer.
မင်းဟာ. . ဘောလုံးသမားကောင်းတစ်ယောက်ပါပဲ။

7. (a) He is ***jealous of*** your improvement in English.
သူက. . . မင်းရဲ့အင်္ဂလိပ်စာတိုးတက်မှုကို မနာလိုဖြစ်နေတယ်။

(b) He is a ***jealous*** husband.
သူဟာ သဝန်ကြောင်တတ်တဲ့ ခင်ပွန်းတစ်ယောက်ပါပဲ။

8. (a) She is ***close to*** tears.
ကောင်မလေးက . . . ငိုတော့မယ်လေ။

(b) He is my ***close*** friend.
သူဟာ. . . ငါ့ရဲ့သူငယ်ချင်းအရင်းကြီးပဲ။

9. (a) He is ***worried about*** you.
သူ. . မင်းအတွက် စိုးရိမ်နေတယ်။

(b) I found a ***worried*** look in his eyes.
သူ့မျက်လုံးထဲမှာ စိုးရိမ်ပူပန်တဲ့အကြည့်တွေ တွေ့လိုက်ရတယ်။

10. (a) She is ***eager for*** success.
ကောင်မလေး အောင်မြင်လိုတဲ့ဆန္ဒ ထိပ်မြင့်ပြနေတယ်။

(b) Her eyes are ***alive*** and eager.
ကောင်မလေး မျက်လုံးတွေဟာ အသက်ဝင်ပြီး ဆန္ဒတွေပြင်းပြနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



## B. Prepositions before and after a Noun

Noun တစ်ခုရဲ့ရှေ့မှာ preposition လာတာကို မှလတန်းအဆင့်လောက်ဆိုရင် သိနေပြီ။

ဥပမာ-

– I live *in* Yangon.

ငါရန်ကုန်မှာ နေတယ်။

– This picture was drawn *with* a pen.

သူဒီပုံကို ဖောင်တိန်နဲ့ ရေးဆွဲတယ်။

ခါပဲမို့လား. . . . ဘာပြောစရာလိုသေးလို့လဲ။ Noun ရှေ့မှာ prepositon လာတယ်။ ဒီပုံစံတွေ . . . ကိုယ်တိုင်တောင်မှ သူများကို ပြန်သင်ပေးလို့ ရသေးတယ်။ မပြောတော့ ဘူးနော်။

Noun တစ်ခုရဲ့နောက်မှာ preposition လာတာကိုတော့ သိထားသင့်တယ်။ တကယ်တော့ တွေ့ဘူး မြင်ဘူး ဖြစ်နေပါပြီ။ ပိုပြီးသေသေချာချာ သိအောင်ပြောပြတာ။

ဥပမာ-

1. I like ***all of*** you.
2. I like ***none of*** you.

ဒီပုံစံတွေမှာ all, none, you ဆိုတာတွေဟာ nouns တွေပဲမဟုတ်လား။ ဒီလိုနေရာမျိုးမှာ all of, none of လို့တွဲသုံးရတယ်။ အဲဒါတွေကို of (preposition) ဖြုတ်ပြီးရေးကြည့်မယ်။

– I like all you.

– I like none you.

ကဲ. . ဒီလိုရေးတော့ မမှန်ဘူးဆိုတာ သိနေတယ်နော်။ ဖတ်ကြည့်ရတာကိုက. . . ဆားမပါတဲ့ဟင်းကို စား. . . ပြီးတော့မှ ဆားကိုရေဖျော်သောက်လိုက်ရသလို ၊ ဖိနပ်အလေးကြီးနဲ့ လမ်းလျှောက်နေကျ စစ်သား တစ်ယောက်က . . ဖိနပ်လုံးဝမပါဘဲ လမ်းလျှောက်ရ သလိုဖြစ်မနေဘူးလား။ ဒီလိုသိနေရုံနဲ့ ဘယ်ရမလဲ။ဒီနေရာမှာ တစ်ခုခုလိုနေတယ် ၊ ဘာလိုနေတယ် ၊ ဘာကြောင့် လိုနေတယ်ဆိုတာကို သိထားမှဖြစ်မှာပေါ့။ အဲဒါမှ တကယ်တတ်တာ။ သူများရေးတာကိုတွေ့ဘူးလို့မှန်းသမ်းရေး လိုက်ရင်. . မျက်လုံးပိတ်ပြီး ဦးအောင်ဟိန်းကျော်ရဲ့ စာသင်ကျောင်းရှေ့က ပလက်ဖောင်းပေါ် မှာ လမ်းလျှောက်ရသလိုဖြစ်နေမှာပေါ့။ လူတွေကဘုရားပွဲ. . ကားတွေကလာမစဲနဲ့၊ စဉ်းစားသာကြည့်ပေတော့။

www.burmeseclassic.com

www.burmeseclassic.com



**ဒီတော့...ဒါလေးတွေကို အသေမှတ်လိုက်....။**

- Noun နှစ်ခုမှာ. ရှေ့မှာရှိတဲ့ (front-position) noun က. . နောက်မှာလိုက်လာတဲ့ noun ကိုအထူးပြုတယ် ဆိုရင်. . . ဆက်တိုက်ကပ်ပြီးရေးရတယ်။ အဲဒီအခါမှာရှေ့က noun ဟာ noun အလုပ်ကိုမလုပ်ဘူး။ adjective အလုပ်ကိုလုပ်တယ်။

1. Buddha (adj) image. (n) (ဗုဒ္ဓဆင်းတုတော်)
2. the State (adj) Power (n) (နိုင်ငံတော်အာဏာ)
3. Bandoola (adj) statue (n) (ဗန္ဓုလရုပ်တု)
4. bus driver (ဘတ်စ်ကားမောင်းသူ)

ဒီပုံစံတွေကိုကြည့်လိုက်ရင် ရှေ့ဘက်က nouns တွေအားလုံးဟာ adjectives တွေဖြစ်ပြီး နောက်က လိုက်လာတဲ့ nouns တွေကို အထူးပြုတာတွေ့ရမယ်။

<u>ရှင်းလင်းချက်</u>

၁. ဗုဒ္ဓဆင်းတုတော်ဆိုတာမှာ. . ဗုဒ္ဓကိုပြောချင်တာမဟုတ်ဘူး။ ဆင်းတုတော်ကိုပြောချင်တာ။ ဒီဆင်းတုတော်ဟာ ဘာဆင်းတုလည်း. . . ကြေးဆင်းတုလား။ ရွှေဆင်းတုလား။ ဗုဒ္ဓဆင်းတုလားဆိုတဲ့ အမျိုးအမည်ကိုဖော်ပြတာ။ ဒါကို image Buddha......လုပ်လို့မရဘူး။

၂. နိုင်ငံတော်အာဏာဆိုတာမှာ. . . နိုင်ငံတော်ဆိုတဲ့ စကားလုံးက အာဏာဆိုတဲ့ စကားလုံးကိုအထူးပြုတယ်။ ဘာအာဏာလဲ. . . ကိုလိုနီအာဏာလား။ နိုင်ငံတော်ရဲ့အာဏာလားဆိုတာ. . . ခွဲခြားပေးတာ။ အဲဒါကို power the state လုပ်လို့မရဘူး။

၃. ဗန္ဓုလရုပ်ဆင်းတုဆိုတာမှာ. . . ဒီရုပ်တုဟာ ဘာရုပ်တုလည်း၊ ဘုရင့်နောင်ရုပ်တုလား။ အလောင်းဘုရားရုပ်တုလားဆိုတာကိုဖော်ပြပေးတာ။ Statu e Bandoola... လုပ်လို့မရဘူး။

ဒါလောက်ဆို. . . သဘောပေါက်လောက်ပြီထင်တယ်။

အဲဒီ nouns ...တွေကို. . . ရှေ့နဲ့နောက်ပြောင်းပြီးကြားမှာ preposition ထည့်ရေးလို့ရတယ်။

ကြည့်လိုက်. . . . . . . .

1. - the image *of* Buddha
2. - the power *of* the State
3. - the statue *of* Bandoola
4. - the driver *of* the bus

www.burmeseclassic.com

www.burmeseclassic.com



ဒီပုံစံမှာ preposition တွေအလယ်မှာထားပေးတယ်၊ ဒါကြောင့်ရှေ့နဲ့နောက်စကားလုံးတွေအားလုံး nouns တွေပဲ။ အဓိပ္ပါယ်အပြောင်းအလဲလုံးဝမရှိဘူး။ ***preposition* ဆိုတာ *noun (or verbal noun)* တစ်ခုခု** ရဲ့ရှေ့မှာပဲထားလို့ရတယ်။ **တစ်ခြားဘယ်နေရာမှထားလို့မရဘူးဆိုတာအမှီးစွဲအောင် မှတ်လိုက်. . .** ( question နဲ့ relative clause မှာတော့ခြွင်းချက်ပေါ့ )

ပိုရှင်းအောင် နမူနာလေးတွေနှိုင်းယှဉ်ပေးမယ်။

1. Swimming cap (ရေကူးဦးထုပ် ၊ ခေါင်းဆောင်း)
   Cap *for* swimming.
2. Living standard (လူနေမှုအဆင့်)
   Satandard *of* living.
3. Village tube-well. (ကျေးရွာအဝီစိရေတွင်း)
   tune-well *in (for)* the village.
4. School library (ကျောင်းစာကြည့်တိုက်)
   Library *of* school.
5. Swimming costume (ရေကူးဝတ်စုံ)
   Costume *for* swimming
6. Construction plans (ဆောက်လုပ်ရေး စီမံကိန်း)
   plans *for* construction.
7. Issue date (ထုတ်ပေးသည့် နေ့စွဲ)
   date *of* issue
8. Sunday newspaper (တနင်္ဂနွေနေ့ထုတ်သတင်းစာ)
   newspaper *on* Sunday
9. Birth date (မွေးတဲ့နေ့စွဲ)
   date *of* birth
10. Fishing rod (ငါးမျှားတံ)
    rod *for* fishing

ဒါတွေပြောရင် ဘယ်ကုန်တော့မှာလဲ၊ ဒါလောက်ဆိုရင် သဘောပေါက်လောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



## C. Prepositions after a Verb

တစ်ချို့ verbs တွေရဲ့နောက်မှာ ပုံသေ prepositions တွေ သတ်မှတ်ထားတာရှိတယ်။ အဲဒီသတ်မှတ်ထားတဲ့အတိုင်း အတိအကျသုံးရတယ်။ နည်းနည်းလေးမှလွဲလို့မရဘူး။

ဥပမာ -

- listen to , look at, apologize to, explain to, agree with (to),consist of, rely on, depend on, smile at, participate in, etc.........

ဒါတွေက အတင်းလောက်ပဲရှိသေးတာ၊ ပြောနေရင် ဘယ်ဆုံးတော့မှာလည်း။ တစ်ချို့စကားလုံးတွေမှာ preposition တစ်လုံး. . . နှစ်လုံးသာမကဘဲ အများကြီးတွဲလို့ရတယ်။ အဓိပ္ပါယ်ရဲ့ အသုံးအနှုန်းအနေနဲ့အထားကွာသွားတာပေါ့။

ကဲ. . . ဒီစကားလုံးတွေကိုသုံးပြမယ်။

1. Listen *to* the teacher.
   ဆရာ ပြောတာနားထောင်ပါ။
2. Why did you look *at* that man?
   ဘာဖြစ်လို့ အဲဒီလူကြီးကိုကြည့်တာလဲ။
3. May I apologize *to* you for my mistake?
   ငါမှားခဲ့တဲ့အတွက်. . . တောင်းပန်ပါရစေ။
4. Explain *to* me again, please.
   ကျေးဇူးပြုပြီးနောက်တစ်ကြိမ်ရှင်းပြပေးပါလား။
5. I really agree *to* your suggestion.
   မင်းရဲ့အကြံကို ငါတကယ်သဘောတူတယ်။
6. Our group consists *of* 5 members.
   ငါတို့အုပ်စုမှာ လူငါးယောက်ပါတယ်။
7. They have to rely *on* your business.
   သူတို့က. . . မင်းရဲ့လုပ်ငန်းပေါ်မှာအားကိုးရတော့မှာ။
8. Your improvement depends *on* your interest.
   မင်းရဲ့တိုးတက်     မှုဟာ မင်းရဲ့စိတ်ဝင်စားမှုပေါ်မူတည်တယ်။
9. He usually smiles *at* you.
   သူ. . . မင်းကိုပြုံးပြလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



10. Did you participate *in* the last meeting?

နောက်ဆုံးအစည်းအဝေးမှာ. . . မင်းပါခဲ့သေးသလား။

ခုပြောခဲ့တာတွေဟာ. . . verb တစ်ခုနဲ့အသေတွဲရတဲ့ prepositions တွေနော်။ လုံးဝပြောင်းလို့မရဘူး။ ပြောင်းလို့ရတယ်ဆိုရင်လည်း အသုံးအနှုန်းတော့ ကွာသွားလိမ့်မယ်။

မှတ်ချက်

Verb တစ်ခုကို. . . preposition တစ်လုံးပေါင်းလိုက်လို့ မူလအဓိပ္ပါယ်မဟုတ်တော့ဘဲ. . . အဓိပ္ပါယ်အသစ်တစ်မျိုးရတာကို phrasal verb (or) idiom လို့ခေါ်တယ်။

ဥပမာ -

put up = တည်းခိုသည်

pick up = သွားခေါ်သည်

ဒီမှာ put, pick တို့ရဲ့ မူလအဓိပ္ပါယ်ပျောက်သွားပြီ။

## D. Preposition after a Preposition

Verb တစ်လုံးရဲ့နောက်မှာ preposition လာပြီး အဲဒီနောက်မှာလည်း နောက်တစ်လုံးလာလို့ရသေးတယ်။ လိုအပ်မယ်ဆိုရင်ပေါ့လေ။

ဥပမာ -

He looked up into the sky.

သူ. . . ကောင်းကင်ကိုမော့ကြည့်လိုက်တယ်။

ဒီမှာ. . . . prepositions up နဲ့ into နှစ်လုံးတွေ့ရမယ်။ ဒါပေမဲ့ အဲဒီနှစ်လုံးဟာ တစ်ခုနဲ့တစ်ခု ဘာမှဆက်နွယ်မှုမရှိဘူး။ "up" ဟာ looked နဲ့ ဆိုင်ပြီး "into" ဟာ the sky နဲ့ဆိုင်တယ်။

- looked up = မော့ကြည့်
- into the sky = ကောင်းကင်ကို ( to the sky ဆိုလည်းရတယ်နော်)

ဒါတွေကိုကြည့်လိုက်. . . . . .၊

1. He sat *down on* the seat.

သူ ထိုင်ခုံပေါ်မှာထိုင်တယ်။

2. I usually look *ahead to* my work for tomorrow.

မနက်ဖြန်လုပ်ရမယ့်ကိစ္စကို. . . ကြိုတင်ပြီစဉ်းစားလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



- look ahead = ကြိုတင်စဉ်းစား
- to က . . . . my work နဲ့ဆိုင်တယ်။

3. The paper has *come away* from the wall.

စက္ကူ . . နံရံပေါ်က ကွာထွက်သွားပြီ။

- come away = ကွာသွား
- from က ....... the wall နဲ့ဆိုင်တယ်။

4. He came ***up to*** the girl and gave a smile.

သူ ကောင်မလေးအနားကို ကပ်သွားပြီးပြုံးပြလိုက်တယ်။

- came up = အနားကပ်လာ / ကပ်သွား
- to က ...... the girl နဲ့ဆိုင်တယ်။

5. What time do you get ***up in*** the morning?

မင်း. . . မနက်ဘယ်အချိန်မှာ အိပ်ယာကထသလဲ။


- get up = အိပ်ယာမှထ
- in က ...... the morning နဲ့ဆိုင်တယ်။

ကဲ. . . ဒါလောက်ဆိုရင်ရှင်းပြီထင်တယ်၊ ကျန်တာ ကိုယ်တိုင်ပဲရှာဖွေပြီးလေ့လာထားပါ။

www.burmeseclassic.com

www.burmeseclassic.com





## Section Four
## TENSES

တရေးတဲ့နေရာမှာ မသိမဖြစ်သိရမှာက Tenses အကြောင်းပဲ။ အဓိက Tenses (ကာလ) သုံးမျိုးရှိတယ်။

| | | |
|---|---|---|
| I. | The Present Tense | (ပစ္စုပ္ပန်ကာလ) |
| II. | The Past Tense | ( ဖြစ်ပြီးကာလ) |
| III. | The Future Tense | (အနာဂတ်ကာလ) |

ဒီကာလတွေကို ထပ်ခွဲလိုက်ရင်. . . တစ်ခုမှာ (၄) မျိုးရှိတယ်။ အားလုံးဆိုရင် (၁၂) မျိုးပေါ့။ ဒီလို. . .

I. ***The Present***

| | | |
|---|---|---|
| A. | Simple Present | (ပစ္စုပ္ပန်ရိုးရိုး) |
| B. | Present Continuous | (ပစ္စုပ္ပန်- ဖြစ်ဆဲ) |
| C. | Present Prefect | (ပစ္စုပ္ပန် - ဖြစ်ပြီး) |
| D. | Present Prefect Continuous | (ပစ္စုပ္ပန် - မပြီးသေး) |

II. ***The Past***

| | | |
|---|---|---|
| A. | Simple Past | (အတိတ်ရိုးရိုး) |
| B. | Past Continuous | (အတိတ် - ဖြစ်ဆဲ) |
| C. | Past Perfect | (အတိတ် - ဖြစ်ပြီး) |
| D. | Past Perfect Continuous | (အတိတ် - မပြီးသေး) |

III. ***The Future***

| | | |
|---|---|---|
| A. | Simple Future | (အနာဂတ်ရိုးရိုး) |
| B. | Future Continuous | (အနာဂတ် - ဖြစ်ဆဲ) |
| C. | Future Perfect | (အနာဂတ် - ဖြစ်ပြီး) |
| D. | Future Perfect Continuous | (အနာဂတ် - မပြီးသေး) |

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုချင်းရှင်းမယ်. . . . . . . .

## I. The Present

### A. Present Simple (V₁)

မူလ verb ပုံစံ (infinitive)... ဒါမှမဟုတ်လိုအပ်မယ်ဆိုရင် (-s)ပေါင်းပြီးသုံးတဲ့ ပုံစံမျိုးကိုပြောတာ။ သူ့ကိုဘယ်လိုနေရာမျိုးမှာသုံးသလဲဆိုရင်. . . . . .

**1. To express present situation**

လတ်တလော အခြေအနေကိုဖော်ပြတဲ့နေရာမျိုးမှာ. . . .

- He *lives* in Yangon.

  သူရန်ကုန်မှာနေတယ်။ (ပြောတဲ့အချိန် ရန်ကုန်မှာရှိနေတယ်)

- They *are* in the class.

  သူတို့ အတန်းထဲမှာရှိကြတယ်။ (ခုလောလောဆယ်ရှိနေတယ်)

**2. To express a habitual action**

အလေ့အကျင့်ဖြစ်နေတဲ့ ကိစ္စမျိုး. . . .

- He *usually reads* magazines.

  သူ မဂ္ဂဇင်းဖတ်လေ့ရှိတယ်။ (အလေ့အထကိုပြောတာ)

- I *sometimes go to* Mandalay.

  ငါ. . . တစ်ခါတစ်ရံ မန္တလေးကိုသွားတယ်။ (ဒါလည်း အလေ့အထပဲ)

**3. To express an action for the three tenses**

ကာလသုံးခုလုံး (present, past, future) နဲ့ဆိုင်တဲ့ကိစ္စမျိုး. . .

- He *likes* tea.

  သူ လက်ဖက်ရည်ကြိုက်တယ်။ (အရင်လည်းကြိုက်၊ ခုလည်းကြိုက်၊ နောက်လည်းကြိုက်)

- Aung Aung *speaks* English well.

  အောင်အောင်ဟာ အင်္ဂလိပ်စကားကောင်းကောင်းပြောတတ်တယ်။ (ကာလသုံးခုလုံး)

www.burmeseclassic.com

www.burmeseclassic.com



**4. To express general truths**

ထာဝရမှန်ကန်ချက်ကိုဖော်ပြတဲ့နေရာမှာ. . . .

- The sun *comes* up in the east.

  နေဟာ အရှေ့ဘက်ကထွက်တယ်။

- The sun *goes* down in the west.

  နေဟာ အနောက်ဘက်မှာဝင်တယ်။

- Birds *fly* in the air.

  ငှက်တွေဟာ လေထဲမှာပျံတယ်။

**5. To express a fixed programme or fiexed timelable in the future**

မဖြစ်သေးတဲ့ ကာလအတွက်ပုံသေသတ်မှတ်ထားတဲ့ အစီအစဉ်၊ အချိန်စာရင်းတွေကိုဖော်ပြတဲ့ အခါမှာလည်းသုံးတယ်။

- The up train to Mandalaly *leaves* at 3:15 p.m.

  မန္တလေးအပြန်ရထား. . . ညနေ ၃ း ၁၅ နာရီမှာ ထွက်တယ်။

- The next train *is* at 5 : 00 tomorrow evening.

  နောက်ရထား. . . မနက်ဖြန်မနက် ၅ း ၀၀ နာရီမှာထွက်မယ်။

ဒါဆိုရင်ရလောက်ပြီ. . .၊ ဝိနမူနာတွေကိုကြည့်လိုက်။ အားလုံးစုံအောင်ပေးထားတယ်။

1. Mg Mg *plays* football.

   မောင်မောင်. . ဘောလုံးကစားတယ်။

2. My father never *drinks* tea.

   ငါ့ အဖေ ဘယ်တော့မှလက်ဖက်ရည်မသောက်ဘူး။

3. Oor teacher *loves* teaching English.

   ငါတို့ဆရာ. . . အင်္ဂလိပ်စာသင်ရတာကိုသဘောကျတယ်။

4. Cows *eat* grass.

   နွားတွေဟာ မြက်ကိုစားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## Passive Voice

### *Present Simple*

(is / are / am) + $V_3$

ဒီပုံစံကို passive voice ပြောင်းလိုက်ရင်. . .

(i) **Subject** ဟာ နောက်ကို by နဲ့တွဲပြီးရောက်လာမယ်။

(ii) ပေးထားတဲ့ verb တစ်ခုကိုနှစ်ခုခွဲထုတ် (be + $V_3$) ပေးလိုက်မယ်။

(iii) Verb to be ကို. . . အနည်းကိန်းအတွက် is...အများကိန်းအတွက် "are" လိုအပ်မယ်ဆိုရင် ထည့်ပေးပြီး ပေးထားတဲ့ verb - ed / en ပုံစံ ($V_3$) ပြောင်းပေးလိုက်ရုံပဲ။ I နဲ့ဆိုရင်တော့ am သုံးမှာပေါ့။ ဒါတွေကလွဲပြီး ဘာမှသုံးစရာမလိုဘူး ဒီလို. . .

1. Mg Mg plays football. (Active Voice)

   S V O

   Football is played by Mg Mg. (Passice Voice)

မှတ်ထားရမှာ . . . . . .

- Sub နဲ့ obj က ရှေ့နောက်ပြောင်းပြန်
- Verb က -ed/en ($V_3$) ပုံစံ- အသေမှတ်လိုက်
- be တစ်လုံးထဲ is လား. . are လားစဉ်းစား. . . ၊ ဒီမှာ football က အနည်းကိန်းဖြစ်နေလို့ is သုံးတယ်၊ ဒါပဲ. . .

2. My teacher never drinks tea. (Active Voice)

   S V O

   Tea is never drunk by My teacher. (Passive Voice)

   be $V_3$

   (tea က နည်းတော့ရေတွက်လို့မရ)is သုံးတယ်၊ drunk က. . . $V_3$ ပုံစံ)

3. Our teacher loves teaching English. (Active Voice)

   S V O

   Teaching English is loved by our teacher. (Passive Voice)

   is $V_3$

www.burmeseclassic.com

www.burmeseclassic.com



4. Cows eat grass. (Active Voice)

S V O

Grass is eaten by cows. (Passive Voice)

be $V_3$

မှတ်ချက်

Modifires တွေပါလာရင်လည်း. . . သူတို့ကိုဘာမှ လုပ်စရာမလိုဘူး၊ သူ့နေရာနဲ့သူ အလိုက်သင့်ပြန်ထား ပေးလိုက်ရုံပဲ၊

5. They built this school *two years ago.* (modifier)

This school was built (by them) *two years ago.*

ဒီမှာ. . . modifier (two years ago) ကို သူ့နေရာနဲ့သူပြန်ထားပေးရတယ်၊ (by them) ထည့်ပေးစရာ မလိုဘူး၊ နေရာသိအောင် သဘောပေါက်ရုံလောက်ပြပေးထားတာ၊

**B. Present Continuous**

(be + ving)

မူလ verb ကို -ving ပေါင်းပြီးရှေ့မှာ be တစ်လုံးနဲ့တွဲရေးပုံစံကိုပြောတာ၊

1. an action going on at the time of speaking

ကိစ္စတစ်ခုဟာ ပြောနေတဲ့ အချိန်မှာ ဖြစ်နေတုန်း ကိုဖော်ပြချင်တဲ့အခါ ဒီ tense ကိုသုံးတယ်၊

အရင်ကိစ္စ (past) ... နောက်ကိစ္စ (future) ဆိုတာတွေနဲ့လုံးဝမဆိုင်ဘူး၊ present မှာတောင်ပြောနေ အချိန်မှာ. . . အဲဒီလုပ်ဆောင်ချက်ကိုမြင်တွေ့နေရမှသုံးတာ၊ now, at the moment, at present ...အစရှိတဲ့ လောလောဆယ်အခြေအနေကိုဖော်ပြတဲ့စကားလုံးတွေနဲ့ တွဲသုံးတယ်၊ အဲဒါတွေမပါဘဲလည်းသုံး တာပဲ၊

ဥပမာ -

- It is *raining* now.

ယခု. . မိုးရွာနေတယ်၊

(မိုးရွာနေတာကိုမြင်၊ တွေ့ ၊ သိ၊ ခံစားနေရမယ်)

- Look! she *is dancing.*

ကြည့်စမ်း. . ကောင်မလေး. . . . ကနေလိုက်တာ (ကနေတယ်)

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရင်ကနေတာကိုမြင်ရမယ်. မပြောခင်အချိန်တုန်းက. . . က,တယ်၊ မကဘူးဆိုတာနဲ့မဆိုင်ဘူး။ ခုလောလောဆယ်မှာကနေတာကိုတွေ့ရမယ်။

- Just wait here. He ***is taking*** a bath.

ဒီမှာခဏစောင့်ပါ၊ သူရေချိုးနေတုန်း။
(ပြောတဲ့အချိန်မှာ ရေချိုးလို့မပြီးသေးဘူး)

2. an action in the future

မကြာခင်ကာလ (near future) မှာ သေချာပေါက်ဖြစ်တော့မယ့်. . စီစဉ်ပြီးသားကိစ္စ (an arranged action) ကိုဖော်ပြရာမှာလည်းသုံးတယ်။

- He ***is leaving*** for Japan tomorrow.

သူ ဂျပန်ကို. . . မနက်ဖြန်မှာသွားတော့မယ်။
(ဒီစာကြောင်းသဘောအရ လေယာဉ်လက်မှတ် လက်ထဲရောက်နေပြီ)

**မှတ်ချက်**

ဒီလို verbs တွေကို continuous (-ing form) သုံးလို့မရဘူး။

(i) **Verbs of perception** (သိရှိလာခြင်းကိုဖော်ပြတဲ့စကားလုံးတွေ. . . )

- hear, see, know, notice, smell, taste, recognize .... etc
- I ***hear*** you. (မင်းပြောတာကိုငါကြားရတယ်)
  I ***am hearing*** you. (သုံးလို့မရဘူး)
- I ***see*** him. (ငါသူ့ကိုမြင်တယ်)
  I ***am seeing*** him. (သုံးလို့မရဘူး)

(ii) **Verbs of emotion** (စိတ်ဆန္ဒဖြစ်ပေါ်ခံစားမှုကိုဖော်ပြတဲ့စကားလုံးတွေ)

- *love, hate, joy, fear, want, wish, desire, feel, like, prefer, refuse...etc.*
- I ***hate*** you. (ငါမင်းကိုမုန်းတယ်)
  I ***am hating*** you. (သုံးလို့မရဘူး)
- He ***wants*** money. (သူပိုက်ဆံလိုနေတယ်)
  He ***is wanting*** money. (သုံးလို့မရဘူး)

ကျန်တာတွေကိုလည်း ဒီအတိုင်းပဲနော်. . .၊

www.burmeseclassic.com

www.burmeseclassic.com



(iii) **Verbs of appearing** (အသွင်အပြင်ကိုဖော်ပြခဲ့စကားလုံးတွေ)

- *look, seem, appear ............etc*
- He *looks* nice. (သူ ရုပ်ရည်သန့်တယ်)
  He *is looking* nice. (သုံးလို့မရဘူး)
  (look ကို.. "ကြည့်တယ်" ဆိုတဲ့အဓိပ္ပါယ်နဲ့ဆိုရင် -ing ပုံစံသုံးလို့ရတယ်)
- It *seems* to rain. (မိုးရွာမဲ့ပုံရှိတယ်)
  It *is seeming* to rain. (သုံးလို့မရဘူး)

(iv) **Have (possess)** (ပိုင်ဆိုင်ခြင်း၊ ပါဝင်ခြင်းပြစကားလုံးတွေ)

- *have, possess, own, belong to , contain, consist of ....etc.*
- They *have* a car. (သူတို့မှာ ကားတစ်စီးရှိတယ်)
  They *are having* a car. (သုံးလို့မရဘူး)
  (have ကို စားသောက်တဲ့အဓိပ္ပါယ်ဆိုရင် -ing ပုံစံသုံးလို့ရတယ်)
- We *own* this house. (ကျွန်တော်တို့ ဒီအိမ်ကိုပိုင်တယ်)
  We *are owning* this house. (သုံးလို့မရဘူး)

(v) **Verbs of thinking** (ထင်မြင်ယူဆကြည့်မှုနှင့်စိတ်ထဲမှရှိတဲ့အနေအထားကိုဖော်ပြသည့်စကားလုံးတွေ)

- *think, suppose, consider, imagine, mind, believe, trust, know, understand, remember, forget, agree.....etc.*
- I *think* you are successful. (မင်းအောင်မြင်နေတယ်လို့ ငါထင်တယ်)
  I *am thinking* you are successful. (သုံးလို့မရဘူး)
  (think ကို စဉ်းစားတွေးတောနေတဲ့သဘောဆိုရင် -ing ပုံစံသုံးလို့ရတယ်)
- They *believe* you. (သူတို့ကမင်းကိုယုံတယ်)
  They *are believing* you. (သုံးလို့မရဘူး)

www.burmeseclassic.com

www.burmeseclassic.com



## Passive Voive

**(be + being + $V_3$)**

ဒီ Tense ကို passive voice ရေးမယ်ဆိုရင်. . . ရှေ့ကပုံစံထဲမှာ အလယ်က being တစ်လုံးပေါင်းထည့်ပေးလိုက်ရုံပဲ. . . ။

1. They boys are playing football.

 s v o

 Football ***is being played*** by the boys.

 ဘာမှမခက်ဘူး။ ရှေ့မှာပြောခဲ့တဲ့ simple present (be + $V_3$) ကို being ပေါင်းပေးလိုက်တာ. . . ။

2. The man is watering the plants ***in the garden.***

 ဒီမှာ "in the garden" ဆိုတဲ့ modifer ပါလာတယ်။ ဘာမှသွားမလုပ်လိုက်နဲ့၊ ဒီအတိုင်းပဲပြန်ရေးပေး။

 The plants ***are being watered*** by the man in the garden.

## C. Present Perfect (have + $V_3$)

အတိတ်ကာလ (past) ကစခဲ့တဲ့ action တစ်ခုဟာ. . ခုပြောနေတဲ့ ပစ္စုပ္ပန် (present)မှာလုံးဝပြီးပြတ်သွားပြီ (past action completely finished at the time of speaking, with present result)....ဆိုရင် present perfect ကိုသုံးတယ်။

1. I ***have read*** this letter.

 ငါ ဒီစာကိုဖတ်ပြီးပြီ။

 ပြောတဲ့အချိန်မှာ ဖတ်တဲ့ကိစ္စလုံးဝပြီးစီးသွားပြီ ဘယ်တုန်းကဖတ်တာလည်း. . . . . . စောစောတုန်းကဖတ်တာ၊ ဘယ်လောက်စောတယ်၊ ဘယ်လောက်ကြာတယ်ဆိုတာမသေချာပေမဲ့. . . ဖတ်တဲ့ကိစ္စဟာ (past tense) မှာလုပ်ခဲ့တယ်ဆိုတာ သေချာ တယ်. . . . . ဖတ်ပြီးတဲ့ရလဒ် (result)ရှိနေပြီ။ အဲဒီရလဒ်ကဘာလဲဆိုရင်. . . စာထဲမှာပါတဲ့အကြောင်းတွေကိုသိနေတာရလဒ်ပါပဲမဟုတ်လား. . . . ။ ဒီလိုအနေအထားမှာ ဒီပုံစံသုံးတယ်။ ဒါ. . . လိုရင်းကိုချုံ့ပြောလိုက်တာ။

2. Just come in. I ***have opened*** the door.

 ဝင်သာဝင်ခဲ့ပါ။ ငါတံခါးဖွင့်ထားတယ်။

- တံခါးဘယ်တုန်းကဖွင့်တာလဲ. . . . . . ခုပြောနေတဲ့ အချိန်မတိုင်ခင်က (past) မှာဖွင့်တာ၊
- တံခါးဖွင့်ပြီးပြီလား. . . . ဖွင့်တဲ့ကိစ္စလုံးဝပြီးပြီ၊
- ဖွင့်တဲ့ရလဒ်ကရော. . . ခုအချိန်ထိတံခါးဖွင့်နေတုန်း

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ. . . . . . . .

- I *opened* the door one hour ago.

လွန်ခဲ့တဲ့တစ်နာရီက တံခါးဖွင့်ခဲ့တယ်။

အပေါ်ကစာကြောင်းနဲ့သဘောချင်းမတူဘူး။ လွန်ခဲ့တဲ့တစ်နာရီကဖွင့်တာ. . . . ခုပြောနေတဲ့အချိန်မှာ တံခါးပိတ်ထားတာဖြစ်ချင်ဖြစ်မယ်၊ သူ့ရဲ့ရလဒ် (result) မရှိဘူး။ သိထားရမှာက present perfect ကို အတိတ်ကာလဖော်ပြ ချက်စကားလုံးတွေနဲ့ တွဲမသုံးရဘူး။

နောက်တစ်ကြောင်း. . . . . . . . . .

3. I *have been* to Mandalay.

ငါမန္တလေးကိုရောက်ဖူးတယ်။

- ဘယ်အချိန်ရောက်ခဲ့တာလဲ. . . . . . . . အတိတ်တချိန်က (in the past)
- အဲဒီကိစ္စပြီးပြီလား. . . . . . . . . . . လုံးဝပြီးပြီ
- အဲဒီ action ရဲ့ result ရှိလား. . . . . . . မျက်စိထဲမှာ မန္တလေးကိုမြင်နေရတယ်။

## Passive Voice

(have + been + $V_3$)

Perfect ဆိုတာပေးထားထဲက has / have..... ဖြစ်နေမယ်။ ဒါကြောင့် has/ have ကိုအနည်း အများကြည့်ပြီးသုံး။ အလယ်မှာ been ကို ပုံသေမှတ်လိုက်။

1. Someone has taken the book.

   s v o

   တစ်စုံတစ်ယောက်က. . စာအုပ်ကိုယူသွားပြီ (ခု. . . မရှိတော့ဘူး)

- The book has been taken. (someone မလိုဘူး)

  ပေးထားတာ $V_3$ (taken) ဆိုတော့ ဒါပဲပြန်သုံးလိုက်။

2. Mg Mg has sent some letters to Japan.

   မောင်မောင်ကစာတွေကို. . . . ဂျပန်ကိုပို့ပြီးပြီ (လက်ထဲမှာ မရှိတော့ဘူး)

   Some letters have been sent to Japan by Mg Mg.

   (ဒီမှာ modifer (to Japan) ဟာ verb ကိုအထူးပြုတာဖြစ်လို့ verb နဲ့ ကပ်ပေးတာပိုကောင်းတယ်)

www.burmeseclassic.com

www.burmeseclassic.com



**D. Present Perfect Continuous**

(have been + Ving)

ဒီပုံစံကတော့. . . စောစောကပြောခဲ့တဲ့ present perfect ကိုအခြေခံတယ်။ သဘော သဘာဝချင်း အားလုံးတူတယ်။ မတူတာတစ်ခုပဲရှိတယ်။ ဒါပေမဲ့. . . present perfect continuous မှာတော့ အဲဒီ action ကမပြီးသေးဘူး (still going on)

ဥပမာ -

1. He ***has been reading*** for two hours.

သူ စာဖတ်နေတာ နှစ်နာရီရှိပြီ။

- ဘယ်တုန်းကဖတ်တာလဲ. . . လွန်ခဲ့တဲ့နှစ်နာရီ
- ပြီးပြီလား. . . . . . . ခုထိမပြီးသေးဘူး (ဖတ်နေတုန်း)

ရှင်းတယ်နော်၊ အဲဒီပုံစံမှာ for or since သုံးလေ့ရှိတယ်။ for ဖြုတ်လို့ရတယ်။

2. We ***have been playing*** since last two hours.

ငါတို့. . . . လွန်ခဲ့တဲ့နှစ်နာရီထဲက ကစားနေကြတာ။

ကစားတုန်း မပြီးသေးဘူး။

ဒါဆိုရင်ရလောက်ပြီ. . . passive form ကိုတော့. . မလိုတော့လို့ထားခဲ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



## II. The Past

### A. Past Simple ($V_2$)

အတိတ်ကာလမှာလုံးဝပြီးပြတ်သွားတဲ့ ကိစ္စ (an action completed in the past) ကိုဖော်ပြချင်တဲ့ အခါဒီပုံစံကိုသုံးတယ်။ လောလောဆယ်ကာလ (present) နဲ့တော့လုံးဝမဆိုင်ဘူး။ သူ့ကိုသုံးရင် အတိတ်ကာလ ကိုဖော်ပြတဲ့ စကားလုံး၊ စကားစု (advers or adverb phrase of time) တွေပါလာမယ်။

ဥပမာ-

1. They ***bought*** a new house ***last year.***
   လွန်ခဲ့တဲ့နှစ်က သူတို့အိမ်တစ်လုံးဝယ်ခဲ့တယ်။
   (ဝယ်တဲ့ကိစ္စကလွန်ခဲ့တဲ့ နှစ်မှာပဲပြီးခဲ့တယ်)
2. Bo Bo ***wrote*** a letter to Japan a few days ago.
   လွန်ခဲ့တဲ့ရက်အနည်းငယ်က. . . ဘိုဘိုဟာ ဂျပန်ကိုစာတစ်စောင်ရေးခဲ့တယ်။

### Passive Voice

(was / were + $V_3$)

Passive မှန်သမျှ verb ကို end / en (V3) ပုံစံပြောင်းတာ အသေမှတ်၊ past tense ဆိုတော့ အနည်းကိန်းအတွက် was...အများကိန်းအတွက် were...သုံးလိုက်။

1. They bought a new house last year.
   s v o
   A new house was bought last year. (by them ဖြုတ်)
   last year (adverb phrase) ကိုနောက်မှာပဲထား. . .။
2. Bo Bo wrote a letter to Japan a few days ago.
   s v o
   A letter to Japan was written by Bo Bo a few days ago.
   (to Japan ဟာ a letter ကိုအထူးပြုတာဖြစ်လို့ကပ်ပေးလိုက်တာပိုကောင်းတယ်။ အချိန်ပြစကားစု (a few days ago) ရဲ့နေရာမှန်ကရှေ့ဆုံးဖြစ်ဖြစ်၊ နောက်ဆုံးဖြစ်ဖြစ်. . . ထားလို့ရတယ်)

www.burmeseclassic.com

www.burmeseclassic.com



**B. Past Continuous**

( was / were + ving)

အတိတ်ကာလတစ်ခုမှာဖြစ်နေဆဲကိစ္စ (an action going on at some time in the past) ကိုဖော်ပြတဲ့နေရာမှာ ဒီပုံစံကိုသုံးတယ်။ အချိန်ကာလဖော်ပြချက် (the time of the action) ပါချင်လည်းပါမယ်. . . မပါချင်လည်းမပါဘူး။

ဥပမာ -

1. It was raining all the day.
   တနေကုန်မိုးရွာနေခဲ့တယ်။ (ရွာနေတုန်း)
2. They were singing when I came.
   ငါရောက်လာတော့. . . သူတို့သီချင်းဆိုနေကြတယ်။ (ဆိုနေတုန်း)

## Passive Voice

(was / were + beeing + $V_3$)

1. Some boys were playing football.
   s v o
   Football was beeing played by some boys.
   (-ing ပုံစံတိုင်းမှ being ထည့်ပေးရတယ်၊ ကျန်တာတွေက. . ရှေ့မှာပြောခဲ့တဲ့ပုံစံမျိုးတွေပဲ)
2. Nephone was drinking cold drink with a girl.
   s v o
   Cold drink was being drunk by Nephone with a girl.

**C. Past Perfect**

(had + $V_3$)

အတိတ်ကာလမှာ လုပ်ဆောင်ချက်နှစ်ခုရှိမယ် (two actions in the past) . . . အရင်ဖြစ်တာက past perfect (had + $V_3$) ဖြစ်ပြီး. . . နောက်ဖြစ်တာက simple past ($V_2$) သုံးတယ်။ action တစ်ခုတည်း ကိစ္စမျိုးမှာ past perfect သုံးလို့မရဘူး။

ဒါကိုကြည့်လိုက်. . . .

1. When you came, I had written a letter for you.
   မင်းရောက်လာတဲ့အချိန်မှာ. . . မင်းအတွက်ငါစာတစ်စောင်ရေးပြီးနေပြီ။
   (စာရေးပြီးမှ သူရောက်လာတယ်။ သူရောက်တဲ့အချိန်မှာ စာရေးလို့လုံးဝပြီးပြီ)
2. He had left before you arrived.
   မင်းရောက်မလာခင်ကပဲ. . . . . သူ ထွက်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



## Passive Voice

(had + been + $V_3$)

ရှေ့မှာပြောခဲ့တဲ့ present perfect ကို သဘောပေါက်ရင် ဒါလွယ်ပါတယ်။

အဲဒီပုံစံအတိုင်း. . . . . . .

1. We had repaired the engine before the driver arrived.
   s v o

   The engine had been repaired before the driver arrived.

   (before the driver arrived .... ဆိုတဲ့ clause ကိုအမှတ်လုပ်နဲ့. . . အသားလေးပြန်ချရေးပေးလိုက်. . ၊ had ပဲသုံးလို့ရတယ်နော်၊ have , has ဆိုတာတွေနဲ့မဆိုင်ဘူး)

## D. Past Perfect Continuous

(had + been + $V_3$)

အတိတ်ကာလတချိန်ချိန် (a certain point in the past ) မှာ လုပ်ဆောင်ချက်တစ်ခု (an action) ကိုဖော်ပြပြောဆိုမယ်၊ အဲဒီလုပ်ဆောင်ချက်ဟာလည်း. . . ပြောနေတဲ့ အချိန်မတိုင်ခင် (before the time of speaking) ကဖြစ်နေတဲ့ကိစ္စ၊ ဒါပေမဲ့ ပြောနေတဲ့အချိန်မှာ မပြီးသေးဘူး. . ဖြစ်နေတုန်း. . . . ။

ဒါကိုကြည့်လိုက်ရင် ရှင်းသွားမယ်။

1. At that time we had been taking for three hours.

   အဲဒီအချိန်မှာ ငါတို့စကားပြောနေတာသုံးနာရီရှိပြီ (ပြောနေတုန်း) ၊ အဲဒီအချိန်ဆိုတာ. . လွန်ခဲ့တဲ့ကာလ. . တချိန်ချိန်ပေါ့၊ လွန်ခဲ့တဲ့ အပတ်၊ လ ၊ နှစ်. . . စသည်စသည်။ စကား ပြောတာက. . . အဲဒီအချိန်ထက်သုံးနာရီစောတယ်။

2. When you came, we had been talking for three hours.

   မင်းရောက်လာတဲ့အချိန်မှာ. . . . ငါတို့စကားပြောနေတာသုံးနာရီရှိပြီ (ပြောတုန်း)

   ကဲ. . . ဒါဆိုရင်ပို ရှင်းသွားပြီမို့လား။ မင်းရောက်လာတာဟာ. . . ဒီမနက်ဖြစ်ချင်ဖြစ်မယ်. . . ပြီးခဲ့တဲ့လကဖြစ် ချင်ဖြစ်မယ်။ အတိတ်ကာလ (in the past) တချိန်ချိန်မှာဆိုတာကတော့ သေချာတယ်။

   (အတိတ်ကာလကိုဖော်ပြတဲ့. . . clause, adverb or adverb phrase မပါဘဲ ဒီပုံစံကိုသုံးလို့ မရဘူးဆိုတာမှတ်လိုက်)

3. When Myanmar regained her independence, I had already been teaching for five years.

   မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့အချိန်မှာ. . . ငါစာသင်နေတာ ငါးနှစ်ရှိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## III The Future

### A. Simple Future

( will / shall + infinitive)

မဖြစ်သေးတဲ့၊ မလုပ်ရသေးတဲ့ ကိစ္စတွေကိုဖော်ပြပြောဆိုချင်ရင် simple future ကိုသုံးတယ်။ အနာဂတ်ကာလကိုဖော်ပြတဲ့ adverbs or adverb phrases တွေပါတတ်တယ်။ (soon, in 2003 etc.) မပါချင်လည်း မပါဘူး။

ဥပမာ -

1. He <u>will get</u> a job next month.
   နောက်လမှာ. . . . သူ အလုပ်လုပ်(အလုပ်ရ) လိမ့်မယ်၊ (ခု. . . မရသေးဘူး)

2. They <u>will go</u> abroad soon.
   သူတို့. . . မကြာခင်နိုင်ငံခြားကိုသွားကြလိမ့်မယ်။ (မသွားသေးဘူး)

**ထူးခြားချက်**

လောလောဆယ်. . . လုပ်ဆောင်ဖို့ဆုံးဖြတ်လိုက်တဲ့ ကိစ္စမျိုး (decide to do something at the time of speaking) မှာလည်း simple future ကိုသုံးတယ်။

- No cake? It's ok, I <u>will have</u> bread.
  ကိတ်မုန့်မရှိဘူးလား၊ ကိစ္စမရှိဘူး ပေါင်မုန့်ပဲစားတော့မယ်။
  (လတ်တလောဆုံးဖြတ်လိုက်တာ)

### going to

ဒီနေရာမှာ going to ဟာ သိပ်ပြီးအရေးပါတယ်။ will နဲ့သဘောချင်းတူတယ်. . . . will ကိုလတ်တလောဆုံးဖြတ်တာ (an instant decision) မှာသုံးတယ်။ going to ကျတော့. . . ကြိုတင်ဆုံးဖြတ်ထားပြီးတဲ့နောက် . . . ခုလုပ်တော့မယ့်ကိစ္စ (ပြင်ဆင်ထားပြီးတဲ့ ကိစ္စ)မျိုးမှာသုံးတယ်။

ဥပမာ -

- I left school. Now I <u>am going to</u> work.
  ငါ ကျောင်းထွက်လိုက်ပြီ၊ ခု အလုပ်လုပ်တော့မယ်။
- ဖြစ်နိုင်တဲ့ကိစ္စ၊ သေချာတဲ့ကိစ္စတွေမှာလည်း going to ကိုသုံးတယ်။
  He <u>is going</u> to be 20. Now 19 years and 11 months.
  သူ အသက်နှစ်ဆယ်ပြည့်တော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



## Ving

ဖြစ်တော့မယ့်ဆဲဆဲကိစ္စတွေ (immediate future) မှာ ving ပုံစံဟာ အရေးပါတယ်။

- I am leaving now. ငါ. . . ခုပဲသွားတော့မယ်
- I am leaving for Singapore tomorrow.

ငါ. . မနက်ဖြန် စင်ကာပူသွားမယ် (လက်မှတ်ဝယ်ပြီးပြီ)

(going to နဲ့ ving ပုံစံတွေက. . . အတူတူပဲသုံးလို့ရတယ်၊ သိပ်ကွာလှတာတော့မဟုတ်ဘူး)

## about to

သူ့ကိုလည်း ဖြစ်တော့မယ့်ဆဲဆဲ (immediate future) မှာ သုံးတယ်။

- You are just in time. I am about to leave.

မင်းအချိန်မှီရုံလေးပဲရှိတယ်။ ငါသွားတော့မလို့။

## Passive Voice

(will be + $V_3$)

Passive voice အတွက်ကလည်း ရှေ့ကပုံစံအတိုင်းပါပဲ။ ထူးခြားတာက will, shall တို့ပါနေတော့ be သုံးရတယ်ဆိုတာ အသေမှတ်လိုက်။ ကျန်တာထူးခြားမှုမရှိဘူး။

1. They will sell their car soon.

   s v o

- Their car will be sold soon. (by them မလိုဘူး)

2. Mother will give him a present.

   s v o o

- He will be given a present by Mother. (or)
- A present will be given to him by Mother.

(object နှစ်ခုပါလို့ နှစ်မျိုးရေးလို့ရတယ်)

www.burmeseclassic.com

www.burmeseclassic.com



## B. Future Continuous

(will be + ving)

မဖြစ်သေးတဲ့ အနာဂတ်ကာလတစ်ချိန်ချိန် (at a time in the future) မှာ မရပ်မနားဘဲ ဆက်လက်ဖြစ်ပေါ်နေမယ့်ကိစ္စကိုဖော်ပြတဲ့အခါဒီပုံစံကို သုံးတယ်။

1. Tomorrow when you come, I will be playing the guitar.
   မနက်ဖြန်မင်းလာတဲ့အချိန်မှာ. . ငါဂစ်တာတီးနေတာဖြစ်လိမ့်မယ်။
2. This time next week, I will be practising meditation in Yangon.
   နောက်တစ်ပတ်ဒီအချိန်မှာ. . . . ငါရန်ကုန်မှာ တရားထိုင်နေလိမ့်မယ်။

(passive voice မလိုတော့ဘူး)

## C. Future Perfect

(will have + $V_3$)

မဖြစ်သေးတဲ့အနာဂတ်တချိန်မှာ ပြီးစီးနေမယ့်ကိစ္စ (a completed action in the future) မျိုးမှာ ဒီပုံစံကိုသုံးတယ်။

1. By the end of this week, I will have left for Mandalay.
   ဒီတပါတ်အကုန်လောက်မှာ. . . ငါမန္တလေးကိုထွက်သွားပြီးဖြစ်လိမ့်မယ်။
2. I will have bought a car before you return from Japan.
   မင်း ဂျပန်ကပြန်မလာခင်မှာ. . . ငါ ကားဝယ်ပြီးသားဖြစ်နေလိမ့်မယ်။

## D. Future Perfect Continuous

(will have been + Ving)

အနာဂတ်မှာ ဆက်လက်လုပ်ဆောင်နေပြီး. . . အနာဂတ်မှပဲပြီးစီးသွားမယ့်ကိစ္စမျိုးမှာ ဒီပုံစံသုံးတယ်။ ဒါပေမဲ့ ဒီပုံစံကအသုံးနည်းပါတယ်။

1. You will have been working for five years at the end of December.
   ဒီဇင်ဘာလကုန်ရင်. . မင်းအလုပ်လုပ်နေတာ ၅ နှစ်ဖြစ်လိမ့်မယ်။
2. I will have been learning English for three months next March.
   လာမယ့် မတ်လဆိုရင်. . . ငါအင်္ဂလိပ်စာသင်နေတာ သုံးလရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com





## Section Five

## PRACTICE

ကဲ. . . လေ့ကျင့်ရင်းနဲ့ရှင်းမယ်၊ မလောနဲ့. . . ဖြည်းဖြည်းဖတ်၊ ထပ်တလဲလဲဖတ်၊ ရှိသမျှအာရုံ ဒီမှာထားလိုက်။

### (၁) မိုး *(rain)*

၁. မမျှော်လင့်သော မိုးက. . . လေနှင့်အတူပါလာသည်။

ရေးပြီဆိုတာနဲ့ subject ကိုအရင်ရှာ. . . ပြီးရင် verb ကိုရှာ၊ အဲဒီနောက် object ရှိရင်ဆက်ရှာ၊ ဒီသုံးခုက အဓိကပဲ၊ ကျန်တာတွေက modifiers တွေပဲ၊ adverb, phrase, clause....ဆိုတာတွေကို ဆိုင်ရာ. . ဆိုင်ရာ နေရာတွေမှာထားပေး။

ဒီစာကြောင်းကိုရှာမယ်. . . . .။

- <u>Unexpected rain</u> <u>comes</u> <u>with the wind.</u>

  s v ph

ဒီမှာ sub, verb ပါတယ်. . obj မပါဘူး၊ နောက်ဆုံးက. . "with the wind" ကို phrase လို့ခေါ်တယ်။ သူက comes ကိုအထူးပြုတယ်၊ ဒါ adverb အလုပ် (the work of an adverb) ကိုလုပ်တာပဲ၊ ဒါကြောင့် သူ့ကို adverb phrase လို့ခေါ်တယ်၊ သူ့ကို comes (verb) နဲ့ကပ်ပြီးထားပေး. . . . .။

အရေးကြီးတာပြောမယ်၊ အထူးပြုစကားလုံး (modifiers) တွေကို. . . သူတို့အထူးပြုတဲ့ စကားလုံး အနားကိုတတ်နိုင်သလောက်ကပ်ပေးရမယ် ဆိုတာ အမြဲမှတ်ထားလိုက်. . . .၊

ဒီလိုရေးပုံကိုကြည့်. . . .

- With the wind, unexpected rain comes.

  အထူးပြု (emphasis) ချင်တဲ့သဘောနဲ့ with the wind ကိုရှေ့မှာထားတာ၊ နောက်တစ်မျိုးရှိသေးတယ်။

- Comes unexpected rain with the wind.

www.burmeseclassic.com

www.burmeseclassic.com



၂။ လမ်းထဲတွင်ဘောလုံးကစားနေကြသော ကောင်လေးသုံးလေးယောက်. . . နီးစပ်ရာအိမ်တစ်အိမ်ထဲသို့ပြေးဝင်သွားကြသည်။

(ဒီမှာလည်း sub နဲ့ verb ပဲ)

- Three or four boys playing football in the street run into a nearby house.

s v ph

ဒီမှာ noun တစ်ခုကိုအထူးပြုတဲ့ phrases နှစ်ခုတွေ့ရမယ်၊ playing football နဲ့ in the street ဆိုတာတွေ။ ဒီလို phrases တွေကို. . . noun ရဲ့ရှေ့မှာထားလို့မရဘူး၊ တစ်လုံးတည်း (single adjective) ကို ပဲရှေ့မှာထားလို့ရတာ။ playing football က manner ဆိုတော့ အရင်ရေးလိုက်. . . ပြီးမှ place ဖြစ်တဲ့ in the street ကို နောက်မှာထားပေး. . . .။

နောက်ဆုံးက phrase ကို verb (run) ရဲ့နောက်မှာ ထားရတာကတော့. . ပြောပြစရာလိုမယ်မထင်ဘူး။ လိုတာက. . . nearby ရဲ့အသုံးအနှုန်း အနေအထားပဲ။ nearby (adj) ကို ဆက်ရေးရင်ရှေ့မှာထားပြီးခွဲရေးရင်. . နောက်ကိုပို့လိုက်. . . ဒီလို. .

- nearby house (or)
- the house near by

၃။ ဝယ်သူနှင့်ရောင်းသူကြားတွင် ဈေးနှုန်းများကို ကမောက်ကမဖြစ်အောင် လုပ်နေကြသည့်. . ၃၈လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့် သစ်ပင်များအောက်တွင်ထိုင်နေကြသော ပွဲစားများ. . . ရွှေသရဖူ လက်ဖက်ရည်ဆိုင်တွင်းသို့ပြေးကြ၏။

ရှည်ပေမဲ့ sub နဲ့ verb နှစ်ခုပဲပါတယ်။ sub ကို modifer လုပ်တဲ့ phrase နဲ့ clause တွေများတယ်။

- Brokers, ***sitting*** under the trees on the corner of Maha Bandoola and 38th street, ***who*** upset the prices between buyers and sellers , ***rush*** into Shwe Tharaphu tea shop. (at the corner ဆိုလည်းရတယ်) v

ဒီမှာ subject ဖြစ်တဲ့ brokers ကိုအထူးပြုတဲ့ phrase နဲ့ clauses တွေကိုလိုင်းတားပေးထားတယ်။ sitting နဲ့ စတဲ့ စကားစုက phrase ဖြစ်ပြီး who နဲ့စတဲ့စကားစုကို cluaseလို့ခေါ်တယ်။ ပိုရှင်းအောင်. . . phrase ကို ကော်မာနှစ်ခုနဲ့ရေးထားတယ်။ ကော်မာမပါလည်းဖြစ်တယ်။ ဒီလိုကော်မာနဲ့ရေးတဲ့အခါ phrase နဲ့ cluase ကို နေရာချင်းလဲပြီးရေးလို့လည်းရတယ်။

Verb က. . . rush တစ်လုံးတည်း။ သူ့ကိုအထူးပြုတဲ့ into နဲ့စတဲ့ phrase ကို. . သူနောက်မှာကပ်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်မှာ တနေ့ကုန်တနေ့ခန်း. . . လက်လုပ်မှပါးစပ်လှုပ်ရသောဈေးသည်တစ်စု မှာ. . . အပြေးအလွှားထီးတွေဖွင့်ကြရ၏။

- A group of sellers on the opposite pavement, ***living*** hand to mouth day in day out, ***open*** their umbrellas in a rush.

  v o

- A group of sellers ရဲ့နောက်မှာ on the opposite pavement ဆိုတဲ့ phrase လိုက်တာဟာ. . . ဒါပုံစံမှန်ပဲ။ Noun နောက်မှာ phrase ကပ်ပြီးနေရတယ်။ adjective phrase ဖြစ်သွားတာပေါ့။
- living နဲ့စတဲ့ phrase ကို "who live" လို့လုပ်လိုက်ရင် cluase ဖြစ်သွားမယ်။ အဓိပ္ပါယ်တော့ မပြောင်းဘူး။

  အရေးကြီးတာက "in a rush" ဆိုတဲ့ phrase ပဲ။ ဒီစကားစုက verb (open) ကိုအထူးပြုတာ။ ဒါကြောင့် အဲဒီအနားမှာကပ်နေသင့်တာပေါ့၊ ဒါပေမဲ့ မရဘူး။

ရေးကြည့်လိုက်လေ. . . ဘာဖြစ်သွားမလဲ. . .

..........open ***in a rush*** their umbrellas.

တဲ. . . ကြည့်လိုက်၊ အဆင်မပြေတာတော့ သိလောက်ပါတယ်၊ နောက်မှာ obj (their umbrellas) ပါနေတယ်လေ။ ဒီလိုအနေအထားမျိုးမှာ သူ့ကိုနောက်ဆုံး (obj ရဲ့နောက်) ကိုပို့လိုက်. . ။

ဒါပေမဲ့ verb modifer (adverb) ဟာ တစ်လုံးတည်း (single adv) ဖြစ်နေမယ်ဆိုရင်. . ဆိုလိုတာက -ly နဲ့ဆုံးတဲ့ (ly-ended) adverb....ဖြစ်နေရင်ပေါ့. . quickly, hurriedly ဆိုတာမျိုးတွေလိုပြောတာ။ ဒီလိုစကားလုံးတွေကို verb ရဲ့ရှေ့မှာထားလို့ရတယ်။

ဒီလို. . .

.....***hurriedly*** open their umbrellas

(hurriedly ကို open နောက်မှာတော့မရဘူးနော်၊ နောက်မှာ object ပါနေလို့)

**ထူးခြားချက်**

ဒါပေမဲ့ ဒီလိုတော့ရတယ်. . . ။

- He looked hurriedly ***at*** the girl.

  ဒီလို. .. object ရှေ့မှာ preposition (at) ပါနေရင်. . ဒီလိုပုံစံရေးလို့ရတယ်။

၅။ ပလက်ဖောင်းပေါ်ကလမ်းသွားလမ်းလာများမှာ. . တုတ်နဲ့ထိုးလိုက်သည့်ပျားအုံကဲ့သို့. . . .

Passers-by on the pavement ***are*** like a beehive stricken with a stick.

ဒါမှာ. . . ရှင်းစရာရှိမယ်မထင်ဘူး သတိထားရမှာက with နေရာမှာ by မသုံးမိစေနဲ့။ on the pavement ဟာ adjective phrase ပဲ။ မြင်အောင်ကြည့်၊ verb က are ပဲ။

www.burmeseclassic.com

www.burmeseclassic.com



၆. လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကိုင်ထားသော. . လူအုပ်အနားမှဆံပင်ဖြူဖြူနှင့်အသက် (၇၀)အရွယ် အဖွားအိုတစ်ယောက်မှာ. . . ချော်လဲကျမတတ်ဖြစ်သွား၏။

subject နေရာမှာ. . . noun တစ်ခုကို modifiers တွေထည့်ပေးထားတယ်။ အဲဒီ modifers တွေရဲ့ နေရာအနေအထား (positions) တွေကိုမြင်အောင်ကြည့်။

- An aged woman with white (grey) hair near the crowd, with a staff in her hand, ***slips and almost falls.***

ဒီမှာ. . . subject နဲ့ verb နှစ်မျိုးပဲ။ slips (verb) ရှေ့ကဟာ အားလုံး subject ပဲရှိသေးတယ်၊ woman (noun) ကို အထူးပြုတဲ့ ***aged*** ဟာ single adjective ဖြစ်နေလို့ရှေ့မှာထားလို့ရတယ်။ ကျန်တာတွေက phrases တွေဖြစ်နေတော့. . . နောက်ကိုပို့လိုက်။ သဘောမပေါက်ရင် သုံးလေးကြိမ်ပြန်ဖတ်။

ဒါပေမဲ့ near the crowd ....ဆိုတဲ့ phrase ကိုရှေ့ဆုံးပို့လိုက်လို့ရတယ်။ woman နောက်မှာ phrases တွေများတယ်။အဲဒါဆိုရင်ပိုရှင်းသွားမယ်။ ဒီလို. . နေရာပြ၊ အချိန်ပြစကားစုတွေကို ရှေ့ဆုံးတင်ရေးလို့ရတယ်။ ဒီထက်ပိုပြီးရှင်းအောင်ပြရရင်. . ဘယ်လို phrase or clause မဆိုရှေ့ပို့လို့ရတယ်။ အဓိပ္ပါယ်အလေးအနက်တော့ကွာတယ်။ ကဲကြည့်. . . .

- ***Near the crowd*** an aged woman with white hair, holding a staff, slips and almost falls. (white ကပိုပြီးဖြူတယ်. . . grey ကအဲဒီလောက်မဖြူဘူး)

ဒါဆိုရင်ပိုရှင်းသွားပြီနော်၊ with a staff in her hand ကို ပုံစံပြောင်းလိုက်တဲ့ သဘောကိုမြင်အောင်ကြည့်. . . . . .။

၇. ဘယ်ဘက်လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုတ်ကိုင်ထားသော ကျပ်တန်မျိုးစုံအနွမ်းကလေးများ. . . ပလက်ဖောင်းပေါ်တွင် လွင့်စင်ကုန်သည်။

- A varitey of worn-out small notes gripped tightly in her left hand ***are thrown*** over the pavement.

ဒီစာကြောင်းမှာ. . . verb က "are thrown" ပဲ၊ သူ့ကို passive form ရေးထားတာ၊ သူ့ရဲ့ subject က notes....။ ဘယ်ကျပ်တန်ကိုမဆိုသုံးလို့ရတယ်။ သူ့ရှေ့က single adjectives နှစ်ခု (worn-out, small)အထူးပြုထားတယ်။ adjective တစ်လုံးရှေ့မှာနောက်ထပ် adjective တစ်လုံးထားလို့ရတယ်လေ။ notes ရဲ့နောက်မှာရှိတဲ့ phrase ဟာ notes ကိုအထူးပြုတဲ့ adjective phrase ပဲ။

ဒါပေမဲ့ ရှေ့မှာရှိတဲ့ variety (noun) ကိုတော့ ဒီအတိုင်းကပ်ရေးလို့မရဘူး။ ဒါကြောင့် *of* ထည့်ပေးလိုက်တာ။ နောက်ဆုံးမှာရှိတဲ့ over the pavement က. . . adverb phrase ဆိုတော့ verb အနားကပ်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၈. လက်ထဲမှတောင်ဝှေးသည် လွင့်စင်၍. . လိမ္မော်သီးအပြည့်ထည့်ထားသောတောင်း အနီးတွင်ထိုင်နေသည့် လွယ်အိတ်တစ်လုံးနှင့်မိန်းမငယ်တစ်ဦးကို အရှိန်ပြင်းပြင်းနှင့် ထိမှန်သွား၏။

The staff in her (the) hand ***runs*** into a girl with a bag sitting near the basket filled with oranges.

ဒီမှာ verb က ***runs into*** (အရှိန်ပြင်းပြင်းနှင့်ထိမှန်)။ သူ့ရှေ့မှာရှိတာက subject ဖြစ်ပြီး The staff ကို in her hand ဆိုတဲ့ phrase က အထူးပြုထားတယ်၊ adjective phrase ပဲပေါ့၊ object ဖြစ်တဲ့ the girl ကိုအထူးပြုတဲ့ phrase နှစ်ခုရှိတယ်. . . with a bag နဲ့ sitting near the basket ။ဒါဒီနှစ် ခုကိုရှေ့နဲ့နောက်ပြောင်းမယ်ဆိုရင် မှားပေမဲ့ဒီလောက်မကောင်းဘူး၊ မပြီးသေးဘူးနော်၊ အဲဒီ basketကို ထပ်ပြီးအထူးပြုတဲ့ phrase က. . filled with oranges ပဲ၊ သူ့ရှေ့မှာ which is ထည့်ပေးလိုက်ရင်လည်း ရတယ်. . . . clause ဖြစ်သွားမယ်၊ ဒါပေမဲ့မလုပ်နဲ့. . မလိုအပ်ဘူး။

၉. ကုန်စိမ်းသည်ကောင်မလေးစပြီးဆဲလေတော့သည်၊

The girl, greengrocer, starts to swear.

The girl နဲ့ greengrocer ကတစ်ယောက်တည်းပဲ၊ ဒီလိုပုံစံမျိုးကော်မာနဲ့သုံးတယ်၊ starts wearing ဆိုလည်းရတယ်၊ ဒီလို verb နှစ်ကို ကပ်လာရင်နောက်က verb ကို ing ပုံစံပြောင်းမှရတယ်၊

၁၀. သစ်ပင်အောက်ကကားမှတ်တိုင်တွင် ဘတ်စ်ကားစောင့်နေကြသော လူတစ်ချို့. . . အနီးအနားအမိုးအကာရှိရာသို့ ပြေးဝင်ကြသည်၊

Some people waiting for a bus at the bus-stop *runs* to the shelter near by.

အရင်ဆုံး verb ကိုရှာလိုက်၊ verb (run) ရဲ့ရှေ့မှာရှိတာက subject ပဲပေါ့၊ subject (some people) ကိုအထူးပြုတဲ့ phrase တွေ့ရမယ်၊ သူ့ကို adjective phrase လို့ခေါ်တာတော့သိလောက်ပြီနော်၊ verb နောက်မှာ object မပါဘူး. . . phrase ပဲရှိတယ်၊ verb ကို အထူးပြုတော့ adverb phrase ဖြစ်ပြီပေါ့၊

၁၁. မဟာဗန္ဓုလလမ်း. . ပန်းဆိုးတန်းမှတ်တိုင်တွင် ခရီးသည်များနားခိုရန်အမိုးအကာမရှိ၊

There is no bus shelter at Pansondan bus-stop on Maha Bandoola Road.

ဒီပုံစံက elementary level လောက်ပဲရှိတာ၊ ရှင်းနေစရာမလိုဘူး. . . တစ်ခုရှိတာက. . no ကို noun ရှေ့မှထားလို့ရတယ်၊ ကြိုက်တဲ့ noun နဲ့တွဲနိုင်တယ်၊ verb ရှေ့မှာတော့ လုံးဝမရဘူး၊

www.burmeseclassic.com

www.burmeseclassic.com



၁၂. တစ်ချို့ထီးပါသူများသည် မိုးမစိုစေရန်အတွက် သူတို့ထီးများကိုဖွင့်ကြသည်။
Some people who have got umbrellas ***open*** them to protect the rain.

အရင်ဆုံး verb ကိုရှာ. . . open ပဲပေါ့။ ရှေ့က subject (some people) ကိုအထူးပြုတာက who နဲ့စတဲ့ clause ဖြစ်သွားပြီ။ နောက်ဆုံးက phrase ( to protect the rain) ကို open နောက်မှာထားလို့မရဘူး။ object ပါနေလို့မရတာ။ ရှေ့ဆုံး (ဝါကျရှေ့ဆုံး) ကို ပို့ရင်တော့ရတယ်၊ လုံးဝမှန်တယ်။ .

၁၃. ခြေညှပ်ဖိနပ်အဟောင်းအနွမ်းကိုစီးပြီး နွမ်းနွမ်းပါးပါးဝတ်စားထားသော. . . အရောင်လွင့်နေပြီဖြစ်သည့် ထီးတစ်လက် နဲ့အဖိုးကြီးတစ်ယောက်သည်. . . . လမ်းဖြတ်ကူးရန်စောင့်ဆိုင်းနေ၏။
Holding an umbrella with the colour faded, a poorly dressed old man wearing broken-down slippers ***is waiting*** to cross the road.

ကြည့်လိုက်ရင် verb နောက်မှာ phrase ပဲရှိတယ်။ ဒါပေမဲ့ ရှေ့မှာရှိတဲ့ subject (old man) ကိုအထူး ပြုတဲ့ phrases တွေများနေတယ်။ ဒါကြောင့် phrases တွေကို old man ရဲ့ ရှေ့နဲ့နောက်ခွဲပေးလိုက်တယ်။ ဒါမှ balance ဖြစ်သွားမယ်။ ရှေ့မှာ phrases နှစ်ခုတွေ့ရမယ်။ ပထမဦးဆုံး phrase မှာပါနေတဲ့ umbrella ကို ထပ်ပြီးအထူးပြုတဲ့ phrase (with the colour faded) ဆိုတာရှိတယ်၊ မြင်အောင်ကြည့်။ old man ရဲ့ နောက်မှာတော့ phrase တစ်ခုပဲပါတယ်။ အဲဒါက wearing broken-down slipper ပဲ. . .၊

၁၄. မိုးမှာသည်းသည်ထက်သည်းလာပြီ။
The rain ***is*** heavier and heavier. (becomes heavier ဆိုလည်းရတယ်)

၁၅. အဖိုးကြီးလက်ထဲမှထီးကိုလေပြင်းက သယ်ဆောင်သွားပြန်သည်။
The umbrella in the old man's hand ***is carried*** by the wind.

ဒီမှာ verb ကို passive ပုံစံရေးထားတယ်။ ကျန်တာတွေကတော့ ရှင်းနေတယ်။

၁၆. မိုးစိုနေသော လူငယ်လေးတစ်ယောက်က ထီးမရှိသော အဖိုးကြီး၏လက်မောင်းကိုဆွဲ၍ ခေါ်ယူသွားသည်။
A young man ***who*** has got wet in the rain ***<u>takes</u>*** the old man ***with*** no umbrella by the arm.

အရင်ဆုံး verb (takes) ကို ရှာ။ ရှေ့မှာရှိတဲ့ subject (a young man) ကို who နဲ့စတဲ့ clause နဲ့ အထူးပြုတယ်။ adjective clause လို့ခေါ်တယ်။ object (the old man) ကိုတော့ with no umbrella ဆိုတဲ့ adjective phrase က အနောက်ဘက်က (predicatively) အထူးပြုထားတယ်။ အဲဒီနေရာမှာ without umbrella ဆိုလည်းဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး phrase ( by the arm) က verb (take) ကို အထူးပြုတာ။ ဒါပေမဲ့ object (the old man) ရှိနေလို့ take ရဲ့နောက်မှာထားလို့မရဘူး။ သဘောပေါက်အောင် စဉ်းစားနော်။

၁၇. လူငယ်နှင့်လိုက်ပါလာသော အဖိုးကြီးမှာချမ်း၍ ဒိုက်ဒိုက်တုန်နေပြီ။
The old man who comes along with the young man ***is shivering*** with cold.

ထုံးစံအတိုင်း verb (is shivering) ကိုကြည့်လိုက်၊ ရှေ့မှာရှိတဲ့ subject (the old man) ကို who နဲ့စတဲ့ clause နဲ့အထူးပြုတယ်။ object မပါဘူး။ with cold ဆိုတဲ့ phrase က verb ကိုအထူးပြုတယ်. . . ဒါကြောင့် adverb phrase လို့ခေါ်ရမယ်။

၁၈. တော်သေးသည်၊ အဖိုးကြီး. . အန္တရာယ်ကင်းစွာနှင့်လမ်းဖြတ်ကူးနိုင်ပေလို့၊
It is lucky that the old man ***can manage*** to cross the road safely.

ဒီပုံစံကတစ်မျိုး It is + adj + that..........ပုံစံမျိုး၊ တစ်ခုခုကိုအောင်အောင်မြင်မြင်လုပ်နိုင်တာမျိုးမှာ manage(verb) ကိုသုံးတယ်။ သူ့နောက်မှာ to + infinitive or gerund လာတယ်ဆိုတာမမေ့နဲ့၊safely မသုံးချင်ရင် without danger or with no danger သုံးလို့ရတယ်။

၁၉. မြို့လယ်ခေါင်ဖြစ်သည့်အတွက် ယာဉ်အသွားအလာများလွန်လှ၏။
As it is the heart of the city, there is a lot of traffic.

ဒီမှာ a lot of မသုံးချင်ရင် heavy traffic ဆိုလည်းရတယ်၊ ယာဉ်အသွားအလာနည်းရင် a little traffic, လုံးဝမရှိရင်. . . no traffic သုံးတယ်။ တော်မာရှေ့မှာ cluase ဖြစ်ပြီးနောက်မှာ sentence....၊

၂၀. မိုးရွာသောကြောင့်မြို့လယ်ခေါင်တွင်ရေလျှံနေပြီ၊
The rain ***has caused*** floods in the centre of the city.

ဒီစာကြောင်းမှာ verb (has caused) ရဲ့ ရှေ့နဲ့ နောက်မှာ subject တစ်ခုနဲ့ object တစ်ခုပဲရှိတယ်။ နောက်ဆုံးမှာရှိတဲ့ in the centre of the city က phrase ပဲ။ သူ့ကိုရှေ့ဆုံးမှာထားလို့ရတယ်။

၂၁. မိုးကြောင့် မြို့တွင်နေထိုင်သော သူများမှာ တနေရာမှတနေရာသို့ သွားရေးလာရေး အဆင်မပြေဖြစ်ကြရသည်။
People in cities ***are uneasy*** to go from place to place because of rain.
နောက်ဆုံး phrase (because of rain) ကို ရှေ့ဆုံးမှာထားလို့ရတယ်၊ verb က are + uneasy .....၊ . . . မြို့နေသူကို city residents or residents in city . . . ဆိုလည်းရတယ်။

၂၂. သူတို့သည် မိုးရွာသည့်နေကို အမုန်းပင်မလိုလားကြ၊
They really don't want a rainy day (or)
The really hate a rainy day.

www.burmeseclassic.com

www.burmeseclassic.com





(၂) ပိတ်ချင်းမြောင်
(Peik Chin Myaung)

၁. ပိတ်ချင်းမြောင်ဟာ ရှမ်းပြည်မှာရှိတဲ့ သဘာဝလှိုင်ဂူတစ်ခုဖြစ်တယ်။

Peik Chin Myaung *is* a natural cave located in Shan State.

အလွယ်ဆုံးနဲ့စပေးလိုက်တယ်။ ဒါ elementary level ပဲ။ ဒါပေမဲ့ *cave* ကိုသူ့နောက်မှာရှိတဲ့ phrase က modifiy လုပ်ထားတယ်။ သူ့ရှေ့မှာရှိတဲ့ (which is) ကိုဖြုတ်လိုက်တယ်။ which is ပါရင် clause လို့ခေါ်ရမှာပေါ့။

၂. သူဟာ မြန်မာပြည်ရှိ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်မှုအကောင်းဆုံးနေရာများထဲမှတစ်ခုဖြစ်တယ်။

It *is* one of the best tourist attractions in Myanmar.

ဒါလည်းလွယ်ပါတယ်။ in Myanmar ဆိုတဲ့ phrase က attractions ကိုနောက်ဘက်က (predicatively ) အထူးပြုတယ်။ adjective phrase လို့ခေါ်တယ်။ သူ့ကိုရှေ့ဆုံးပို့ရင်ရတယ်။ အဲဒီလိုပို့လိုက်ရင် in Myanmar ဟာ. . . attractions ကို သာမဟုတ်တော့ဘဲ. . တစ်ကြောင်းလုံးကို အထူးပြုရာရောက်တယ်။ verb ကိုအစောင်းနဲ့ပြထားတယ်နော်၊

၃. ပိတ်ချင်းမြောင်ဟာ တောင်တန်းရှုခင်းတွေနဲ့သာယာလှပတဲ့ ပြင်ဦးလွင်နဲ့ သိပ်မဝေးပါဘူး

It *is* not very far from Pyin Oo Lwin , very beautiful with mountain views.

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာဆိုရင်. . . verb နောက်မှာကပ်လာတဲ့ phrase က from Maymyo ဖြစ်ပြီး. . . အဲဒီ Maymyoကို which is နဲ့စတဲ့ clause ကအထူးပြုတယ်၊which is ကိုဖြုတ်ပြီး ကော်မာ (. , . . , . .) ထည့်ပေးလိုက်လို့ရတယ်။ အဲဒါဆိုရင် phrase ဖြစ်သွားမှာပေါ့။

- with mountain views မသုံးချင်ရင် with the views of mountain သုံးနိုင်တယ်။

၄။ မေမြို့ခေါ်ပြင်ဦးလွင်မှ ပိတ်ချင်းမြောင်ကိုကားနဲ့ သွားရတာ သိပ်ပြီးစိတ်ဝင်စားစရာကောင်းတယ်။

A drive to Peik Chin Myaung from Pyin Oo Lwin, also known as Maymyo, ***is*** very interesting.

drive ကို noun အနေနဲ့သုံးတယ်။ သူ့နောက်မှာ noun တစ်ခုပါလာတဲ့အခါ preposition မပါလို့မရဘူး။ ဒါကြောင့် ***to*** ထည့်ပေးတာ။ to နဲ့စတဲ့ phrase ဟာ drive ကို အထူးပြုတယ်။

၅။ မရောက်ခင်မှာ မှိုင်းပြပြတောင်တန်းတွေနဲ့သာယာတဲ့ရှုခင်းတွေကိုခံစားရမှာပါ။

Before arrival, one can ***enjoy*** pleasent views with hazy hills.

ရှေ့ဆုံးက clause (Before arrival) ကို နောက်ဆုံးမှာထားလို့လည်းရတယ်။ verb (enjoy) ရဲ့ရှေ့မှာရှိတဲ့ one ဟာ subject ပဲ၊ သူက လူတွေကို ကိုယ်စားပြုတယ်။ နောက်ဆုံးက phrase (with hazy hills) က . . . သူ့ရှေ့မှာရှိတဲ့ noun (views) ကိုအထူးပြုတယ်။ adjective phrase ဖြစ်သွားတာပေါ့။ သိစေချင်တာက. . before ကို noun တစ်ခုရဲ့ရှေ့မှာထားပြီး phrase လုပ်လို့ရတယ်။

ဥပမာ - before dinner -ညစာမစားခင်. . ။

၆။ မြင့်မားတဲ့တောင်တန်းတွေကို ကွေ့ပတ်သွားတဲ့. . . ညီညာတဲ့လမ်းကလေးရဲ့ညာဘက်ခြမ်းမှာ စားသောက်ဆိုင်တွေကိုအရင်ဆုံးတွေ့ရမယ်။

You will first ***see*** canteens on the right side of a smooth road bend around high mountains.

-verb (see) ရဲ့ရှေ့မှာ ရှင်းတယ်။ နောက်က object ( canteens) ရဲ့နောက်မှာ on နဲ့စတဲ့ phrase အရှည်ကြီးရှိတယ်။ အဲဒီအထဲမှာ phrases အတိုလေးတွေကို မြင်အောင်ကြည့်။

၇။ ပြီးတော့ ရေတွေစီးဆင်းနေတဲ့ စမ်းချောင်းကျဉ်းကျဉ်းကလေးကို ဖြတ်ထားတဲ့ကြိုးတံတားလေးကိုဖြတ်လျှောက်သွားလိုက်ရုံပါပဲ။

Then you just ***walk*** through a small suspension bridge across a narrow stream with the water flowing.

www.burmeseclassic.com

www.burmeseclassic.com



verb (walk) နောက်မှာ အဲဒီ verb ကို အထူးပြုတဲ့ phrase ရှိတယ်။ အဲဒီ phrase ပါတဲ့ bridge ကိုထပ်ပြီး အထူးပြုတဲ့ phrase ကိုတွေ့ရမယ်။ stream (n) ကိုလည်းထပ်ဆင့်အထူးပြုထားပုံကို သဘောပေါက်အောင်လေ့လာပါ။

၈. အဆက်မပြတ်စီးနေတဲ့ရေတံခွန်တွေကိုလည်း တံတားအဆုံးမှာ တွေ့ရပါလိမ့်မယ်။

At the end of the bridge, you can also ***see*** some waterfalls falling without stop.

ရှေ့ဆုံးက at the end of the bridge (phrase) ကို နောက်ဆုံးမှာထားလို့လည်းရတယ်နော်။ verb ရဲ့နောက်မှာတော့ object (some waterfalls) ပါလာတယ်။ သူ့နောက်က phrase ပါလာတယ်။ which is falling ..... ဆိုရင်လည်းရတယ်။ clause ဖြစ်သွားမှာပေါ့။

၉. တစ်ဆက်တည်းမှာမြင့်မားတဲ့တောင်တန်းကြီးရဲ့အောက်ခြေက ထူးဆန်းလှတဲ့သဘာဝလှိုင်ဂူကိုတွေ့ရမှာပါ။

At the same time you will ***see*** a natural cave at the foot of high mountains.

ရှေ့ဆုံးမှာ phrase ရှိတယ်၊ verb (see) ရဲ့နောက်မှာ object (natural cave) ရှိတယ်။ သူ့ကို at နဲ့စတဲ့ phrase က အထူးပြုတယ်။

၁၀. အပေါ်ကိုမော့ကြည့်လိုက်မယ်ဆိုရင် စိမ်းစိုတဲ့ သစ်ပင်၊ ဝါးပင်တွေနဲ့. . မြင့်မားတဲ့တောင်တန်းတွေကို တွေ့ရမှာပါ။

If you look up, you will ***see*** high mountains with green trees and bamboo plants.

ရှေ့ဆုံးက If you look up ဆိုတာ clause နော်. . . phrase မဟုတ်ဘူး။ နောက်ဆုံးပို့ချင်လည်းရတယ်။ verb(see) နောက်မှာရှိတဲ့ object (high mountains) ကို သူ့နောက်မှာရှိတဲ့ with နဲ့စတဲ့ phrase က အထူးပြုတယ်၊ ရှည်ပေမဲ့ phrase ပဲနော်။ ဒီမှာ with ဟာ having အဓိပ္ပါယ်မျိုးရတယ်။

၁၁. ဂူရဲ့ရှေ့မှာတသွင်သွင်စီးဆင်းနေတဲ့. . . ကြည်လင်အေးမြတဲ့ရေတွေရဲ့ ရှုခင်းဟာ ရောက်လာသူတိုင်းကို ဖမ်းစားနိုင်တယ်။

The view of crystal clear and cool water flowing in front of the cave ***is able to arrest*** everyone who visits there.

verb (is able to arrest) ရှေ့မှာရှိတာအားလုံးပေါင်းလိုက်ရင် subject တစ်ခုပဲရှိသေးတယ်။ noun အလုပ် ( the work of a noun) ကို လုပ်တယ်ဆိုတော့ noun phrase လို့ခေါ်တယ်၊ အဲဒီအထဲမှာအဓိက noun က waters ပဲ။ သူ့ကိုရှေ့ဘက်က အထူးပြုတာနဲ့ . . . နောက်ဘက်က အထူးပြု တာ. . . နှစ်မျိုးကိုမြင်အောင်ကြည့်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘက်မှာထားလို့ရတာတွေက the view (noun) နဲ့ ကျန်တာတွေက single adjective တွေ။ နောက်ဘက်မှာရှိတဲ့ phrase က နေရာမှန်ပဲ။ သူ့ကိုရှေ့မှာထားလို့မရဘူး။ verb ရဲ့နောက်မှာရှိတဲ့ noun (everyone) ကို နောက်ဘက်က clause နဲ့အထူးပြုထားတယ်။ အဲဒါ adjective clause ပဲ။

၁၂. အဲဒီရေတွေရဲ့ ဘယ်ဘက်. . တောင်ခြေမှာ ရှမ်းမိန်းမလေးတွေက. . တောထဲနဲ့ယာခင်းတွေကရတဲ့ ဟင်းသီးဟင်းရွက်တွေကိုရောင်းနေကြတယ်။

On the left of the waters, at the foot of the mountains, Shan ladies ***sell*** vegetables they get from the forest and their farms.

ဒီမှာ verb (sell) ရဲ့ရှေ့မှာ subject (Shan ladies) ရှိတယ်။ သူ့ရဲ့ရှေ့(ဝါကျရဲ့ရှေ့ဆုံး)မှာ phrase တစ်ခုတွေ့ရမယ်။ သူ့ကို emphasis လုပ်ချင်လို့ ရှေ့ဆုံးပို့ထားလိုက်တာ။ object (vegetables) ရဲ့နောက်မှာရှိတာက they နဲ့စတဲ့clause ပဲ။ အဲဒါ adjective clause ဆိုတာ မြင်အောင်ကြည့်။ ထည့်ချင်ရင်ရှေ့မှာ that ထည့်လို့ရ တယ်။ ဒါပေမဲ့ မလိုအပ်ပါဘူး။

၁၃. ဂူဝမှာတော့ ရေတွေဟာကြည်မှကြည်. . . . . ။

At the mouth of the cave, the water ***is*** crystal clear indeed.

ဒီမှာလည်းရှေ့ဆုံးက phrase ကိုနောက်ဆုံးပို့လို့ရတယ်နော်။

၁၄. အေးလိုက်တာကလည်း. . စိမ့်နေတာပဲ။

It ***is*** freezing cold.

cold (adj) ကို freezing (adj) က အထူးပြုထားတာ။

၁၅. ဂူထဲကိုဝင်လိုက်တာနဲ့ ငြိမ်းချမ်းသွားတယ်။

Just enter the cave, it is peaceful.

- it is peaceful ဆိုတဲ့ sentence ကို . . . အရင်ဆုံးရေးလို့လည်းရတယ်။

၁၆. တောင်ရဲ့အထဲမှာရှိနေတဲ့ သဘာဝလိုဏ်ဂူထဲက. . ရေတွေ အဆက်မပြတ်စီးကျနေတယ်။

The water is ***flowing*** without stop in the cave in the mountain.

- verb (flowing) ရဲ့ နောက်မှာ သူ့ကိုအထူးပြုတဲ့ phrase ကိုသဘောပေါက်အောင်ကြည့်။ နောက်တစ်မျိုးရေးလို့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



An endless flow of water is in the cave in the mountain.

၁၇. ဂူက. . . အဆုံးထိမသွားရဲလောက်အောင်ရှည်နေတယ်။
The cave *is* so long that one dares not go up to the end of it.
ဒါက so...that ပုံစံလေး ၊ နဲ့ပါတယ်။ dare သုံးပုံကိုသတိထား။ does not dare ဆိုလည်းရပါတယ်။

၁၈. သဘာဝလှိုင်ဂူထဲက သဘာဝစမ်းချောင်းထဲမှာ လမ်းလျှောက်ရတာ တစ်မျိုးကြီးပဲ။
Walking in the natural spring along the natural cave *is* strange.
ဒီမှာ is ရဲ့ရှေ့မှာရှိတာအားလုံးဟာ subject ပဲနော်။ noun အလုပ်ကိုလုပ်တယ်ဆိုတော့ noun phrase ပဲပေါ့။ စမ်းချောင်းက ဂူတလျှောက်လုံးဖြစ်နေလို့ along သုံးတာ။ strange အစား unusual သုံးနိုင်တယ်။

၁၉. အေးမြတဲ့ ဂူထဲမှာ စံပယ်နေတဲ့. . . အရွယ်အစားသေးသွယ်တဲ့ဘုရားတွေနဲ့ဆင်းတုတော်တွေလည်းရှိတယ်။
There *are* also some small pagodas and Buddha images staying in the cool cave.
ဒီမှာတွေ့တွေထူးထူးတော့မရှိဘူး။ Buddha images ရဲ့ နောက်က phrase ဟာ. . . သူ့ရှေ့က noun ကိုအထူးပြုတယ်။ staying ရဲ့ ရှေ့မှာ "that are" ထည့်ပေးလို့ရတယ်။ အဲဒါဆိုရင် clause ဖြစ်သွားမယ်။


၂၀. ဒီဂူဟာ ထူးခြားနေလို့ နိုင်ငံခြားသားတွေအပါအဝင်. . လူအများလာရောက်ကြတယ်။
As the cave is unusual, many people including foreigners ***visit*** here.
verb က visit ဆိုတော့ သူ့နောက်မှာ သိပ်မရှိဘူး။ subject ကရှေ့မှာရှိတယ်။ subject (many people) ကို including foreigners ဆိုတဲ့ phrase က အထူးပြုတယ်။ အဲဒါ adjective phrase ပဲ။ ဒီလိုနေရာမှာ visit သုံးလေ့ရှိတယ်။ တိုက်ရိုက်တွေးလိုက်ရင်တော့. . . come ဖြစ်မှာပေါ့။

၂၀. ဒါဟာ. . မမေ့နိုင်စရာ ခရီးတစ်ခေါက်ပါပဲ။
It *is* an unforgetable visit.
visit အစား journey, trip ဆိုတာတွေလည်းသုံးလို့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





## ရန်ကုန်သို့ ပထမဆုံးခရီး
## (First journey to Yangon)

ဆရာသင်တန်းမှာ ရှမ်းပြည်နယ်က… ရှမ်းမ ဆိုတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်။ သူက ဒီလိုပြောပြတယ

၁. ကျွန်မက ရှမ်းပြည်နယ်မှာမွေးတော့ .. ကြည့်လေလေတိုင်း မြူတွေဆိုင်းလို့ပေါ့။
Since I was born in the Shan State, there is mist wherever I look. (have a look)

ကော်မာရှေ့မှာရှိတာက clause နော်၊ သူ့ကိုနောက်ဆုံးပို့လို့လည်းရတယ်။ နောက်ဆုံးမှာလည်း whenever နဲ့စတဲ့ cluase ရှိတယ်။

၂. အိပ်မက်ထဲမှာတော့ ရန်ကုန်မြို့ကြီးကို ခဏခဏရောက်ဖူးပါရဲ့။
I ***__have been__*** to Yangon very often in my dreams.

object (Yangon) ရဲ့နောက်မှာရှိတဲ့ verb ကို အထူးပြုတဲ့ adverb phrases ( very often / in my dreams) တွေနှစ်ခုရှိတယ်။ အဲဒီနှစ်ခုထဲကကြိုက်တဲ့တစ်ခုကိုရှေ့ဆုံးပို့လို့ရတယ်။ ဥပမာ - Very often I have......
(verbs တွေကို အစောင်းနဲ့ပြထားတယ်)

၃. တရုတ်ကားထဲမှာမြင်ဘူးတဲ့ နတ်ပြည်အတိုင်းပဲ။
It *__is__* like the celestial abode I have seen in Chinese movie.

abode (noun) ရဲ့နောက်မှာရှိတဲ့ clause ဟာ abode ကိုအထူးပြုတဲ့ adjective clause ပါ။ ထည့်ချင်တယ်ဆိုရင် ရှေ့မှာ that ထည့်လို့ရတယ်၊ ဒါပေမဲ့ မလိုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကျွန်မမှာရန်ကုန်အကြောင်းတွေ. . . တွေးပြီးပျော်လိုက်ရတာ မပြောပါနဲ့တော့။

I *was* extremely happy thinking about Yangon.

ပျော်တယ်ဆိုတဲ့ (was ...happy) ရဲ့နောက်မှာ phrase( thinking about Yangon) ပါလာတယ်။ အဲဒါ verb ကို အထူးပြုတဲ့ adverb phrase ဆိုတာသိထားရမယ်။

၅။ ကျွန်မအဖို့ကတော့ ရန်ကုန်ဆိုတဲ့ မဟာမြို့ကြီးကိုရောက်ဖူးရင် သေမင်းကိုရင်ဆိုင်ရဲပါပြီ။

For me, I dare ***face*** death if I have been to Yangon, the great city.

ရှေ့မှာရှိတာက sentence ဖြစ်ပြီး. . . if နောက်မှာရှိတာက clause ဆိုတာသိထားရမယ်၊သူက တစ်ကြောင်းလုံးကို အထူးပြုတယ်။ Yangon နဲ့ the great city ကို ကော်မာခံပြီးသုံးတယ်။

၆. ပထမဦးဆုံး. . မန္တလေးကိုကားနဲ့သွားရတယ်။

First I *went* to Mandalay by car.

သိပ်လွယ်တဲ့စာကြောင်းပဲ။ ဒါပေမဲ့ frist ရဲ့နေရာအထားအသို (position) ကိုသိဖို့လိုတယ်။ ရှေ့ပိုင်းအခန်းတွေမှာပြောခဲ့ပြီးပြီ။

၇။ မန္တလေးကလည်းအလကြီးပဲ။ လျှော့တွက်လို့မရဘူး။

Also Mandalay ***doesn't look*** small. I can't think it small.

ဒီမှာ ဘာသာပြန်ပုံသတိထားရမယ်။ အလကြီးပဲ. . . ဆိုတာ မန္တလေးလည်းငယ်လှတယ်တော့ မဟုတ်ဘူးဆိုတဲ့သဘောပဲ။ လျှော့တွက်တယ်ဆိုတာ. . . အထင်သေးတာကိုပြောချင်တာ။ ဒီနောက်က. . small က အထင်သေး တဲ့နေရာမှာသုံးတာ၊ ရှေ့စာကြောင်းမှာပါတဲ့ small က အရွယ်အစားသေးတာကိုပြောတာ။

၈. မန္တလေးကရထားနဲ့ညနေပိုင်းမှာ ထွက်တယ်။

I *leave* Mandalay by train in the evening.

ဒီမှာ verb ကို အထူးပြုတဲ့ phrase နှစ်ခုရှိတယ်။ ဒီပုံစံတိုင်း manner (by train) အဲဒီနောက် time ( in the evening) ထားရတယ်။ in the evening ကို ရှေ့ဆုံးပို့ချင်လည်းရတယ်။

၉။ အထူးထိုင်ခုံမှာထိုင်ရတော့. . စိမ်ကျသလားမမေးနဲ့. . . ။

Sitting on a special seat, I *am* highly comfortable.

ကော်မာရဲ့ရှေ့ပိုင်းမှာရှိတာ cluase နော်. . . sentence က နောက်ပိုင်းမှာထားတယ်။ ဒီနှစ်ခုကိုရှေ့နဲ့နောက်ပြောင်းလို့ရတယ်။ As I sit on a special seat,..........ဆိုလည်းရတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၀. ဖြစ်နိုင်ရင်ထိုင်ခုံကို. . အိမ်ကိုတောင်ယူသွားချင်လိုက်သေးတယ်။
If possible, I ***want*** to take it home.

ကော်မာရှေ့မှာရှိတာက cluase ပဲ။ သူ့ကိုနောက်ဆုံးပို့ရင်လည်းရတယ်။

subject or object မြုပ်ပြီး if ကို adjective ကပ်ပြီး . . . ဒီလိုရေးတဲ့ ပုံစံကို နည်းနည်း ရှင်းပြမယ်။

- If kept at home, even a wild animal becomes tame.

အိမ်မှာမွေးထားရင်. . တောနိုင်းတိရိစ္ဆာန်တောင်မှယဉ်ကျေးလာတယ်။
If နဲ့ kept ကြားမှာ a wild animal ကိုမြှုပ်ထားတာ။ အပြည့်အစုံဆိုရင် ဒီလို. . .

- If a wild animal is kept at home, it becomes tame.

ဒါလောက်ဆိုသဘောပေါက်လောက်ပြီ. . .၊

၁၂. မှောင်လာတဲ့အခါ. . ရန်ကုန်အကြောင်းကိုတွေးရင်းတစ်ချက်မှေးလိုက်တယ်။
When dark comes, I ***take*** a nap thinking about Yagon.

ရှေ့ပိုင်းမှာရှိတာ clause ပဲ။ when it is dark ဆိုလည်းဖြစ်တယ်။ နောက်ဆုံးမှာရှိတဲ့ phrase (thinking about Yangon)ဟာ ဘာအလုပ်ကိုလုပ်သလဲ၊ ဘာတာဝန်ကိုယူထားသလဲဆိုတဲ့ သူ့ရဲ့ function ကို မြင်အောင်ကြည့်. . .၊ အဲဒီလိုမရေးဘဲ. . . with Yangon in my thoughts ဆိုလည်းရတယ်။

၁၃. ဆူဆူညံညံ အသံကြောင့် ကျွန်မရုတ်တရက်နိုးသွားတယ်။
I suddenly ***wake*** up because of a rattling noise.

because of နဲ့စတဲ့ phrase ကိုရှေ့ဆုံးမှာထားလို့ရတယ်။ with a rattling noise..ဆိုလည်းရတယ်။ suddenly ကို ရှေ့ဆုံးနဲ့ verb နောက်မှာထားလို့ရသေးတယ်။

၁၄. မျက်လုံးဖွင့်ကြည့်လိုက်တော့ ရထားကဘူတာတစ်ခုမှာရပ်ထားတယ်ဆိုတာသိလိုက်ရတယ်။
When I open my eyes, I ***know*** the train has stopped at a station.
ကော်မာရဲ့ရှေ့ပိုင်းမှာရှိတာက clause....နောက်ဖက်က sentence.... verb (know) ရဲ့နောက်မှာရှိတဲ့ clause က know ကိုအထူးပြုတယ်။

၁၅. ရန်ကုန်ရောက်ပြီထင်လို့ အထုပ်တွေကို လက်ထဲမှာဆွဲပြီး မတ်တတ်ရပ်လိုက်တယ်။
As I think it Yangon, I stand up with the baggage in my hands.

www.burmeseclassic.com

www.burmeseclassic.com



ကော်မာရှေ့ပိုင်းက clause ... နောက်ပိုင်းက sentences ပဲ။ ဆွဲတယ်ဆိုတဲ့စကားလုံးသီးခြားမလိုဘူး။ အဲဒီအတွက် with the baggage in my hands ဆိုတဲ့ phrase က. . . အဲဒီအတွက်သုံးထားတာ။

၁၆. ဘေးကလူတွေကတော့ ထိုင်မြဲထိုင်လို့။

The people beside me ***remain*** sitting.

ဒီနေရာမှာ remain (v) ရဲ့ usage ကိုသိဖို့လိုတယ်။ သူ့ကိုပုံစံအမျိုးမျိုးနဲ့သုံးပေမယ့်၊ ဒီနေရာမှာ. . . အရင်အတိုင်းပဲ ဆက်လက်ရှိနေတယ်. . . ဆိုတဲ့သဘောမျိုး။ သူ့နောက်မှာ. . . adj (or) ving (or) noun တွေလာလို့ရတယ်။

ဥပမာ -

- After the teacher's speech, everyone remaind ***silent.*** (adj)
- In spite of their quarrel, they remained ***the best of friends*** (noun)
- When we left the room, he remained ***sitting.*** (ving)
- In the end, he remained ***quiet.*** (adj)

၁၇. ဟိုဟိုဒီဒီကြည့်လိုက်တော့ ဆိုင်းဘုတ်တစ်ခုကိုတွေ့ရတယ်။

When I look around, I ***find*** a singboard.

look ကို noun အနေနဲ့သုံးချင်ရင် have a look ဆိုရင်ရပြီ။

၁၈. ပျဉ်းမနား ဘူတာဆိုတာကို. . ဆိုင်းဘုတ်ကပြောပြတယ်လေ။

The singboard ***tells*** me that it is Pyinmana station.

နောက်ဆုံးမှာရှိတဲ့ that နဲ့ စတဲ့ clause က verb (tells) ကိုအထူးပြုတယ်။

၁၉. ရှက်လိုက်တာ. . မျက်နှာကိုဓါးနဲ့လှီးပစ်လိုက်ချင်တယ်။

I am so shy that I want to cut my face with a knife.

ဒါက so... adj...that ပုံစံပဲ။

၂၀. ရှက်ရှက်နဲ့ပြန်ထိုင်လိုက်တော့. . . ဘေးကလူတွေက ပြုံးစိပြုံးစိနဲ့၊

When I sit again with shyness, some people beside me ***are*** with smiles (are smiling/ come to smile)

www.burmeseclassic.com

www.burmeseclassic.com



ဒီအထဲမှာ clause နဲ့ sentence ကိုမြင်အောင်ကြည့်။ သိထားရမှာက some people (noun) ကို beside me (phrase) က တိုက်ရိုက်ကပ်ပြီးအထူးပြုတယ်။ ဒီနေရာမှာ beside (at the side of ) က preposition ပဲ။ with shyness မသုံးချင်ရင် feeling shy သုံးလိုက်၊ သူ့ကိုရှေ့ဆုံးပို့လို့လည်းရတယ်။

၂၁. ကျွန်မဟာ. . . မမောမပန်းပြေးနေတဲ့ရထားပေါ်မှာ အိပ်ပျော်သွားပြန်တယ်။

Again I fall asleep on the train running without tiredness.

- emphasis လုပ်ချင်တဲ့သဘောနဲ့ again ကိုရှေ့ဆုံးမှာထားတာ၊ သူ့ကို sleep နောက်မှာကပ်ပေးလိုက်လို့လည်း ရတယ်။ the train (noun) ကိုနောက်က phrase (running without tiredness) က အထူးပြုတယ်။ running without tiredness ကိုဖြုတ်ပြီး the tireless running train ဆိုလည်းရတယ်။

၂၂. နောက်ထပ်တစ်ကြိမ်နိုးလာတော့မိုးလင်းတော့မယ်လေ။

When I wake up next time, it is dawn.

ဒီမှာလည်း clause နဲ့ sentence တွေ့ရမယ်။ ဒီလိုလည်းရေးလို့ရတယ်။ At dawn, I wake up next time. သဘောချင်းအတူတူပဲ။ At dawn ဟာ phrase ဖြစ်သွားပြီနော်။

၂၃. ရထားဟာ ဘူတာကြီးတစ်ခုကိုဝင်လာပြန်ပြီ။

The train has ***arrived*** in a big station again.

ဒီမှာ ထူးခြားတာမရှိဘူး။

- arrived (verb) ကို သူ့နောက်မှာရှိတဲ့ phrase ကအထူးပြုတယ်။

၂၄. ဒီတစ်ခါတော့သေချာပြီ၊ ရန်ကုန်မှ ရန်ကုန်ပဲ။

This time, I am sure. Really Yangon. (this is really Yangon)

၂၅. သတိတော့ ထားရမယ်၊ နောက်တစ်ကြိမ်မမှားအောင်ပေါ့၊

I have to be careful not to make a mistake again.

- careful နောက်မှာ not to နဲ့စတဲ့ negative infinitive phrase ရှိတယ်။ mistake ကိုအများကိန်း (plural) သုံးချင်ရင် a- ဖြုတ်ပြီး -s ပေါင်းလိုက်။

www.burmeseclassic.com

www.burmeseclassic.com



၂၆. လက်ထဲမှာ အိတ်တွေကိုင်ထားပြီ အသင့်ဖြစ်နေပြီ။
I am ready with the baggages in my hands.
- ready နောက်မှာ with နဲ့စတဲ့ phrase ရှိတယ်။ ဒီလိုမရေးဘဲ holding the baggage in my hands ဆိုလည်းရတယ်။

၂၇. အဲဒီအချိန်မှာ. . "ပဲခူးဘူတာ". . လို့ တစ်စုံတစ်ယောက်ကပြောသံကြားလိုက်ရတယ်။
At that time I hear someone saying "Pago Station."
- hear....နောက်မှာ say (or) saying လာနိုင်တယ်။ siad မလာနိုင်ဘူး။ ဒီသဘောကို ရှေ့ပိုင်းမှာ ပြောပြီးပြီ။

၂၈. တော်ပါသေးရဲ့. . ဘယ်သူမှအရိပ်မကျလိုက်လို့။
I am lucky that nobody notices me.
အရိပ်မကျတာကို တိုက်ရိုက်ရေးလို့ဘယ်ဖြစ်မလဲ။

၂၉. အဲဒီနောက်တော့ ကျွန်မဟာ တလမ်းလုံးအတွေးထဲမှာ နစ်မျောနေခဲ့တယ်။
Then I have been lost in thoughts along the way.
- ဒီမှာ be lost in thoughts ရဲ့အသုံးကိုသတိထား။

၃၀. အဲဒီအချိန်မှာပဲ. . . လူတွေအားလုံးလိုလို ရထားပေါ်ကဆင်းဖို့ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။
At that time almost all the people start to move on to get off the train.
- move on ဆိုတာ. . နေရာတစ်ခုကစပြီး ရွေ့လျားတာကိုပြောတာ။ get off ကတော့ ကား ရထားစတဲ့ ယာဉ်တွေ ကဆင်းတာမှာသုံးတယ်။

၃၁. သေသေချာချာကြည့်လိုက်တော့. . ရထားကဘူတာတစ်ခုကိုရောက်နေပြီဆိုတာကို သိလိုက်ရတယ်။
When I look carefully, I know that the train has arrived in a station.
- ရှေ့ပိုင်းမှာရှိတာက clause ဖြစ်ပြီး know (verb) ကို that နဲ့ စတဲ့ relative clause ကအထူး ပြုထားတယ်။

၃၂. ရန်ကုန်မဟုတ်တာတော့သေချာတယ်၊ ဘာဖြစ်လို့လည်းဆိုရင် ရန်ကုန်ဘူတာဆိုတဲ့ဆိုင်းဘုတ်မှမတွေ့ရတာ။
This not Yangon indeed beacuse I don't find the singboard of Yangon station.

www.burmeseclassic.com

www.burmeseclassic.com



၃၃. သူတို့က ရန်ကုန်ထင်ပြီး ရထားပေါ်က ဆင်းကြတာ။
They think that they have arrived in Yangon so they get off the train.
so ရဲ့ ရှေ့နဲ့နောက်မှာရှိတာတွေဟာ sentences တွေပဲ၊ clause လုံးဝမပါဘူး။

၃၄. သနားစရာပဲနော်. . .၊ ကျွန်မကတော့ဘာမှမပြောဘဲငြိမ်နေလိုက်တယ်။
What a pity! I am keeping quiet.

၃၅. နောက်ဆုံး. . . ကျွန်မတစ်ယောက်တည်းခုံပေါ်မှာထိုင်လို့၊ ဘယ်သူမှလည်းမရှိကြတော့ဘူး။
Finally I am on the seat alone. No one is around me.

၃၆. အဲဒီနောက်ရဲသားတစ်ယောက်ရောက်လာပြီး မေးတယ် "မင်းဘာလုပ်နေတာလည်း"။
Then a police comes and says, "What are you doing?"

၃၇. "ရန်ကုန်သွားမလို့"
"I'm going to Yangon."

၃၈. "သေလိုက်ပါတော့. . . ဒါရန်ကုန်လေ. . "
"Oh my God, this is Yangon."

၃၉. ဒါကြောင့် ကျွန်မလည်းအထုပ်တွေထားပြီးရှက်ရှက်နဲ့ တကျိုးတည်းလစ်တော့တာပဲ။
I, therefore, rush out with shyness leaving the baggages.

၄၀. မဖမ်းလိုက်တာကိုပဲ. . . သူ့ကိုကျေးဇူးတင်ရမှာ။
I have to thank him for not placing me under arrest.

- arrest ကို noun လိုသုံးထားပုံကို မှတ်ပါ။

ဥပမာ - He is under ***arrest.*** (n)
Detectives place him ***under*** arrest. (n)

၄၁. "ဘယ်သူ့မှမပြောနဲ့နော်. . ဆရာ"
"Keep it secret, Saya."

www.burmeseclassic.com

www.burmeseclassic.com





(၃) "မာလာပါတယ်"
(Marlar getting off)

၁. ဧရာဝတီတိုင်း . . ရွာကလေးတစ်ရွာက ကိုဘထွန်းတစ်ယောက် . . ရန်ကုန်ကိုရောက်လာတယ်။

Ko Ba Tun from a small village in Ayeyawaddy Division came to Yangon.

- verb (came) ရဲ့ ရှေ့မှာရှိတာအားလုံး subject ပဲ။ Ko Ba Tun ရဲ့နောက်မှာရှိတဲ့ phrases တွေအား လုံးဟာ . . . သူ့ကိုအထူးပြုတယ်။ နောက်ဆုံးမှာရှိတဲ့ phrase (to Yangon) ကတော့ verb (came) ကို အထူးပြုတယ်။ adverb phrase ပဲပေါ့။

၂. သရက်တောကျောင်းတိုက်မှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ တည်းတယ်။

He stayed at a monastery in Thayettaw Monastery Compound.

- verb (stayed) နောက်မှာ adverb phrase ရှိတယ်။ အဲဒါကိုထပ်ပြီးအသေးစိတ် (analysis) လုပ်ကြည့်လိုက်မယ်ဆိုရင် နှစ်ခုဖြစ်လာမယ်၊ at a monastery နဲ့ . . . သူ့နောက်က phrase တစ်ခုတွေ့ရမယ်။ နှစ်ခုလုံးနေရာပြ (places) တွေပဲ။ ပိုပြီးအသေးစိတ် (တိကျ)တဲ့ phrase ကိုအရင်ရေးရတယ်။

၃. တနေ့တော့ ကိုဘထွန်းဟာ . . . ဟိုဟိုဒီဒီလျှောက်သွားရင်းနဲ့ ဘုန်းကြီးကျောင်းအနားမှာရှိတဲ့ ဘတ်စ်ကားမှတ်တိုင် တစ်တိုင်ကိုရောက်လာတယ်။

One day Ko Ba Tun walked around and got to a bus-stop near the monastery.

ဒီမှာနှစ်ကြောင်းကို and နဲ့ဆက်ပြီးရေးထားတယ်။ ဘာမှခက်တာမရှိဘူး . . . ။နောက်က တစ်ကြောင်းမှာ . . . and နောက်က subject ကိုဖြုတ် (omit) ထားတယ်။ နောက်တစ်မျိုး . . . .

Walking around, one day, Ko Ba Tun got to a bus-stop near the monastery.

ဒီမှာကျတော့ Ko Ba Tun ရှေ့မှာရှိတာ sentence မဟုတ်တော့ဘူး၊ clause ဖြစ်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



၄. ကိုဘထွန်းဟာ အဆက်မပြတ်သွားလာနေတဲ့ ရန်ကုန်က ကားတွေကို တအံ့တဩကြည့်နေမိတယ်။

In surprise, Ko Ba Tun was having a look at the endless flow of cars in Yangon.

- verb (was having look) ရှေ့မှာ subject ပဲရှိမယ်။ နောက်မှာရှိတာက adverb phrase၊ ရှေ့ဆုံးကိုရောက်နေတဲ့ phrase (in surprise) ဟာ အထူးပြုချင်လို့ ရှေ့ဆုံးကိုရောက်နေတာ။ ရှေ့ဆုံးမှာရောက်နေလို့.. တစ်ကြောင်းလုံးကို အထူးပြုတယ်။ တကယ်ကျွမ်းကျင်လာရင်တော့ သူ့ကိုsubject (or) verb တွေရဲ့ နောက်ကိုပို့လိုက်ရင်ကော်မာနဲ့ပို့ပေးရမယ်။

၅. ဒီလိုနဲ့... ကိုဘထွန်းဟာ... ဒီကားတွေ ဘယ်ကိုများသွားနေသလဲဆိုတာကို သိချင်လာတယ်။

Later Ko Ba Tun wanted to know where the cars were going.

- verb (wanted to know) ရဲ့နောက်မှာရှိတာက.. သူ့ကိုအထူးပြုတဲ့ clause ပဲ ၊ adverb clause လို့ခေါ်တယ်။ သဘောပေါက်အောင်ကြည့်။

၆. ကိုဘထွန်းဟာ ကမန်းကတန်းနဲ့ ကားတစ်စီးပေါ်ကို တက်လိုက်တယ်။

Ko Ba Tun got on a bus in a hurry.

၇. ကားပေါ်မှာတချို့လူတွေက မတ်တတ်ရပ်ပြီး... တစ်ချို့ကထိုင်ခုံတွေပေါ်မှာထိုင်လို့....။

On the bus some people were standing and others sitting on the seats.

- on the bus ကို နောက်ဆက်ပို့ချင်လည်းရတယ်။ စာကြောင်းနှစ်ကြောင်းကို and နဲ့ဆက်ထားတယ်။ ဒုတိယစာကြောင်းမှာ were ဖြုတ်ထားလို့ ကယ်။

၈. လွတ်တဲ့ထိုင်ခုံတော့ မရှိဘူးပေါ့။

No seat was vacant. (or)

There was no seat vacant. (or)

There was no vacant seat.

- vacant (adj) ရဲ့နေရာအထားအသို (position) ကိုသဘောပေါက်အောင်ကြည့်။

၉. ဘယ်ရမလဲ... ကိုဘထွန်းက ဘယ်သူမှမထိုင်ရသေးတဲ့ကြမ်းပြင်ပေါ်မှာ အရင်ဆုံးထိုင်ချလိုက်တယ်။

No problem, Ko Ba Tun first took a seat on the floor which nobody sat on yet.

- verb (took a seat) ရဲ့နောက်မှာ သူ့ကိုအထူးပြုတဲ့ phrase ရှိတယ်။ အဲဒီအထဲမှာ floor (noun) ကိုအထူးပြု တဲ့... where နဲ့ စတဲ့ adjective clause ပါလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၀. ဘေးကလူတွေကတော့ ပြုံးစိ. . ပြုံးစိနဲ့ပေါ့. . .၊
The people beside were with half smiles.

၁၁. "ဟေ့လူ. . မထိုင်ရဘူးလေ" . . . လက်မှတ်ရောင်းကအော်လိုက်တယ်။
"Hey man, don't sit," shouted the conductor.
- ကားပေါ်မှာလက်မှတ်ရောင်းတဲ့လူကို conductor သုံးပါ။

၁၂. ဒီတော့မှ. . . မထချင်ထချင်နဲ့. . . ကိုဘထွန်း. . ပြန်ထလိုက်ရတယ်။
Then unwillingly Ko Ba Tun stood up again.
- ဒီမှာ unwillingly အစား uneasily သုံးလို့ရတယ်။

၁၃. နည်းနည်းတော့ရှက်တာပေါ့.
He felt a little shy.

၁၄. ဘတ်စ်ကားဟာ. . . မှတ်တိုင်တွေကို ဖြတ်ပြီးရင်း ဖြတ်ရင်းပဲ။
The bus passed one bus-stop after another.

၁၅. ညာဘက်အခြမ်းမှာ ဝင်းလက်ပြီးမြင့်မားလှတဲ့ ဘုရားကြီးတစ်ဆူတွေ့လိုက်ရတယ်ဆိုရင်ပဲ. . . (မဆုံးသေးဘူးနော်)
When he witnessed a brilliant and high pagoda on the right side, .... (side မပါလည်းရပါတယ်)

၁၆. မမျှော်လင့်ဘဲ. . . ကိုဘထွန်းရဲ့ပါးစပ်က အသံထွက်သွားတယ်. . . . . "အမယ်လေး. . ကြီးလိုက်တဲ့ဘုရား"
Unexpectedly he pronounced, "What a big pagoda!"

၁၇. ကားပေါ်က လူတွေက ရယ်ကြတာပေါ့။
The people on the bus let out a laugh.
- laugh ကို noun လို့သုံးတော့ verb လိုလာပြီ. . . အဲဒါ let out or give သုံးလို့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၈။ အဲဒါ ရွှေတိဂုံဘုရားဆိုတာတော့. . . သူမသိလိုက်ဘူး။
He didn't know that it was the Shwedagon Pagoda.

၁၉။ အဲဒီနောက် ကားဟာ လှည်းတန်းမီးပွိုင့်ကိုရောက်လာပြီ။
Atfer that the bus reached Hledan traffic-light.

- ဒီမှာလည်း verb (reached) နောက်ကလာတဲ့ phrase ကိုတွေ့ရမယ်။ traffic-light ကို အမေရိကန်က တော့ stop-light လို့သုံးတယ်။

၂၀။ မကြာခင်မှာပဲ. . . သန့်သန့်ပြန့်ပြန့်ဝတ်စားထားတဲ့ စတိုင်ကျကျကောင်မလေးတစ်ယောက်က. . . ကိုဘထွန်း အနားကိုရောက်လာတယ်။
Shortly after, a well-dressed smart girl came near Ko Ba Tun.

- ဒီမှာ smart မသုံးချင်ရင် stylish သုံးလို့လည်းရတယ်။

၂၁။ ကောင်မလေးက ခပ်ချောချောဆိုတော့ လူပျိုကြီးကိုဘထွန်း မျက်တောင်ခတ်ဖို့ မေ့သွားတယ်။
As she was beautiful, Ko Ba Tun, a bachelor, forgot to blink.

ရှေ့ဆုံးမှာ ကော်မာခံပြီးရေးထားတာက clause ပဲ။ အဲဒါကိုနောက်ဆုံးပွိုင့်လိုက်လို့လည်းရတယ်။ နောက်ပြီး. . . ရှေ့မှာရှိတဲ့ စကားလုံးကိုအထူးပြုချင်လို့ a bachelor ကို. . ကော်မာနှစ်ခုနဲ့ခံပြီး ရေးထားတာ၊ noun-in-apposition ပုံစံလို့ခေါ်တယ်။

၂၂။ တစ်ချိန်တည်းမှာ ကောင်မလေးက "မာလာပါတယ်" လို့အော်လိုက်တယ်။
At the same time the girl shouted, "I'm getting off at Marlar."

၂၃။ ကားမောင်းသမားက ရပ်ပေးလိုက်လို့. . ကောင်မလေးက ဆင်းသွားတာပေါ့။
As the driver stopped the car, the girl got off.

၂၄။ မာလာဆိုတဲ့ကောင်မလေးက. . သူ့နာမည်ကိုပြောပြီးဆင်းသွားတယ်လို့ ကိုဘထွန်းထင်လိုက်မိတယ်။
Ko Ba Tun thought that the girl, Marlar, said her name and got off.

- ဒီမှာလည်း Marlar ကို ကော်မာနဲ့သုံးထားပုံကိုသတိပြု။

www.burmeseclassic.com

www.burmeseclassic.com



၂၅. အမှန်တော့. . အဲဒီဘတ်စ်ကားမှတ်တိုင်နာမည်က "မာလာ"တဲ့။

In fact, the name of the bus-stop is Marlar.

၂၆. ကိုဘထွန်းက ဒီလောက်တုန်းတဲ့လူမှ မဟုတ်တာ။

Ko Ba Tun was not such a stupid guy (one).

- one ဆိုတဲ့စကားလုံးဟာ. . . လူရော၊ ပစ္စည်းတွေအတွက်ပါ အစားသုံးနိုင်တယ်။

၂၇. ဘတ်စ်ကား. . မှတ်တိုင်မရှိတဲ့ အင်းယားကန်နားရောက်လာတဲ့အခါ ကိုဘထွန်း အော်လိုက်တာကြောင့် ကား တစ်စီးလုံး အူနှိပ်နေကြရတယ်။

When the bus came near Inya Lake with no bus-stop, all the bus was full of laughter.

အူနှိပ်တယ်ဆိုတာ. . . အရမ်းရယ်ကြတာကိုပြောချင်တာ၊ တိုက်ရိုက်ပြန်လို့ဘယ်ရမလဲ။ ကော်မာရဲ့ရှေ့ပိုင်းမှာရှိတာက clause နော်. . ၊ သူ့ကိုနောက်ဆုံးပို့လို့လည်းရတယ်။ with no bus-stop ဆိုတဲ့ phrase ဟာ သူ့ရှေ့က noun (lake) ကိုအထူးပြုတယ်။ ဒါကြောင့် adjective phrase ဖြစ်သွားပြီ။ lake which has no bus-stop ဆိုလည်းရတယ်။

၂၈. ကိုဘထွန်း ထပ်ခါ. . . ထပ်ခါအော်လိုက်တာကတော့. . . "ဘထွန်းပါတယ်. . . ဘထွန်းပါတယ်. . . ဘထွန်း ပါတယ်"

What Ko Ba Tun shouted repeatedly was....."Ba Tun's getting off....Ba Tun's getting off .......Ba Tun's getting off......"


၂၉. ကားကတော့လမ်းပေါ်မှာ ပြေးလို့ကောင်းတုန်း. . . .

The bus was still running without stop on the road.

- verb (running) နောက်မှာ အထူးပြုတဲ့ phrases နှစ်ခုရှိတယ်။ without stop နဲ့. . . . on the road. နှစ်ခုစလုံး adverb phrases တွေပဲ။ ရှေ့က manner .......နောက်က place ......သဘောပေါက် အောင်ကြိုးစား။

www.burmeseclassic.com





## Section Six
## Translation

စာတတ်ရုံနဲ့ စာရေးလို့မရပါဘူး. . ၊ ပြေပြေပြစ်ပြစ် ချောချောမောမောဖြစ်ဖို့ဆိုတာ ထင်သလောက်မလွယ် ဘူး။ ပြေပြေပြစ်ပြစ် ရေးတတ်ရုံနဲ့လည်း. . ရသမြောက်အောင်ရေးဖို့ မဖြစ်သေးဘူး။ ဒီလိုသာဖြစ်မယ်ဆိုရင် မြန်မာစာ ဆရာတွေဟာ. . စာရေးဆရာတွေ ဖြစ်ကုန်ကြမှာပေါ့။ စာပေအရေးအသား ပိုင်နိုင်တဲ့အပြင် ပါရမီရှိဖို့နဲ့. . အတွေးအခေါ်၊ အတွေ့အကြုံ ရှိဖို့လိုပါတယ်။ ဒါ. . . မြန်မာလူမျိုးတွေ အတွက်. . မြန်မာစာရှုထောင့်က ပြောတာ။ အင်္ဂလိပ်စာဆိုရင်တော့ စဉ်းစားသာကြည့်ပေတော့. . ။

မသိသေးသူတွေ ခံစားနိုင်အောင်လို့. . . ကိုယ်တိုင် မြန်မာ - အင်္ဂလိပ် နှစ်ဘာသာနဲ့ ရေးသားထုတ်ဝေခဲ့တဲ့ အထဲက ဘာသာပြန်ပုံတချို့ကို အမြည်းသဘောလောက်ပေးလိုက်မယ်. . . ။

***မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ကိုယ်တိုင်ရေးသားထုတ်ဝေခဲ့တဲ့ "နေမှာနွမ်းတဲ့ အကြွေပန်း" "Sun-withered fallen flower" ထဲက စာသားလေးတွေကို အရင်ဆုံးကြည့်ရအောင်. . . .***

- ပြောရက်လိုက်တာ. . . .

  မိန်းမမာယာ ကုဋေကုဋာတဲ့လား. . . ၊ ယောကျ်ားမာယာ . . . စကြာဝဠာ အနန္တ. . . နိုင်းမရသေး. . . ကုဋေနောက်က သုည. . . သုညပြီးတော့. . သုည၊ သုညပေါင်းသံသရာ. . . ဒါတောင် ကျန်ဝါသေး. . . . . မေတ္တာဆိုတာ ဝေးပေါ့ . . . . ၊ ပန်းဆိုတာအလှ. . . သဘာဝကိုပြောရရင်. . . ပန်းတကာ့ထိပ်တင်. . . ဝန်းဘုရင်က အစ. . . အနမ်းခံဘဝ အလှရှိစဉ်သာ ခူးချင်ကြတာ . . . ၊ အချိန်တန်လို့. . . အကြွေမလှ. . . ကြွေခရတဲ့ အကြွေပန်း . . . ဘယ်သူကနမ်းတော့ မှာလဲ. . . ၊
- ပင်ပေါ်ကဆင်း၊ မြေမှာစင်းရ အနင်းခံဘဝ၊ နောက်ဆုံး တော့. . . အမှိုက်သာအဖော်ပြု ပြာသင်္ချိုင်းရှုရတဲ့အမြင် . . . ၊ ဘဲဒါပန်းရဲ့ နိယာမ. . . သင်္ခါရဆိုတာ. . . နောင်မှသိ တော့. . . နောင်တပေါ့. . .
- ပန်းရဲ့အဆင်း. . . သင်းတဲ့ရနံ့. . . ဆွတ်ပျံ့ဘွယ်အား လုံး. . . အသုံးတော်ခံသက်သက်ပဲ မဟုတ်လား။ ညှာတံတိုင်မျိုး . . . နိုးတံကိုဖြတ်. . ပွင့်ဖတ်ကိုချေ. . ကြွေပစ်လိုက်တာ ဝတ်မှုံ. . အားလုံးကိုချွတ်ခြုံတချ. . . ဘယ်မှာလည်း ပန်းရဲ့ အလှ. . .

www.burmeseclassic.com



မပျောင်တဲ့ည. . မမှားတဲ့သူ. . မပူတဲ့နေ. . . မကြွေတဲ့ပန်း. . . မလွမ်းတဲ့ငှေ့. . . မသေတဲ့ကျား. . . မနားတဲ့ငှက် . . မနက်တဲ့သမုဒ္ဒရာ. . . တကယ်သာရှိခဲ့ရင်. .

◆ ဪ အခုတော့လည်း

နေညိုလည်းရောက်. . ခြေရာပျောက်၊ . . . ရေကြည် လည်းနောက်. . . ကြာလည်းချောက်၊ . . . ဘဝမှောက်ခဲ့ရတဲ့ . . . မရဏာလမ်းမှ. . . ပန်းမမရဲ့အဖြစ်. . . .

ဘဝဆက်ဆက်. . . ပန်းမဖြစ်ရပါစေနဲ့လို့သာ. . .။

**ထဲ..ဘာသာပြန်ကြစယ်...**

◆ ပြောရက်လိုက်. . . မိန်းမမာယာ ကုဋေကုဋာ တဲ့လား. . .

မာယာ - guile; wiles ; pretence

ကုဋေကုဋာ - thousands of

How dare you say...?

A woman has thousands of wiles?

◆ ယောကျ်ားမာယာ. . . စကြာဝဠာအနန္တ. . . နှိုင်းမရ ၊သင်္ချေ. . . ကုဋေနောက်က သုည. . . သုညပြီးတော့. . သုည၊ သုညပေါင်းသံသရာ. . . ဒါတောင် ကျန်ပါသေး. . . မေတ္တာဆိုတာဝေးပေါ့။

| | |
|---|---|
| ယောကျ်ားမာယာ | - guile of man |
| စကြာဝဠာ | - universe |
| အနန္တ | - (be) countless ; boundless ; endless |
| နှိုင်းမရ | - (be) unable to be compared ; unique ; unrivalled |
| အသင်္ချေ | - countless |

ဒါတွေချရေးကြည့်မယ်. . . .

◆ The guile of man is boundless, like the universe, countless and unable to be compared. Zero after a billion, zero after zero, cycle of zeros. Then it still remains. Love is still far away. ( love remains away / remains out of reach ဆိုလည်းရတယ်)

နောက်တစ်ပိုဒ်. . . .

◆ ပန်းဆိုတာအလှ. . သဘာဝကိုပြောရရင်. . . ပန်းတကာ့ ထိပ်တင် . . . ပန်းဘုရင်ကအစ. . . အနမ်းခံဘဝ. .၊ အလှရှိစဉ်သာ ဦးချင်ကြတာ. . .

www.burmeseclassic.com

www.burmeseclassic.com



ပန်းဘုရင် =king of flowers
အနမ်းခံ - to be kissed ; to receive kiss
ခူး - pluck ; pick

♦ A flower is a beauty. Should I say its nature, a flower, including king of flowers which is a superior one, is to be kissed . It is wanted to be picked only when it has beauty.

ကြည့်လိုက်ဖုံး. . . .

အချိန်ကျလို့. . . အခြေမလှ. . . ခြေခရတဲ့ အကြွေပန်း. . . ဘယ်သူကနမ်းတော့မှာလဲ. . .

အချိန်ကျ -when time comes
အခြေမလှ - with the beauty faded
ခြေခ - drop onto the ground
အကြွေပန်း - fallen flower

ဒါတွေရေကြည့်လိုက်. . . .

♦ When time comes,with the beauty faded, it has to drop onto the ground. Then nobody will kiss a flower fallen.

♦ ပင်ပေါ်ကဆင်း. . ခြေမှာဝင်းရ. . အနင်းခံဘဝ နောက်ဆုံး တော့. . . အရှုံးကိုသာအဖော်ပြု ပြုသမျှနရပဲ အဖြစ်. . .

ပင်ပေါ်ကဆင်း - drop from the tree
- get down from the tree
မြေမှာဝင်း - lie on the ground
အနင်းခံ - to be pressed ( stepped)
အရှုံးကိုအဖော်ပြု - with failures
ပြုသမျှနရ - has to be contened with whatever it is

♦ It drops from the tree, lies on the ground, and is to be pressed and finally has to be contented with whatever it is, with failures.

www.burmeseclassic.com

www.burmeseclassic.com



- အဲဒါပန်းရဲ့ နိယာမ. . . သင်္ခါရဆိုတာ. . . နောင်မှသိ တော့. . . နောင်တပေါ့. . .

ပန်းရဲ့နိယာမ - law of flower, natural of flower
သင်္ခါရ - impermanence
နောင်မှသိ - know late
နောင်တ - regret

- It is law of flower, impermanence. I came to kr iow it late and felt regret.

နောက်တစ်ကြောင်း. . .

- ပန်းရဲ့အဆင်း. . . သင်းတဲ့ရနံ့. . . ဆွတ်ဖွံ့ဆွယ်အားလုံး. . အသုံးတော်ခံသက်သက်ပဲ မဟုတ်လား. .၊

ပန်းရဲ့အဆင်း - beauty of flower
- colour of flower
သင်းတဲ့ရနံ့ - sweet smell
- fragrant smell
ဆွတ်ဖွံ့ဆွယ်အားလုံး - all the reptures
အသုံးတော်ခံ - to be enjoyed; for enjoyment

Beauty of flower, sweet smell and all the raptures are only for enjoyment.

ညှာတံကိုချိုး. . . နီတံကိုဖြတ်. . ပွင့်ဖတ်ကိုချေ. . ခြွေပစ်လိုက်တာ ဝတ်မှုံ. . . အားလုံးကုန်ချွတ်ခြုံကျ . . . ဘယ်မှာလည်းပန်းရဲ့ အလှ. . . .

ညှာတံ - pedicel ; stalk ( flower stalk)
နီတံ - stem ; stalk
ချိုး - break
ဖြတ် - cut
ပွင့်ဖတ် - sepal
ချေ - crush
ခြွေ - strip ; pluck
ဝတ်မှုံ - pollen
အားလုံးကုန် - lose all ; lose everything; nothing left
ချွတ်ခြုံ - (be) down ; (be) down in life.

www.burmeseclassic.com

www.burmeseclassic.com



ရေကြည့်လိုက်. . .

- With the pedicel broken, cut the stalk, crushed the sepal and stripped the pollen, it lost all and was down. Where is the beauty of flower?

မမှောင်တဲ့ည. . မမှားတဲ့သူ. . မပူတဲ့နေ. . . မကြွေတဲ့ပန်း. . . မလွမ်းတဲ့နွေ. . . မသေတဲ့ကျား . . . မနားတဲ့ငှက်. . . မနက်တဲ့သမုဒ္ဒရာ. . . တကယ်သာရှိခဲ့ရင်. .

- The night which is never dark, one who never makes a mistake, the sun that never shines, the flower that never falls, the summer that never yearns for, the tiger that never dies, the bird that never sits, the ocean that is not deep – if they really exist,.......

နောက်ဆုံးတစ်ပိုဒ်. . . .

- ဪ ဘဝခုတော့လည်း

နေညိုလည်းရောက်. . ခြေရာပျောက်၊ . . . ရေကြည်လည်းနောက်. . . ကြာလည်းခြောက်၊ . . . ဘဝမှောက်ခဲ့ရတဲ့. . . မရဏာလမ်းမှ. . . ပန်းမမရဲ့အဖြစ်. . . .

ဘဝဆက်ဆက်. . . ပန်းမဖြစ်ရပါစေနဲ့လို့သာ. . . ။

စကားလုံးလေးတွေရွေးမယ်. . . .

| | |
|---|---|
| ခြေရာ | - footprint ; foot- pad |
| ရေကြည် | - crystal clear water |
| ကြာ | - water- lily ; lotus |
| နောက် | - be muddy ; get muddy |
| ခြောက် | - dry ; dry up |
| မှောက် | - overturn |
| မရဏာလမ်း | - the way to death |
| ဘဝဆက်ဆက် | - in every existence |
| | - life after life |

**With the sun almost sets,**

With the sun almost set, the footprint is lost. The crystal clear water is getting muddy; the water-lily also dries up. My life as a flower, on the way to death, has overturned.

I have to wish not to be a flower life after life.

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပုဒ်. . . .

♦ မကြေညာလိုပေမဲ့. . . မနေသာတော့လို့. . . ဝေဒနာရဲ့ အကျဉ်းသား ဖြစ်ခဲ့ရပြီလေ. . ။အပြောကျယ်တဲ့. . . ချစ်ပရိယာယ်သဘော. . . ညက် ညက်ညောတဲ့. . . မာယာတောက. . . နွေ၊ နာစရာရှိရင်. . . လွမ်းစရာနဲ့ဖြေ. . . လွမ်းစရာရှိပြန်တော့. . . နာစရာနဲ့ဖြေ. . . တဲ့. . . .

♦ ကြွေနေတဲ့အသဲ. . . နွေကလွဲရင်. . . ဘယ်သူများ ဖြေပေးနိုင်မှာလဲ. . .|အချစ်ရဲ့အထာကို. . . သဘာနဲ့ လှည့်စားလိုက်တာများ . . . လောကသားတို့. . . ဩချလောက်ပေရဲ့ညို့ဟန်ပါပါ. . မာယာမျက်လုံး၊ မရေမရာ. . . ကုဋေကုဋာ အပြုံး. . . .၊ အနှစ်မပါ. . . အကာသာဖုံး၊ အချစ်မပါ. . . ဗလာ အသဲနှလုံး. . .၊ အို. . . အားလုံး. . . အားလုံး . . မင်းရဲ့ပညာ. . ဒါအကုန်ပဲလား. . .

♦ ဒီကရင်မှာ. . . နွေကန္တာလို. . . ပူလောင်ပြင်းပြ. . . နေဆယ်စင်းမက. . . . နွမ်းနွမ်းလျလျ. . အချစ်ရဲ့သားကောင် ဖြစ်ခဲ့ရ. . . .

♦ မိုးကောင်းကင်အောက်. . . ကြယ်ကြွေကောက်သလို. . ၊ပန်းကြွေပျောက်ရှာမိတာက. . . သစ်ခြောက်ပင် အောက်မှာ. . .။ ပန်းဗေဒါရလိုဇောနဲ့. . . . မောခဲ့ရတာ. . . တောင်ထိပ်ပေါ်. . .၊ အိပ်မပျော်တိုင်းရေးရတဲ့. . . ကာရံမဲ့ကဗျာ. . .

အို. . . ဒါတွေ. . . . ဒါတွေ. . .

♦ မင်းဟာလေ. . နွေဆိုမှ. . . နွေ. ။ပေးခဲ့တာ. . . ကြွေ တော့မဲ့ပန်း. . .၊ ကြွေမှာမို့. . . မလန်း. . . မလန်းတော့ . . . နွမ်း၊ နွမ်းရာမှဝေ. . ဝေရာမှကြွေ. . .၊ကြွေရာမှကြေ. . .၊ကြေသမျှအားမရ လို့. . . နောက်ဘဝအထိ ဒုက္ခပေးဦးမှာလား. . . ။လိုက်လေ. . . ဝေးလေ. . . တွေးလေ. . . ဆွေးလေ . .၊ ဝဋ်ကြွေးရှိရင်. . . ပြေပါစေတော့ . . . နွေဘယ်လိုမုန်း. . အပြုံး မပျက်. . . နောက်ဆုံးထွက်သက်ထိ. . . .

ဘာသာပြန်ပုံကိုကြည့်ရအောင်. . .

♦ မကြေညာလိုပေမဲ့. . . မနေသာတော့လို့. . . ဝေဒနာရဲ့ အကျဉ်းသား ဖြစ်ခဲ့ရပြီလေ. . .

ကြေငြာ - announce; declare

မနေသာ - (be) uncomfortable; uneasy

အကျဉ်းသား - prisoner

ဝေဒနာရဲ့အကျဉ်းသား - lovesick prisoner

♦ Even though not wishing to declare, I have to be a lovesick prisoner as I felt uncomfortable

♦ အပြောကျယ်တဲ့. . . ချစ်ပရိယာယ်သဘော. . . ညက် ညက်ညောတဲ့. . . မာယာတောက. . . နွေ၊

အပြောကျယ် - (be) wide; vast; broad; spacious

အချစ်ပရိယာယ် - love trick

www.burmeseclassic.com

www.burmeseclassic.com



ညက်ညက်ညော - know thoroughly; assimilate

မာယာတော - too much pretence

- being filled with wiles

♦ Nway with too much pretence, who knows broad love trick thoroughly.

♦ နာစရာရှိရင် . . . လွမ်းစရာနဲ့ဖြေ . . . လွမ်းစရာရှိပြန် တော့ . . . နာစရာနဲ့ဖြေ . . . တဲ့ . . .

နာစရာ - pain; suffering; feeling bitter

လွမ်းစရာ - grief; yearning

ဖြေ - relieve ; set free; soothe

♦ Some say "Relieve suffering with yearning and relieve yearing with suffering.

♦ ကြွေနေတဲ့အသဲ . . . နွေကလွဲရင် . . . ဘယ်သူများဖြေ ပေးနိုင်မှာလဲ . . .

ကြွေနေတဲ့အသဲ - broken heart

လွဲရင် - apart from; except

♦ Who, expect Nway, will soothe my broken heart.

♦ အချစ်ရဲ့အထာကို . . . သဘာနဲ့ လှည့်စားလိုက်တာများ . . . လောကသားတို့ . . . အံ့ချီးလောက်ပေရဲ့ . . .

အချစ်ရဲ့အထာ - nature of love, love nature

သဘာ - experience

လှည့်စား - deceive; play a trick ; guile (n)

လောကသား - people; wordly people;

- human being

အံ့ချီးလောက် - (be) greatly amazing , astonishing

♦ Deceiving love nature with experience is greatly amazing.

♦ ညှို့ဟန်ပါပါ . . မာယာမျက်လုံး၊ မရေမရာ . . . ကုဋေကုဋာ အပြုံး . . . ၊ အနှစ်မပါ . . . အကာသာဖုံး၊ အချစ်မပါ . . . ဗလာ အသဲနှလုံး . . . ၊ဟို . . . အားလုံး . . . အားလုံး . . . မင်းရဲ့ပညာ . . . ဒါအကုန်ပဲလား . . .

ညှို့ - charm; fascinate

( n= fascination)

www.burmeseclassic.com

www.burmeseclassic.com



ညှို့ဟန်ပါပါ - fascinating (adj)
မာယာမျက်လုံး - cunning eyes; tricky eyes
မရေမရာ - ridiculous
ကုဋေကဋာအပြုံး - thousands of smiles
အနှစ်မပါ - without heartwood; no heartwood
အကာသာဖုံး - only sapwood
- covered with sapwoop
ဗလာ - bare; blank; nothing
ဗလာအသဲနှလုံး - bare heart
ပညာ - knowledge; education; wishom; art

♦ Fascinating tricky eyes. Thousands of ridiculous smiles. Only sapwood but no heartwood. Bare heart, without love. Oh.... all....all....
That's all your art?

♦ ဒီကရင်မှာ. . . နွေကန္တာလို. . . ပူလောင်ပြင်းပြ. . . နေဆယ်စင်းမက. . . . နွမ်းနွမ်းလျလျ. . အချစ်ရဲ့သားကောင် ဖြစ်ခဲ့ရ. . . .

နွေကန္တာလို - like a summer desert
ပူလောင်ပြင်းပြ - (be) hot intensely
နေဆယ်စင်းမက - more than ten suns
နွမ်းနွမ်းလျလျ - (be) enervated, (be) exhausted
အချစ်ရဲ့သားကောင် - prey of love

♦ My heart is enervated and intensely hot more than ten suns together like a summer desert and I was the prey of love.

♦ မိုးကောင်းကင်အောက်. . . ကြယ်ကြွေကောက်သလို. . ၊ပန်းကြွေပျောက်ရှာမိတာက. . . သစ်ခြောက်ပင်အောက်မှာ. . . ပန်းပေဒါရလိုဇောနဲ့. . . . မောခဲ့ရတာ. . . တောင်ထိပ်ပေါ်. . .၊ အိပ်မပျော်တိုင်း ရေးရတဲ့. . . ကာရံမဲ့ကဗျာ. . . .

အို. . . ဒါတွေ. . . . ဒါတွေ. . .

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင် • sky
ကြယ်ကြွေ • falling star ; droppoing star
ကောက် • collect; gather ; pick up
ပန်းကြွေပျောက် • missing fallen flower
သစ်ခြောက်ပင် • dry tree
ပန်းဗေဒါ • water hyacith
ရလိုဇော • keen desire to get
မော • (be) worn-out (tried)
ကာရန်မဲ့ကဗျာ • free verse

♦ It was like a guy collecting fallen stars under the sky. I had searched for a missing fallen flower under a dry tree. I was worn-out at the top of the mountain with keen desire of getting a water hyacinth. It is a free verse written whenever I can't sleep.

Oh, ........ these are......

♦ မင်းဟာလေ. . နွေဆိုမှ. . . နွေ. . ပေးခဲ့တာ. . . ကြွေတော့မဲ့ပန်း. . . ကြွေမှာမို့. . . မလန်း. . . မလန်းတော့. . . နွမ်း။ နွမ်းရာမှဝေ. . ဝေရာမှကြွေ. . .၊ကြွေရာမှကြေ. . .၊ကြေသမျှအားမရ လို့. . . နောက်ဘဝအထိ ဒုက္ခပေးဦးမှာလား. . .

ကြွေတော့မဲ့ပန်း • the flower going to drop
မလန်း • (be) not fresh
နွမ်း • wilt, wither
ဝေ • (be) hazy
ကြေ • (be) crushed; (be) shattered; break into pieces
ကြေသမျှအားမရ • (be) not satisfied with crushing
နောက်ဘဝအထိ • till next life; up to the next existence
ဒုက္ခပေး • trouble,give trouble

♦ You are real summer.

The flower you gave me was going to drop. It, therefore, was not fresh. Then withered so that it was hazy, and then it fell down and was crushed. Would you like to trouble me till next existence as you are not satisfied with crushing.

www.burmeseclassic.com

www.burmeseclassic.com



◆ လိုက်လေ. . . ဝေးလေ. . . တွေးလေ. . . ဆွေးလေ . . .ဝင့်ကြွေးရှိရင်. . . ပြေပါစေတော့. . .၊ နွေဘယ်လိုမုန်း. . အပြုံး မပျက်. . . နောက်ဆုံးထွက်သက်ထိ. . . .

| | |
|---|---|
| လိုက် | - follow; chase ; hunt ; run after |
| ဝေး | - (be) far , (be) distant |
| တွေး | - think ; consider |
| ဆွေး | - grieve; (be) broken heart |
| ဝင့်ကြွေး | - atonement |
| ဘယ်လိုမုန်း | - however (you) hate ; despite hatred |
| အပြုံးမပျက် | - with smile |
| နောက်ဆုံးထွက်သက်ထိ | - till my life ends |
| | - as far as I am alive |

◆ The more I hunt, the farther you are. The more I think, the more I grieve. May I release my atonement if I have. However Nway hates, I'll be with smiles till my life ends.

*နောက်ဆုံးအနေနဲ့. . . မြန်မာအင်္ဂလိပ်နှစ်ဘာသာနဲ့ ထုတ်ဝေခဲ့တဲ့ "နတ်သျှင်နောင်နဲ့ ရာဇဓါတုကလျာ" သမိုင်းဖြစ်ရပ်မှန်ဝတ္ထု ထဲက နတ်သျှင်နောင်နဲ့. . ရာဇဓါတုကလျာတို့ရဲ့ . . ပထမဆုံးတွေ့ဆုံကြပုံ အခန်း. . ဘာသာပြန်ပုံကိုကြည့်ကြရအောင် . . . .*

အိမ်ရှေ့မင်းဥပရာဇာ ကျဆုံးရရှာသော စီးချင်းထိုးပွဲတွင် အနီးကပ်ပါဝင်ခဲ့သည့် မင်းသားနတ်သျှင်နောင်သည် ဥပရာဇာကျဆုံးရပုံကို သံတော်ဦးတင်ရန်အတွက် ရာဇဓါတုကလျာ လှဖုရားအပါးသို့ အခစားရောက်ရှိခဲ့သည်။ ခမ်းနားထည်ဝါသော မင်္ဂလာခမ်းမဆောင်မှ၊ ထိပ်ခေါင်တည့ာ. . . . . ရာဇဓါတုကလျာအား စောင့်ဆိုင်း နေဆဲမှာ . . . . . .

ကျက်သရေဖြာတဲ့. . . . ရွှေကန့်လန့်ကာကြားက. . . . ရွှေကဗ္ဗလာအခင်းကို. . . . . . အသာအယာနင်းပြီး တစ်လှမ်းချင်းတစ်လှမ်းချင်း. . . . . ကြော့ကြော့ရှင်းရှင်း။ ညင်းညင်းသာသာ ထွက်လာတဲ့ အလှပဒေသာ . . . . . . ဓါတုကလျာ . . . . . . .။

ကိန္နရီ ၊မယ်ပပလှတယ်ဆိုတာ. . . . ကလျာမမိဖုရားကို မှီမှမှီပါ့မလား . . . . .၊

ခြေတစ်လှမ်း ကုဋေတစ်သန်းဆိုတာ အလှထိပ်ထား မမဖုရားအတွက် နည်းများနည်းနေမလား . . . .၊ အရွယ်နဲ့မှ. . . လှချင်တိုင်းလှ၊ယဉ်ချင်တိုင်းယဉ်. . . . နုချင်တိုင်းနု. . . လှသွေးဥတော့. . . . . . ရှုမြင်ရတဲ့နတ်သျှင်နောင် မျက်တောင်ပင်မခတ် . . . . အသက်ရှုမှားမတတ်. . . .။နတ်သမီးလှတယ်ဆိုတာ . . . . ရာဇဓါတုကလျာကို မတွေ့ရသေးလို့ပဲဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်တော့စင်း. . . . ကြော့ရှင်းတဲ့ကေသာ. . . . ဘယ်ရာဇာဘယ်အမျိုးက ဆင်းသက်လာတာများလဲ. . . . . ။နတ်ပြည်ခြောက်ထပ်မှ . . . . ဘုံကြီးပြတ်ကာ၊ လူ့ရပ်လူ့ပြည်ကို ကျဆင်းလာတာများလား. . . . ။

သက်တော်၃၃နှစ်ရှိနေပြီဖြစ်သော်လည်း. . ၊ ဖို့မြစ်နုနယ် လှသွေးကြွယ်၍ ချစ်ဖွယ်အဆင်းရှိသည့် ရာဇဒေါတုကလျာ . . . . ။အသားအရေ၏ ကောင်းခြင်းမှာလည်း. . . . ပြည့်ပြည့် တင်းတင်း၊ဝင်းဝင်းအိအိ မယိုရက်စရာ. . . . ။ ပြစ်မျိုးမဲ့မထင်. . . သဲလဲစင်သည့် ရာဇဒေါတုကလျာ၏အလှသည် သတ္တိထိပ်ခေါင် နတ်သျှင်နောင်အား ဖမ်းစားလိုက်ချေပြီ. . . . . ။

တဲ. . . . ဘာသာပြန်ကြမယ်. . . . .

- အိမ်ရှေ့ဥပရာဇာကျဆုံးရရှာသော စီးချင်းထိုးပွဲတွင် အနီးကပ်ပါဝင်ခဲ့သည့် မင်းသားနတ်သျှင်နောင်သည်. . ဥပရာဇာကျဆုံးရပုံကို သံတော်ဦးတင်ရန်အတွက်. . . ရာဇာဒေါတုကလျာ လှဖူရားအပါးသို့ အခစားဝင်ရောက်ခဲ့သည်။

| | | |
|---|---|---|
| ကျဆုံး | - | was killed; fell |
| | | (died သုံးလို့ရပေမယ့် killed က ပိုကောင်းတယ်) |
| စီးချင်းထိုးပွဲ | - | dule |
| | - | the fight on the elephant |
| အနီးကပ်ပါလာခဲ့ | - | closely participated (in) |
| | - | participated closely |
| | - | took part closely |
| သံတော်ဦးတင် | - | reported ; told |
| လှဖူရား | - | beautiful Princess |
| ခစားဝင်ရောက်ခဲ့ | - | came ; went to |
| | - | made a move to; was on the move to |

ကဲရေးမယ်. . . . .

- Natshinnaung, who participated closely in the fight on the elephants that Crown Prince U-payazar fell, made a move to yazadartukalya, beautiful princess, to report how U-payazar was killed.

စာကြောင်းရှည်တော့. . . construction ကိုမြင်အောင်ကြည့်. . . ။

ခမ်းနားထယ်ဝါလှသော မင်္ဂလာခန်းမဆောင်တော်မှ. . ထိပ်ခေါင်ကညာ. . ရာဇဒေါတုကလျာအား စောင့်ဆိုင်းနေဆဲမှာ. . .

www.burmeseclassic.com

| | | |
|---|---|---|
| ခန်းနားထယ်ဝါသော | • | splendid |
| မင်္ဂလာခန်းမဆောင် | • | auspicious hall |
| ထိပ်ခေါင်ကညာ | • | superior princess |
| စောင့်ဆိုင်းနေဆဲ | • | while waiting |

ကဲရေးပြီ. . . . . .

- In the splendid auspicious hall, while he was waiting for the superior princess Yazadartukalya.........

- ကျက်သရေဖျာတဲ့. . . . ရွှေကန့်လန့်ကာကြားက. . . ရွှေကဇ္ဇလာအခင်းကို. . အသာအယာနင်းပြီး. . . တစ်လှမ်းချင်း တစ်လှမ်းချင်း. . . ကြော့ကြော့. . . ရှင်းရှင်း. . . ညင်းညင်းသာသာ. . . ထွက်လာတဲ့ အလှအပ ပဒေသာ. . . ဓါတုကလျာ. . . . . .

ဒီတစ်ကြောင်းလုံးဟာ subject တစ်ခုပဲရှိသေးတယ်နော်. . . ။

| | | |
|---|---|---|
| ကျက်သရေဖျာတဲ့ | • | graceful / glorious |
| ရွှေကန့်လန့်ကာ | • | gold curtain |
| ရွှေကဇ္ဇလာအခင်း | • | golden carpet |
| အသာအယာနင်းပြီး | • | softly (gently) stepped / softly (gentely) walked |
| တစ်လှမ်းချင်တစ်လှမ်းချင်း | • | one step after another |
| | - | step after step |
| ကြော့ကြော့ရှင်းရှင်း | • | elegantly |
| ညင်းညင်းသာသာ | • | softly ; gently ; smoothly, |
| ထွက်လာ | • | came out / walked out / got out |
| အလှပဒေသာ | • | (be / being) beautiful in varieties |

ကဲရေးမယ်. . . .

ရှိသမျှအာရုံအားလုံးစိုက်ထားနော်၊ တစ်ခေါက်နဲ့တော့မရဘူး။ စကားလုံးတွေရဲ့ usage နဲ့ positions တွေကိုမြင်အောင်ကြည့်. . . ။

- It was Yazadartukalya, beautiful in varieties, who moved gentely and elegantly from behind the graceful golden curtains, smoothly walking out step after step on the golden carpet.

www.burmeseclassic.com



phrases တွေများတယ်နော်၊ သဘောပေါက်အောင်အထပ်ထပ်ကြည့်ပေးပါ။ adv.

နောက်တစ်ပိုဒ်. . . .

- ကိန္နရီ မယ်ပပလှတယ်ဆိုတာ. . . ကလျာမမဖုရားကို မှီမှမှီပါ့မလား. . . . .။

  ကိန္နရီ . keinnayi

  မှီ . within reach ; follow up

  မမှီ . out of reach ; beyond reach

-- The beauty of ***keinnayi*** and Mae Pa Pa could not follow up Yazadartukalya's, could it?

- ခြေလှမ်းကငွေတစ်သန်းဆိုတာ. . . လှထိပ်ထားမမဖုရားအတွက် နည်းများနည်းနေမလား. . .။

  ခြေတလှမ်းကငွေတစ်သန်း . one million billion (kyats) for one step

  လှထိပ်ထား . crown of beauty

ဒါကလွယ်တယ်. . . . . . တစ်ခါတည်းရေးလိုက်. . . . . .

- One million billionkyats for one step was not enough for Yazadartukalya, crown of beauty.

နောက်ထပ်တစ်ကြောင်း. . . .

- အရွယ်နဲ့မလိုက်. . . လှချင်းတိုင်းလှ၊ ယဉ်ချင်တိုင်းယဉ်. . နုချင်တိုင်းနု. . . လှသွေးဥတော့. . ရှုမြင်ရတဲ့နတ်သျှင်နောင်. . . . မျက်တောင်ပင်မခတ်. . . အသက်ရှူဖို့မတတ်. . . . . . .

  အရွယ်နဲ့မလိုက် . in spite of her age

  \- younger than she is

  လှချင်တိုင်းလှ . extremely beautiful

  ယဉ်ချင်တိုင်းယဉ် . extremely graceful

  နုချင်တိုင်းနု . extremely youthful

  လှသွေးဥ . lovable beauty

  မြင်ရသူ . who saw ; who enjoyed (her beauty)

  မျက်တောင်မခတ် . without blinking ; unblinkingly

www.burmeseclassic.com

www.burmeseclassic.com



ရေးမယ်. . . . .

- As she was extremely beautiful, youthful and with lovable beauty in spite of her age, Natshinnaung's breath, enjoying her beauty unblinkingly ,was almost taken away.

- နတ်သမီးလှတယ်ဆိုတာ. . ဓါတုကလျာကိုမတွေ့ရသေးလို့ပဲဖြစ်မယ်။
  နတ်သမီး - angel

ဒါလွယ်တယ်၊ရေးလိုက်. . .

If one says an angel is beautiful, it is sure that he has never seen Dartukalya.

နောက်တစ်ကြောင်း. . . .

- မျက်တောင်ကော့စင်း. . . ကြော့ရှင်းတဲ့ကေသာ. . ဘယ်ရာဇာဘယ်အမျိုးက ဆင်းသက်လာတာများလဲ. . . .။
  မျက်တောင်ကော့ - curved eyelash
  ကြော့ရှင်းတဲ့ကေသာ - elegant hair
  ဆင်းသက်လာ - drived from ; was born
- With curved eyelashes and elegant hair, what being was she born?

- နတ်ပြည်ခြောက်ထပ်မှ. . . ဘုံကြိုးပြတ်ကာ. . လူ့ရပ်လူ့ပြည်ကို ကျဆင်းလာတာများလား. . . .။
  နတ်ပြည်ခြောက်ထပ် - six abode of devas
  ဘုံကြိုးပြတ် - as an angle
  ( ကြိုးတွေပြတ်တောက်တာမဟုတ်ဘူး။ နတ်သမီးဖြစ်နဲ့ဆင်းသက်လာတာကိုပြောချင်တာ)
  လူ့ပြည်လူ့ရွာ - human world
- From the six abode of devas, did she fall as an angle to the human world?

- သက်တော်(၃၃)နှစ်ရှိနေပြီဖြစ်သော်လည်း. . ပျိုမြစ်နုနယ်. . လှသွေးကြွယ်၍. . . ချစ်စဖွယ်အဆင်းရှိသည့် ရာဇဓါတုကလျာ. . . .။
  သော်လည်း - despite
  ပျိုမြစ်နုနယ် - charming and youthful
  - charmingly youthful
  လှသွေးကြွယ် - (be) attractively beautiful
  ချစ်စဖွယ်အဆင်း - lovely appearance
  - lovely looks (look မှာ - s ထည့်ရမယ်)

www.burmeseclassic.com

www.burmeseclassic.com



ရေးကြည့်မယ်. . . . . .

- Yazadartukalya still charming, youthful and attractively beautiful with lovely looks despite 33 years of age.

ဒါ sentence မဖြစ်သေးဘူး၊ subject ပဲရှိသေးတယ်။

နောက်တစ်ကြောင်း . . .

အသားအရေ၏ ကောင်းခြင်းမှာလည်း . . ပြည့်ပြည့်တင်းတင်း ၊ ဝင်းဝင်းအိအိ မထိရက်စရာ . . . .

| | |
|---|---|
| အသားအရေ၏ကောင်းခြင်း | -goodness of (her) complexion |
| ပြည့်ပြည့်တင်းတင်း | -(be) full |
| ဝင်းဝင်းအိအိ | -delicate, fair and soft |
| မထိရက်စရာ | -dared not touch |

Goodness her complexion was full, delicate, fair and soft; no one dared touch it.

နောက်ဆုံးတစ်ကြောင်း. . .

ပြစ်မျိုးမဲ့မပြင်. . သဲသဲစင်သည့်. . ဓါတုကလျာ၏ အလှသည်. . သတ္တိထိပ်ခေါင် နတ်သျှင်နောင်အား ဖမ်းစားလိုက်လေပြီ. . .

Flawless and faultless beauty of Dartukalya arrestred fearless Natshinnaung.

(or)

Fearless Natshinnaugh was under the infulence of flawless and faultless beauty of Dartukalya.

ကဲ. . ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ပါ။ အပြည့်အစုံ သိချင်ရင်တော့ အဲဒီစာအုပ် ရှာဖတ်လိုက်. . .

နောက်ထွက်လာမယ့် စာအုပ်တွေကို စောင့်နော်. . . . .

အောင်ဟိန်းကျော် (learners)

o Translation No.1 ကို ၂၀၀၃ ခုနှစ်အကုန်တွင် ပရိသတ်လက်အရောက်ပေးပို့နိုင်ရန် ကြိုးစားပါမည်။

www.burmeseclassic.com